www.burmeseclassic.com

ရွှေစကား

# ကြယ်စင်မှူးဝေ

## လရိပ်ဖြာတဲ့ သစ်ပင်



BURMESE CLASSIC .com

graphic : mg kyaw oo

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ဝေနေကျသောတာဝန် ဖြစ်သည်။**

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com


# လရိပ်ဖြာတဲ့သစ်ပင်

## ကြယ်စင်မှူးဝေ

စာမူခွင့်ပြုချက်အမှတ်

၅၀၀၉၈၁၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၂၅၀၁၀၀၇

ထုတ်ဝေသူ

ဒေါ်ဘင်တင်အုန်း (စိန်သရဖူစာပေ)

အမှတ် (၆၆)၊ (၆) လမ်း၊ လမ်းမတော်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)

၁၀၆၊ တာမွေလမ်း၊

တာမွေမြို့နယ်။

ထုတ်ဝေခြင်း

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

အုပ်ရေ

၅၀၀

တန်ဖိုး

၁၀၀ ကျပ်

ရွှေစကားစာပေ

☎ 095006078


BURMESE CLASSIC .com

အခန်း (၁)

စိတ်ဖိစီးမှုတွေ များလို့လား . . .

အလုပ်တွေပဲ ပင်ပန်းလို့လား မသိ။

'မြင့်မှူး' တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေလိုက်တာ သုံးရက်လောက်ပင် ရှိခဲ့ပြီ။

ငယ်ငယ်တုန်းကတော့ မိဘနှစ်ပါးကို သူ နင်းနှိပ်ပေးခဲ့ဖူးပါရဲ့။ ယခု ကိုယ့်အလှည့်ကျတော့ ဘယ်ကလေးကို မုန့်ဖိုးပေးပြီး နင်းခိုင်း နှိပ်ခိုင်းရမှန်း မသိ။ လက်စွဲတော် တပည့်ဖြစ်သူ . . . အောင်နိုင်မိုးကို ခိုင်းရမှာလည်း သူ အားနာသည်။

သည်အကြောင်းတွေ ပြောပြသည့်အခါ အောင်နိုင်က [illegible]



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း . . . ခွက်ထိုးခွက်လန်ရယ်မောပြီး သူ့ကို 'အနှိပ်သည်' ခေါ်ပေးဖို့ စီစဉ်ပါတော့သည်။

"အောင်မယ် ဆရာရယ် . . . စောစောက ပြောပါတော့လား၊ ကျွန်တော်တို့ရပ်ကွက်ထဲမှာ အနှိပ်သည်တူဝရီး ရှိတယ်၊ ဆရာ အချိန် ပေးနိုင်တဲ့ အချိန်သာ ပြော . . . ကျွန်တော် စီစဉ်ပေးပါ့မယ်၊ တစ်ခု တော့ ရှိတယ်နော် ဆရာ . . . အဒေါ်ကို ခေါ်ပေးရမလား၊ တူမကို ခေါ်ပေးရမလား ဆိုတာလည်း တစ်ခါတည်းပြော၊ အဒေါ်က အနှိပ် ပိုကောင်းတယ်၊ ဒါပေမဲ့ တူမလေးက . . ."

"တော်စမ်းပါကွာ . . . ညောင်းလွန်းလို့ အနှိပ်ခံတာပဲ ဗာရာဏသီချဲ့နေရပြန်ပါပြီ၊ ညနေ လေးနာရီမှာ ငါ အချိန်နည်းနည်း ပေးနိုင်မယ်၊ အနှိပ်ခံချင်တယ်၊ မင်း စီစဉ်ပေး ...ဒါပဲ"

ထုံးစံအတိုင်း . . . မချိုမချဉ်မျက်နှာနှင့် အောင်နိုင်မိုး လျှာ တွေရှည်နေလျှင် မြင့်မှူးပိတ်ဟောက်ပစ်လိုက်သည်။ ဒါတောင် ကိုယ်တော်ချောက မရပ်သေး။ လူပုသလောက် တော်တော်လျှာရှည် သည့်ကောင်ပါပဲ။

"အလကားပါကွာ . . . ညောင်းလို့ အနှိပ်ခံတာထက် ဇိမ်ခံချင်တာက များပါတယ်၊ ငါတို့ငယ်ငယ်က ပခုက္ကူမှာ နေတုန်းကတော့ အမေတို့၊ အရီးတို့ လူကြီးတွေပဲ အနှိပ်ခံတာ





များကြပါတယ်၊ အရီးဆိုရင် လေဖြတ်ခံထားရတော့ နေ့တိုင်းလိုလို . . . အနှိပ်ခံရတယ်"

မြင့်မှူးပြောနေလျှင် အောင်နိုင်မိုးအသွင်က ပြုံးစေ့စေ့။ ဒီကောင် . . . ဒီလိုပဲ။ အသည်းယားစရာ။

"ဟေ့ကောင် . . . ဘာပြုံးတာလဲ"

"အဟဲ . . . ဘာမှမဟုတ်ပါဘူး ဆရာ၊ ဆရာက အပြော ကြီးလို့ပါ"

"ဘာကိုလဲ"

"ဩော် . . . အနှိပ်ခံတယ်ဆိုတာ ဇိမ်ခံတယ်ဆိုလို့ပါ၊ ဘာပဲ ဖြစ်ဖြစ် အညောင်းတော့ပြေသွားတာပဲ မဟုတ်လား ဆရာ၊ ဒါဖြင့် ညနေကျ ကျွန်တော် စီစဉ်လိုက်မယ်နော်"

"ကြီးကြီးကျယ်ကျယ်ကွာ . . . အနှိပ်သည်ခေါ်တာများ စီစဉ်လိုက်မလေး . . . ဘာလေးနဲ့"

"ညနေကျ တွေ့မှာပေါ့ ဆရာ၊ ဒီအနှိပ်သည် တူဝရီးက တော်တော်နှိပ်ရပါတယ်၊ ကတော်ကြီးတွေ၊ အဘွားကြီးတွေကို နှိပ် ပေးနေကျ"

စကားတွေများနေသည့် အောင်နိုင်မိုးကို ထားခဲ့ပြီး မြင့်မှူး ကားဖြင့် ထွက်ခဲ့သည်။ သည်နေ့ တိုက်ခန်းတစ်ခန်း အရောင်းအဝယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့ရှိသည်။

သူ့အလုပ်က တိုက်ခန်းတွေ ဝယ်၊ ရောင်း၊ ငှားသည်လေ။

❦

"အနိုပ်သည် ရောက်နေပြီ ဆရာ၊ ဘယ်လိုလဲ . . . ပြန်လွှတ်လိုက်ရမှာလား"

ဟန်းဖုန်းထဲမှာ ဝင်လာသည့် အောင်ခိုင်မိုး၏စကားကို ကြားရမှ မနက်က,ကိစ္စကို မြင့်မှူး သတိရသွား၏။ လောလောဆယ် သူရောက်နေတာ . . . မိတ်ဆွေများနှင့် Tea Shop တစ်ခုမှာ။ မိုးတွေကလည်း သဲသဲမဲမဲ။

"လာမယ် . . . လာမယ် . . . ခဏစောင့်ခိုင်းထား"

သူငယ်ချင်းများကို ကတိုက်ကရိုက် နှုတ်ဆက်ပြီး မြင့်မှူး အိမ်ပြန်ခဲ့လျှင် (၁၀) မိနစ်ပင်မကြာ။

တီ . . .

သူ့ကားဟွန်းသံ နှိပ်လျှင်နှိပ်ချင်း အောင်ခိုင်မိုး ခြံတံခါးလာ





ဖွင့်ပေးပြီး လူကို ဧည့်ခန်းသို့ ညွှန်ပြသည်။

"ဟင် . . ."

ရင်ဖုံးအင်္ကျီကြီးနှင့် ဘယ်လိုပင် ရုပ်ဖျက်ထားထား . . . မိုးရေများကြောင့် ပျက်လုလု သနပ်ခါးအောက်မှ ကောင်မလေးအသွင်က မြင်မြင်ချင်းပင် ထင်းခနဲနေအောင် ဝင်းဝင်းပပ။

တည်ကြည်သော်လည်း စိုးရွံ့သည့် မျက်ဝန်းများက သူမသည် အဘယ်မျှ ဖြူစင်သန့်ရှင်းကြောင်း ဖော်ပြနေခဲ့သည်။

"သူလား"

မယုံကြည်နိုင်သဖြင့် မြင့်မှူး ထပ်မေးလိုက်လျှင် အောင်ခိုင်မိုးက သူ့ကိုယ်သူ တကယ့်စစ်သူကြီးအသွင်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ဖြေဆိုသည်။

"ဟုတ်တယ် ဆရာ၊ ဘရဏီက . . . ကျွန်တော်တို့ရပ်ကွက်ထဲကပါ၊ ကျွန်တော်တို့အိမ်နဲ့လည်း နီးတယ်၊ ခါတိုင်းက သူ့အရီးနဲ့အတူ ရပ်ကွက်ထဲမှာပဲ လှည့်နှိပ်ရတာ များပါတယ်၊ အခုတော့ ကျွန်တော်နဲ့ရင်းနှီးလို့ လာနှိပ်ပေးတာပါ"

"သူ့အရီးရော"

"လေဖြတ်ထားတဲ့သူနှစ်ယောက်ကို . . . နေ့တိုင်း တာဝန်ယူနှိပ်ပေးရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



အနှိပ်သည် ကောင်မလေးကိုကြည့်ပြီး မြင့်မှူးရင်မှာ တစ်စုံတစ်ခုကို စိုးရိမ်လာသဖြင့် မေးလိုက်လျှင် . . . သူမကပင် အသံတိုးတိုးနှင့် ဖြေဆိုခဲ့သည်။

ဘာကြောင့် မသိ . . .ကားနှင့်လာခဲ့ရသည့်ခရီးကိုပင် မိုင်ပေါင်းတစ်ရာလောက် ခြေကျင်လျှောက်လာခဲ့ရသည့်အလား . . . သူ့မှာ ခြေကုန်လက်ပန်းကျသွားခဲ့ရ၏။

ဆိုဖာပေါ်သို့ သူ . . . ထိုင်ချလိုက်လျှင် . . . ကောင်မလေးက အလန့်တကြား ထိုင်နေရာမှ ထရပ်လေ၏။

ဘာကို . . . လန့်နေသလဲ . . . ကောင်မလေးရယ်။

ဒါနဲ့များ . . . အနှိပ်သည် . . . တဲ့။ ဒီလိုပဲ အိမ်တွေကို လိုက်နှိပ်သလား။

“အောင်နိုင်မိုး . . . ကော်ဖီသွားဖျော်”

“ဟုတ်ကဲ့ . . . ဆရာ”

သူ့ညွှန်ကြားချက်အရ . . . အောင်နိုင်မိုး မီးဖိုခန်းသို့ ဝင်သွားခဲ့လျှင် မြင့်မှူး . . . မတ်တတ်ရပ်နေသည့် ကောင်မလေးကို . . . မျက်မှောင်ကြုတ်ကြည့်နေမိသည်။

ရှေးခေတ်က အဘွားကြီးရင်ဖုံးအကျီမျိုးနှင့် ပါတိတ်လုံချည်အညိုရင့်က သူမကိုယ်ပေါ်မှာ ဖိုသီဖတ်သီ။





သို့နှင့်ပင် လုပဖွံ့ဖြိုးသည့် ကိုယ်နေဟန်က တစ်ဝက်တချို့ လှစ်ဟလျက်။

ဒါ . . . တမင် ရုပ်ဖျက်ထားတာပါပဲ။ ဘာကြောင့်လဲ။ ဘာအကြောင်းတွေ ရှိလို့လဲ။ သူမသည် ရောမခေတ်က ကျောက်ဆစ်ရုပ်နှယ်။

ဖြူစင်ဝင်းပသည့် အသားအရေက . . . နေဒဏ်၊ လေဒဏ်ကြောင့် ကြေးနီရောင်ခပ်စွက်စွက်။

သို့သော် . . . ဒါဟာပဲ ဆေးသားတင်ထားသည့် ပန်းချီကားတစ်ချပ်သဖွယ်။

မျက်နှာကျနှင့် မျက်လုံး၊ မျက်ဖန်၊ နှာတံ၊ နှုတ်ခမ်းတို့ကလည်း လင်းလင်းလက်လက် ထူးထူးခြားခြား။

နေစမ်းပါဦး . . . ညောင်းလွန်းလို့ အနှိပ်ခံမည့်သူကလည်း အနှိပ်ခံဖို့ မစဉ်းစားဘဲ အနှိပ်သည်ကို ဘာလို့ ဒီလောက်စဉ်းစား၊ စေ့ငုနေရတာတဲ့လဲ။

သို့သော် . . . မြင့်မှူးဆိုတာ . . . ဘဝကို . . . ခြတစ်ကောင်လို . . . တစ်စချင်း တည်ဆောက်လာခဲ့သူမို့ လူကိုလူလို မြင်တတ်သည်။ လူသားချင်း စာနာတတ်ပါသည်။

သူက ကောင်မလေးကို တရားခံတစ်ယောက်လို အတန်



www.burmeseclassic.com

www.burmeseclassic.com



ကြာ မျက်မှောင်ကြုတ်ကြည့်နေခဲ့လျှင် သူမက မျက်လွှာချလျက်။ ဒူးတွေ၊ ခြေတွေ မနိုင်တော့သည့်နှယ်မို့ သူ . . . ကောင်မလေးကို ထိုင်ခိုင်းရသည်။

"ထိုင် . . . မင်းနာမည်ပြော"

"ဘရဏီ . . . ပါ"

သူမ၏အသံက တိုးတိုးရှရှ။ လူကို မကြည့်။ ရှက်ကိုးရှက်ကန်းပုံစံလည်း မဟုတ်ချေ။ ကြောက်ရွံ့နေပေမယ့် သူမပုံစံက မခုန်မဖြစ် ခုန်ချလိုက်တော့မည့် လေထီးစစ်သမီးတစ်ယောက်နှယ်။

"နာမည်ကတော့ အပျံစားပဲ၊ မင်းမှာ မိဘတွေ ရှိသလား"

သူ့မေးခွန်းက မခက်ခဲပေမယ့် သူမ . . . ပြန်မဖြေဆိုပါချေ။ သည်စဉ် . . . အောင်နိုင်မိုး လင်ပန်းတစ်ချပ်နှင့် ထွက်လာခဲ့သည်။ ကော်ဖီတစ်ကရားနှင့် မုန့်များပါသည့်လင်ပန်းကို စားပွဲပေါ်သို့ ထိုးတင်ပြီးလျှင် သည်စကားဝိုင်းမှာ ပါဝင်ဖို့ ပြင်၏။

သို့သော် . . . ကောင်မလေးက ဟန့်တားလိုက်သည်။

"အောင်နိုင်မိုး"

အံ့သြစရာ။ စကားများလှသည့် အောင်နိုင်မိုးသည် သူမက တစ်ခွန်းဟန့်လိုက်သည်နှင့် ငြိမ်သက်ကျသွားလေပုံမှာ ထူးထူးခြားခြား။ ပြီးလျှင် ဟိုလိုလို သည်လိုလိုနှင့် မီးဖိုဘက်သို့ ပြန်လစ်သွားပါ





လေတော့၏။

"လိုရင် ခေါ်ပါ ဆရာ၊ ကျွန်တော် အလုပ်တွေမပြီးသေးဘူး"

အောင်နိုင်မိုး ပျောက်သွားလျှင် သူ . . . ဘရဏီကို ကော်ဖီတစ်ခွက် ငှဲ့ပေးခဲ့သည်။

"အဝေးကြီးက လာခဲ့ရတာပဲ၊ သောက်လိုက်ဦး"

"နေပါစေရှင် . . . လူကြီးမင်းပဲ သုံးဆောင်ပါ၊ ပြီးရင် . . . ကျွန်မတို့ နိုပ်ကြရအောင်"

"ဘယ်မှာနှိပ်မလဲ"

"ဒီ ဆိုဖာအရှည်ပေါ်မှာပဲ လှဲလိုက်ပါ၊ ကျွန်မ နှိပ်ပေးပါ့မယ်"

သူမ၏တည်ကြည်သောဟန်နှင့် တည်ကြည်သောအသံကြောင့် မြင့်မှူးအနည်းငယ် ကျေနပ်သွားမိ၏။

"ကော်ဖီနဲ့မုန့် စားလိုက်ဦး . . . မင်း ဆာနေလိမ့်မယ်"

သူ ထပ်မံတိုက်တွန်းမှ . . . သူမ ကော်ဖီသောက်ဖော်ရ၏။

သူမကိုကြည့်ပြီး . . . မြင့်မှူးစိတ်ထဲမှာ သိချင်စိတ်တွေက တဖွားဖွား။

ဒီဖြစ်ရပ်ဟာ . . . တစ်ခုခု ထူးခြားနေသည်ဟုလည်း ခံစားနေမိသည်။ သို့သော် . . . ကောင်မလေးအသွင်က ဘာမှ ကား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းမျှ ထပ်မံပြောချင်ပုံမရပါချေ။ ကော်ဖီသောက်ပြီးလျှင် သူ့အလုပ် စတင်ဖို့သာ ကြိုးစားလေ၏။

"လူကြီးမင်း . . . ဒီဆိုဖာပေါ်မှာ လှဲလိုက်ပါ"

"နေဦး . . . ဇက်ကြောတွေ အရင်နှိပ်ပေး၊ ငါ . . . ထိုင်ပေးမယ်"

သူ စတင်ခွင့်ပြုလျှင် သူမက . . . သူမ၏အိတ်ကလေးထဲမှ လိမ်းဆေးဘူးကို ထုတ်ယူပြီး သူ့ပခုံးများကို အနည်းငယ်လိမ်းသည်။ ပြီးလျှင် စတင်နှိပ်ပေးပါလေတော့သည်။

"အလို"

တကယ်ပါပဲ။ သူမသည် မတတ်ဘဲနှင့် နှိပ်နေတာ မဟုတ်ပါ။ လူပြိန်းတွေလို လျှောက်ပြီး ဟိုဖျစ်သည်ဖျစ် . . . ဖျစ်နေတာမျိုး မဟုတ်ပါ။ သူမ၏လက်ချောင်းလေးများမှာ သန်သန်မာမာ။

သိုင်းစာအုပ်အတွဲတွေထဲကလို . . . သူမဟာ အကြောပညာရှင်လား . . . အရိုးပညာရှင်လား . . . တစ်ခုခုပဲ။

"မင်း . . . ဒီပညာကို ဘယ်က တတ်တာလဲ"

"ကျေးဇူးပြုပြီး . . . အနှိပ်ခံနေတုန်း စကားမပြောပါနဲ့ရှင်"

"အမယ် . . . ဒါတော့ ဘယ်ရမလဲ၊ ဒီအတိုင်းကြီး . . . စကားမပြောရဘူးဆိုရင် . . . ငါ . . . အိပ်ပျော်သွားမှာပေါ့"





"ရပါတယ် . . . အိပ်ချင်အိပ်ပါ၊ ကျွန်မ . . . နှိပ်လို့ရပါတယ်"

သူမ၏ဥပဒေက အထူးအဆန်း။ သူမကလည်း ထူးထူးဆန်းဆန်း။ မရှိဆင်းရဲလို့ နှိပ်စားနေရပေမယ့် အိမ်ကြီးရှင်ကိုများ အမိန့်တွေထုတ်လို့။

မြင့်မှူး မကျေမနပ် ဖြစ်ရသည်။ မကြားဖူးပါဘူး . . . အနှိပ်ခံနေတုန်း စကားမပြောရဘူးလို့ပဲ။

တကယ်ကျ . . . မြင့်မှူးဆိုတာလည်း ယခုအချိန်မှာ အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး။ တော်ရုံတန်ရုံမိန်းကလေးတွေနှင့် စကားလက်ဆုံကျမနေဖြစ်အားပါ။

ယခုကတော့ . . . သူလည်း စိတ်ရောလူရော အနားယူပြီး အနှိပ်ခံနေချိန်မို့ပါ။ ပြီး . . . ကောင်မလေး၏အသွင်သဏ္ဍာန်ကလည်း စိတ်ဝင်စားစရာ။ သို့သော် . . . မြင့်မှူး မာနကြီးပစ်လိုက်ပါသည်။ ကြီးကျယ်နေသည့် အနှိပ်သည် ကောင်မလေးအား စကားမပြောတော့။ သိချင်တာရှိလည်း အောင်နိုင်မိုးကိုပဲ မေးတော့မည်။

မျက်စိကိုမှိတ်ပြီး . . . မြင့်မှူး အနှိပ်ခံနေမိ၏။ သူ့ဇက်ကြောတွေ၊ ပခုံးကြောတွေ . . . တော်တော်ပျော့ပျောင်းလာပြီး နေသာထိုင်သာရှိလာတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . နှိပ်ခတော့ ကောင်းကောင်းပေးမှပဲ။

သူ မျက်စိမှိတ်ပြီး အနှိပ်ခံနေစဉ် . . . နားထဲမှာ အောင်နိုင်မိုး၏ ခြေသံကြားရသဖြင့် မျက်စိဖွင့်ကြည့်လျှင် ခွေးခြေပုလေးတစ်လုံး လာပေးသည်ကို တွေ့ရ၏။

ဟုတ်သားပဲ . . . အကြာကြီး မတ်တတ်ရပ် နှိပ်နေရတာ ခင်မျာ ညောင်းမှာပေါ့။ သို့သော် . . . အောင်နိုင်မိုး အဖြစ်သည်းနေသည်ဟု . . . မြင့်မှူး မထဲင်စဖူး ထင်မိသည်။

"ဆောရီးကွာ . . . မင်း ညောင်းမှာပေါ့၊ ခါတိုင်းရော သူများတွေကို ဘယ်လိုနှိပ်ပေးရလဲ"

"ကြမ်းပေါ်မှာဖြစ်ဖြစ် . . . ဖျာခင်းပြီး . . . နင်းနှိပ်ပေးရပါတယ်ရှင့်"

"မင်းအလုပ်ကြီးကလည်း အောက်ကျလိုက်တာ . . . တခြားအလုပ်တွေ ပြည့်လို့ပါ၊ ကြုံကြုံဖန်ဖန် . . . အနှိပ်သည် လုပ်ရတယ်လို့ပဲ၊ လက်မညောင်းဘူးလား"

ကောင်မလေးထံမှ စကားပြန်မရ။ လက်နှစ်ဖက်ကသာ ကျွမ်းကျင်သည့်အနှိပ်သည်တစ်ယောက်လို သူ့ပခုံးများကို နှိပ်နယ်ပေးနေခဲ့သည်။

"တခြားအလုပ် လုပ်ချင်ရင်ပြော . . . ကိုယ်ရှာပေးနိုင်တယ်"





စကားမပြောတတ်သည့်သူလို . . . သူမထံမှ ဘာအသံမျှ ထွက်မလာခဲ့လျှင် မြင့်မှူး လက်လျှော့လိုက်သည်။

တစ်နာရီကြာမျှ ရှိလျှင် . . . သူ ဆိုဖာပေါ်မှာ လဲလျောင်းလိုက်ပြန်သည်။ တစ်ကိုယ်လုံး နှိပ်ပေတော့။

သူ့စိတ်ထဲမှာ အားနာနေပေမယ့် . . . တစ်ကိုယ်လုံး အညောင်းအညာတွေ ပြေကုန်တာတော့ ဝန်ခံရပါသည်။ မကြာမီ . . . သူအိပ်ပျော်သွားခဲ့သည်။

"ဆရာ . . . ဆရာ"

မည်မျှကြာအောင် . . . သူ အိပ်ပျော်သွားမိသည်မသိ။ နားထဲမှာ အောင်နိုင်မိုး၏အသံကြောင့် မြင့်မှူးလန့်နိုးသွားရသည်။

အလုပ်တွေ၊ စိတ်တွေ ဖိစီးနေတာ၊ အနားမယူရတာ ကြာပြီမဟုတ်လား။ ယခုလို . . . စိတ်လွတ်ကိုယ်လွတ် အိပ်ပျော်သွားရတာ ဘယ်လောက်ကောင်းလိုက်သလဲ။

"ဘရဏီ အိမ်ပြန်ရဦးမယ် ဆရာ၊ နောက်တစ်နေ့ ဆက်နှိပ်ချင်နှိပ်ပါ"

သူ့ရှေ့မှာ ယခုတိုင် နှိပ်ပေးနေဆဲ ကောင်မလေးကိုကြည့်ပြီး မြင့်မှူး . . . တော်တော်သနားသွားမိသည်။ နာရီကြည့်လိုက်တော့ (၇) နာရီ။ အို . . . (၄) နာရီခွဲလောက်ကစပြီး နှိပ်ပေးနေရတာ။



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီးပါလား။ သူ . . အားတုံ့အားနာဖြင့်ပင် ထထိုင်လိုက်သည်။

"ဆောရီးကွာ . . . ဒီအနှိပ်သည်က တော်တော်ဖွဲ့ကောင်း၊ တာပဲ၊ အနှိပ်လည်း ကောင်းပါတယ်၊ နောက် တစ်ပတ်တစ်ခါဖြစ်ဖြစ်၊ ကိုယ်အားတဲ့အခါဖြစ်ဖြစ် အနှိပ်ခိုင်းရတော့မှာပဲ၊ ကဲ . . . ဘယ်လောက်ပေးရမလဲ . . . ပြော"

အတက်ချိကေ့(စ) ကို လှမ်းယူဖွင့်ရင်း . . . သူမေးလျှင် ကောင်မလေးက . . .သူ့ထုံးစံအတိုင်း အသံခပ်တိုးတိုးဖြင့် ဖြေသည်။

"လူကြီးမင်း တတ်နိုင်သလောက်ပဲ ပေးပါ"

သူမ၏စကားက အဆန်းပါလား။ တတ်နိုင်သလောက်ပဲ ပေးပါ . . . တဲ့။

သူ ငယ်ငယ်က ရထားစီးလျှင် . . . ရေသည်လေးများလိုပါလား။ 'ရေကုသိုလ် . . . ရေကုသိုလ်' ဆိုသည့်ရေသည်လေးတွေ။ ယခုတော့ ရေသန့်ဘူးခေတ်ရောက်သည်နှင့် ရေသည်လေးတွေတောင် ပ,ပျောက်ကုန်ပြီလား။

"ဟ . . ကိုယ်ကတော့ တတ်နိုင်တာပေါ့၊ အများကြီး တတ်နိုင်တာပေါ့၊ မင်း ခါတိုင်းယူတဲ့နှုန်းကို မေးတာလေ၊ ဥပမာ . . . တစ်နာရီကို ဘယ်လောက်၊ တစ်ယောက်ကို ဘယ်လောက် . . .ပေါ့"

သူ့စကားကို . . . အောင်နိုင်မိုးကလည်း ဝင်ရောက်ဖြည့်





စွက်ပါလေ၏။

"အေးလေ . . . နင် ခါတိုင်း ဘယ်လောက်ရလဲ၊ ဥပမာ . . တစ်ယောက်ကို နှစ်ထောင်လား . . . တစ်ထောင်လား"

သူတို့ဆရာတပည့်နှစ်ယောက် ရှင်းပြမှ . . . မရွှေချောက ခပ်တိုးတိုးပြောသည်။

"သူတို့ စေတနာရှိသလောက် ပေးကြတာပါပဲ၊ တစ်ခါတလေ . . . တစ်ထောင်၊ တစ်ခါတလေ . . . ငါးရာ"

"ဟင် . . . ဒီလောက်အကြာကြီး နှိပ်ရပြီး . . . ဒီလောက်ကလေးပဲ ပေးရသလား၊ ဒါဖြင့် တခြားအလုပ် ပြောင်းလုပ်ပါလား၊ မင်းအလုပ်က ပင်ပန်းလိုက်တာကွာ"

သူ . . . ရင်ထုမနာ ပြောမိလျှင် ထုံးစံအတိုင်း ကောင်မလေးက ဘာမျှပြန်မဖြေပါချေ။

ထုံထိုင်းအေးစက်တတ်တာ . . . လူတွေကို မယုံကြည်တော့တာလား။

အသံတိတ်နေပေမယ့် . . . သူမရဲ့မျက်ဝန်းရိပ်မှာ မျက်ရည်ကြည်တွေ ဝေ့နေတတ်တာ မြင့်မှူး မြင်နေရသားပဲ။

အသံမထွက်တတ်တော့တာ . . . လူတွေ၏ကရုဏာတရားကို မရရှိ၊ မယုံကြည်လို့ပဲ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ . . . တခြားအလုပ်တစ်ခုခု လုပ်မလား . . လူ တစ်ယောက်မှ ငါးရာ၊ တစ်ထောင်၊ တစ်နေ့မှ ငါးရာ . . . တစ်ထောင် . . . ဟုတ်လား"

သည်တစ်ခါတော့ သူမ . . . စကားပြန်ပြောပါသည်။

"တစ်ယောက်မှ တစ်ထောင်၊ ငါးရာ ဆိုပေမယ့် တစ်နေ့ကို သုံးထောင်လောက်တော့ အနည်းဆုံး ရတတ်ပါတယ်"

"ဒါဆို . . တစ်လကို တစ်သိန်းလောက်ပေါ့ . . . ဟုတ်လား"

"ဟုတ်ကဲ့"

"မင်း ဝင်ငွေကလည်း မဆိုးပါလား၊ ဒါပေမဲ့ ဒီလောက် ပိုက်ဆံရအောင် ဘာလို့ရှာနေရတာလဲ၊ မင်းမှာ ကျွေးရမယ့်သားတွေ၊ သမီးတွေ ရှိလို့လား"

မြင့်မှူး တမင်ပြောပစ်လျှင် ဘရဏ်ဳထံမှ . . . ဘာ စကား သံမျှ ထွက်မလာပါတော့ချေ။

"ကဲ . . . ရော့ . . . နောက်လည်း ကိုယ် ညောင်းညာကိုက်ခဲ ရင် မင်းကို ခေါ်ရမှာပဲ၊ အခုရော . . . ပြန်ရတာ အဆင်ပြေရဲ့လား၊ ကားနဲ့ ပို့ပေးရမလား၊ မင်းကလည်း 'ရှယ်' အနှိပ်သည် ဆိုတော့လေ"

တစ်ထောင်တန် ငါးရွက်ကိုလှမ်းပေးရင်း မြင့်မှူး ဖော်ရွေစွာ စကားပြောဖြစ်သည်မှာ . . . သူမဟာ လူ့အောက်တန်းလွှာက





သနားစရာ ကောင်မလေးမို့ပါပဲ။ လူသားချင်း စာနာလို့ပါပဲ။ သို့သော် ကောင်မလေးက သူ့ပိုက်ဆံများကို အကုန်မယူခဲ့ပါချေ။

"လူကြီးမင်းပေးတာ များလွန်းပါတယ်၊ ကျွန်မကို သူများ တွေ အဲဒီလောက် မပေးပါဘူး၊ တစ်ထောင်လောက်ဆို တော်ပါပြီ"

သူမသည် လောဘမကြီးတတ်ပါလား။ မြင့်မှူး တော်တော် အံ့သြသွားမိသည်။

"ဟာ . . . မများပါဘူး . . . ယူပါ၊ အမေရိကန်တို့ ဘာတို့ မှာဆိုရင် တစ်နာရီကို ဒေါ်လာ ငါးဆယ်၊ ခြောက်ဆယ် ပေးရတာ၊ မြန်မာငွေနဲ့ဆို အများကြီးပဲလေ၊ မင်း နှိပ်ပေးနေရတာ သုံးနာရီနီးပါး ကြီးပဲ . . . ယူပါ၊ တန်ပါတယ် . . . ခါတိုင်း . . . လူကြီးမင်းတွေက ဒီလောက် တစ်ခါမှ မပေးဘူးလား"

"ကျွန်မ နှိပ်ပေးရတာ . . . အန်တီကြီးတွေ များပါတယ်"

"တော်သေးတာပေါ့ . . . အေးလေ . . . မိန်းမတွေကတော့ အများစုက ကပ်စေးနဲ့တတ်ကြတာပဲ၊ ကဲပါ . . . ကိုယ်စိတ်ကောင်း အောင် ယူလိုက်ပါ၊ အောင်ခိုင်မိုးရေ . . . ဘရဏ်ဳကို ကားနဲ့လိုက်ပို့ ပေးလိုက်ပါ"

သူ အတန်တန်ပေးမှ . . ကောင်မလေးက ယူဖော်ရသည်။ သို့သော် ကားနှင့်ပို့မည့်ကိစ္စကိုမူ သူမ . . . ငြင်းပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ . . . မြို့ပတ်နဲ့ ပြန်ပို့မယ်၊ နီးနီးလေးပါ . . . ရပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင့်"

မည်မျှပင်ပြောပြော . . . သူ့အိတ်ကလေးကိုယူကာ ညင်သာစွာ ထွက်သွားပုံမှာ . . . လေပြည်ညင်းတစ်ခုနှယ်။

သူမဟာ . . . သူ့အတွက် ပဟေဠိတစ်ခုပါပဲ။

သူမဟာ . . . လူ့အောက်ဆုံးအလွှာက မိန်းကလေးဖြစ်ပေမယ့် ဘာတွေက အထက်တန်းကျနေ၊ အဆင့်အတန်းမြင့်နေမှန်းလည်း မသိ။

အတန်ကြာသည်အထိ . . . ဆိုဖာပေါ်မှာ လဲလျောင်းနေမိပြီးမှ မြင့်မှူး ရေချိုးခန်းသို့ ဝင်ဖြစ်သည်။

ညကျရင်တော့ လက်စွဲတော်တပည့်ကြီးထံမှာ ဘရဏီအကြောင်း မေးမိတော့ပေမည်။

၀

## အခန်း (၂)

"ဘရဏီဘဝက တော်တော်အဖြစ်ဆိုးပါတယ် ဆရာရယ်၊ သူ့အကြောင်းတွေးမိရင်၊ သူ့ကိုမြင်ရရင် ကျွန်တော် ရင်နာတယ်"

ညစကားဝိုင်းမှာ ဘရဏီအကြောင်း ပြောဖြစ်ကြလျှင် အောင်ခိုင်မိုးအသွင်က ဆွေးဆွေးငေးငေး ရှိလှသည်။ မြင့်မှူး မျက်ခုံးပင့်ကြည့်လိုက်လျှင် . . . အရပ်ခပ်ပြတ်ပြတ်၊ ဆံပင်ကောက်ကောက်၊ နှာတံပေါ်ပေါ်၊ မျက်လုံး၊ မျက်ဖန်ကောင်းကောင်းနှင့် လူငယ်လေးတစ်ယောက်ကို မြင်နေရသည်။

အောင်ခိုင်မိုးနှင့် ဘရဏီဟာ ရွယ်တူလောက်ပဲ။ သူများ . . . ချစ်နေသလား။



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ကျွန်တော် ကျောင်းအတူနေဖူးပါတယ်၊ စာလည်းတော်ခဲ့တယ်၊ လေ့လှော်ရင်း တက်ကျိုးဆိုတာကမှ နားခံသာပါသေးတယ်၊ သူ့အဖြစ်က ပင်လယ်ပြင်မှာ လှေနစ်ခြမ်း ကွဲထွက်သွားတဲ့အဖြစ်ပါ"

"မင်းစကားတွေကလည်း . . . ငါနားမလည်တော့ဘူး၊ ရှင်းရှင်းပြောစမ်း၊ ပဟေဠိ လုပ်မနေစမ်းနဲ့၊ ဘာလဲ . . . ဘရဏီကို"

"ဒီလိုပါဆရာ . . . သူ့မိဘတွေက အရောင်းအဝယ်လုပ်ကြပါတယ်၊ အောက်ဘက်က ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေသွားဝယ်ပြီး ဒီရန်ကုန်မှာ ပြန်ရောင်းကြပါတယ်၊ တစ်နေ့တော့ သူ့မိဘနှစ်ပါးစလုံး လှေနစ်တယ်ဆိုပြီး . . ."

"ဟင်"

အောင်ခိုင်မိုးစကားကြောင့် မြင့်မှူးရင်ထဲ လန့်သွား ခံစားသွားရပါသည်။

"ဟုတ်တယ် ဆရာ . . . မိဘတွေလည်း ဆုံး၊ ရှိသမျှအရင်းအနှီးတွေလည်း ကုန်၊ အဲဒီတုန်းက ဘရဏီ . . . ရှစ်တန်း၊ သူ့အိမ်မှာလူကြီး မရှိဘူး၊ သူ့မောင်လေးနဲ့ ညီမလေးက ငါးတန်း၊ သူတို့ကိုလာပြီး စောင့်ရှောက်နေတဲ့ အရီးကလည်း ဘာမှလည်လည်ဝယ်ဝယ်မရှိ"

"ကြားရတာနဲ့တင် စိတ်ဆင်းရဲလှပါပြီကွာ၊ ဒါနဲ့ပဲ သူလည်း





အနှိပ်သည်ဖြစ်ရော့လား . . . ဒါပေမဲ့ သူ . . . ကျွမ်းကျွမ်းကျင်ကျင်နှိပ်တတ်ပါတယ်"

"ချက်ချင်းတော့ မဖြစ်သေးပါဘူး ဆရာ၊ ဒီလိုပဲ . . . တစ်နှစ်လောက်ကတော့ အိမ်မှာရှိတဲ့ပစ္စည်းလေးတွေ ချရောင်းစားကြတာပေါ့လေ၊ နောက်တော့ . . . သူ့အရီးက အရင် . . . သူတတ်တဲ့ပညာလေးနဲ့ ရပ်ကွက်ထဲမှာ အနှိပ်သည် အရင်စလုပ်တာ၊ နောက်မှဘရဏီပါ လိုက်ပြီးနှိပ်တယ်၊ ဒီခေတ်ကြီးထဲမှာ အရီးတစ်ယောက်လုပ်စာနဲ့ ဘယ်စားလောက်မလဲ ဆရာရယ်၊ တူဝရီးနှစ်ယောက်အလုပ်လုပ်မှ စားလောက်မှာပေါ့"

"ဒါဖြင့် သူလည်း ကျောင်းထွက်ရရောပေါ့ . . . ဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ကိုးတန်းနှစ်မှာ သူ ကျောင်းထွက်ရတယ်၊ အိမ်လေး ဘာလေးတောင် အပိုင်မရှိတော့ . . . အိမ်ငှားခ၊ စားစရိတ်၊ နောက် . . . ကလေးနှစ်ယောက်ရဲ့ ကျောင်းစရိတ်၊ အနှိပ်သည်လုပ်တာ ပိုက်ဆံတော့ အရသား . . . ဆရာ၊ သူတို့က လေဖြတ်တဲ့သူတွေ၊ အကြောတင် အကြောညပ်တဲ့သူတွေကိုပါ နှိပ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ . . . သဒ္ဓါကြေးပဲ ယူကြပါတယ်၊ တစ်ယောက်ကို ဘယ်နှစ်သောင်း၊ ဘယ်နှစ်ထောင်ဆိုပြီး တစ်ခါမှ မတောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

မြင့်မှူး . . . သက်ပြင်းရှည်ကြီးချပြီး ဆိုဖာနောက်မှီပေါ် မှီချလိုက်မိပါသည်။ ဘရဏီအကြောင်း ကြားရတာ ခေါင်းတွေတောင် ပြန်ကိုက်လာသည်။

ယခုနေ . . . သူအဖြစ်ချင်ဆုံးဆန္ဒကိုပြောပါဆိုလျှင် ဘရဏီကို . . . အမြင့်ဆုံး ထိုးတင်ပေးလိုက်ချင်တာပါပဲ။

အောင်နိုင်မိုးစကားတွေက သူ့နားထဲသို့ ဆက်ဝင်လာကြပြန်သည်။

"ကျွန်တော်နဲ့က အိမ်နီးချင်းတွေဆိုတော့ သူ့အကြောင်းတွေ အကုန်သိနေရတာပေါ့ ဆရာရယ်၊ သူ့မိဘတွေ ရှိတုန်းက သူတို့ တော်တော်အဆင့်အတန်းရှိရှိ နေရပါတယ်"

"သူ့မိဘတွေက ဘာပစ္စည်းမှမကျန်ခဲ့ဘူးလား၊ လှေ မှောက်တော့ ပစ္စည်းတွေ အကုန် . . . ကုန်ရောလား"

"အဲဒါတော့ မသိဘူး ဆရာ၊ ဘရဏီတို့မှာက . . . လူမမယ် တွေပဲ ကျန်ခဲ့တာလေ၊ သတင်းရောက်လာတော့လည်း . . . ဦးဆောင်ပြီး လိုက်ပေးမယ့် ဆွေမျိုးသားချင်းမရှိ၊ ဘာမရှိနဲ့ လည် စင်းပြီး ခံလိုက်ရတာပါ၊ တစ်ယောက်ယောက်က လုပ်ကြံတာတောင် ဖြစ်နိုင်ပါတယ်၊ မတော်တဆလိုလိုနဲ့လေ"





"ကြာပြီလား . . . အဲဒီအဖြစ်အပျက်တွေ"

"ကြာပြီဆရာ၊ အဲဒီတုန်းက သူ့မောင်လေးနဲ့ ညီမလေး ငါးတန်း၊ အခု . . . အဲဒီကလေးတွေ ဆေးတက္ကသိုလ်ရောက်ကုန်ကြပြီ"

"ဘာ . . . ဘယ်လို"

မြင့်မှူးမှာ အံ့သြပြီးရင်း အံ့သြရရင်းပါပဲ။

ကြံကြံဖန်ဖန် . . . အနှိပ်သည်လုပ်ပြီး မောင်နဲ့ညီမကို ဆေးတက္ကသိုလ်ထားသတဲ့။

"သူ့မောင်နဲ့ညီမက အမြွှာမောင်နှမပါ၊ အခု . . . ဆေး တက္ကသိုလ် ဒုတိယနှစ်တောင် ရောက်နေကြပါပြီဆိုတော့ ဘရဏီ ရုန်းကန်ခဲ့ရတာ ခုနစ်နှစ်ရှိခဲ့ပါပြီ ဆရာ"

"ဪ"

ဇာတ်လမ်းဆုံးသွားလျှင် မြင့်မှူး မောလျကျန်ခဲ့ရပါသည်။ ဘရဏီလေးရယ် . . . ဖြစ်မှဖြစ်ရလေ။

သို့သော် . . . ဘဝကိုရင်ဆိုင်အံတုပြီး ကျော်ဖြတ်နေပုံက တော့ လေးစားစဖွယ်။

ကြည့်စမ်း . . . သူ့အရွယ်လေးနဲ့များ . . . တာဝန်ကြီးကြီး ကို ထမ်းဆောင်နေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မှူးမှာ ဘရဏီအခြေအနေကို ယခုပင် သွားပြီးကြည့်လိုက်ချင်တော့သလို။

"ကလေးတွေကလည်း စာတော်တယ်နော်"

"ဟုတ်တယ် ဆရာ . . . တော်ကြတယ်၊ စာကို အရမ်းကြိုးစားတယ်၊ ဘရဏီတို့ တူဝရီးကလည်း . . . လိုအပ်သမျှ ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားကြပါတယ်"

"အင်း"

သူ . . . ဘာလုပ်ပေးရလျှင်ကောင်းမည်လဲ။ ဘရဏီ့စိတ်ဓာတ်ကတော့ မာသည်။ အလကား . . . ပံ့ပိုးလို့ရမည်မထင်။

မြင့်မှူး . . . ကိုယ့်ဘဝကိုယ် ပြန်လည်သုံးသပ်ကြည့်မိပြန်သည်။ အညာမှမိဘနှစ်ပါးနှင့် ညီ၊ ညီမများကို မြင်ယောင်လိုက်မိပါ၏။

သူ့အသက်လည်း သုံးဆယ်ကျော်ခဲ့ပြီ။ လူပျိုကြီးစာရင်းဝင်ပါ။

မိဘများ သင်ပေးသည့် ဘွဲ့တစ်ခုပိုက်ပြီး အမေရိကန်မှာ အလုပ်သွားလုပ်ခွင့် ရခဲ့သည်။ နောက် . . . မြန်မာပြည် ပြန်လာပြီး . . . သူငယ်ချင်းနှင့်အတူ လုပ်ငန်းတစ်ခု ဖွင့်ခဲ့သည်။ ယခုတော့ . သူ့ကိုယ်ပိုင်စီးပွားရေးအဖြစ်လည်း တိုက်ခန်း ဝယ်၊ ရောင်း၊ ငှား





တွေ လုပ်နိုင်ခဲ့ပြီ။

မိဘများကိုလည်း သူ . . . ပြန်ပြုစုပေးခဲ့ပြီ။ ဘရဏီ့ကို ဘယ်လိုကူညီပေးရမလဲ။ သန့်စင်သော စေတနာ၊ မေတ္တာတွေလား . . . ဒါဟာ။

ဘုရားရေ . . . အနှိပ်သည်လေးနှင့်တော့ ဘယ်မိဘမှ သဘောတူနိုင်မည် မထင်။

ခေါင်းတွေ မူးနောက်လာလျှင် . . . မြင့်မှူး . . . တီဗွီပင် ဆက်မကြည့်နိုင်ပါတော့။ အလုပ်တွေလည်း နောက်မှလုပ်တော့မည်။

"အောင်ခိုင်မိုးရေ . . . မင်းလည်း ဘရဏီ့ဆီမှာ အနှိပ်ပညာသင်ကွာ၊ ငါ . . . နေ့တိုင်း အနှိပ်ခံရအောင်"

သူ လှမ်းပြောလျှင် . . . အောင်ခိုင်မိုးထံမှ ရယ်သံထွက်လာခဲ့သည်။

"ကျွန်တော်ကတော့ တတ်မှာမဟုတ်ဘူး ဆရာ၊ ဘရဏီ့ကိုပဲ လခနဲ့ခေါ်ထားလိုက်ပါလား၊ တစ်လကို တစ်သိန်းလောက်ပေးရင် ရပါတယ်"

"မင်းအဘ . . . အနှိပ်သည်လစာက များလှချည်လား"

"ဒါတောင် . . . ခေါ်လို့ရမှာ မဟုတ်ဘူးနော်၊ ဆရာ . . .



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ စဉ်းစား . . . ကောင်မလေးက ဦးနှောက်ရှိတယ်၊ ကျော့ကွင်းမှန်သမျှ ရှောင်တတ်တယ်"

"အမယ် . . . မင်းစကားက ဘယ်လိုကြီးလဲ"

"ဟုတ်တယ်လေ ဆရာ၊ ဘရဏီက ချောတော့ . . . လပေးနဲ့ အနှိပ်သည်ခန့်ချင်တဲ့ ဘူဒါကြီးတွေ ရှိတာပေါ့၊ ဘရဏီကတော့ အားလုံးကိုရှောင်တယ်"

"သာဓုပါ . . . မောင်ရယ် . . . သာဓုပါ"

သူ့သာဓုသံအပေါ်မှာ အောင်ခိုင်မိုး၏ရယ်သံက လွှမ်းမိုးသွားခဲ့လျှင် မြင့်မှူး တွေးမိသည်။

အောင်ခိုင်မိုးဟာ . . . ပေါတောတောကောင်ပဲ။ ဘရဏီ ဇာတ်လမ်းကြောင့် သူ မပြုံးနိုင်သမျှ . . .ဒီကောင်ရယ်နိုင်တာ. . . ပေါတောတောမို့ပေါ့။

# အခန်း (၃)

ပြောင်းဖူးဖက်လိပ်ကြီးကို ထောင်းထောင်းထအောင် ဖွာရင်း . . . ခြေပစ်လက်ပစ်နားနေရှာသည့် အရီးမယ်ကြင်ကို ကြည့်ပြီး . . . ဘရဏီ သနားကရုဏာသက်နေမိသည်။

သူမတို့ငှားနေသည့် တိုက်ခန်းလေးထဲမှာ ဆေးကျောင်းသားနှစ်ယောက်ရှိနေတာ အဘယ်မျှ ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းလိုက်သလဲ။

စားပွဲ၊ ကုလားထိုင်တစ်စုံစီဖြင့် သူတို့နှစ်ယောက်အတွက် အခန်းနှစ်ခန်း နှုတ်လိုက်သည့်အခါ တိုက်ခန်းလေးမှာ ဧည့်ခန်းနှင့် ထမင်းချက်သည့်အခန်းပဲ ကျန်တော့သည်။ ထမင်းစားစားပွဲလေး



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားသည့်အခါ မီးဖိုခန်းထဲမှာပဲ ထမင်းစားလို့လည်း ရသွားသည်။

အရီးကြင်နှင့်ဘရဏီကတော့ ဧည့်ခန်းထဲမှာပဲ အိပ်ကြသည်။ ညမှာ အိပ်ရာလေးတွေခင်းလိုက်၊ မနက်ကျတော့ သိမ်းလိုက်နှင့် ဓာတ်သမတွေလိုပေါ့။

ဧည့်ခန်းထဲမှာရှိသည့် ဖိုက်ဘာထိုင်ခုံတွေကို ထောင့်တစ်ထောင့်မှာ စုကပ်လိုက်ပြီး ကြမ်းပြင်မှာ သင်ဖျူးခင်း၊ အိပ်ရာပြင်ပြီးလျှင် ဘရဏီ . . .အရီးကြင်ကို ခေါ်လိုက်ပါသည်။

အရီးကြင်ဟာ . . .သူမတို့ မောင်နှမတွေအတွက် တကယ့်မဟာရံတံတိုင်းကြီးပါပဲ။ အသက်ပေးပြီးတော့တောင် စောင့်ရှောက်မည့်သူ။

ဖေဖေနှင့်မေမေရှိစဉ်က လစာနှင့် ထမင်းချက်လုပ်ခဲ့သည့် အရီးကြင်သည် အဘယ်မျှ ကြင်နာတတ်ခဲ့ပါသလဲ။

ဉမမယ် စာမမြောက် . . .ကလေးသုံးယောက်ကို အနှိပ်သည်လုပ်ပြီး ရှာကျွေးခဲ့သည်။ ကြက်သားအုပ်မကြီးလို သူ့ရင်ခွင်ထဲမှာ စောင့်ရှောက်ခဲ့သည်။

ဒါဟာပဲ အရီးကြင်ရဲ့ တိမ်မြုပ်နေတဲ့ မိခင်စိတ်ဓာတ်။ အရီးကြင်သည် . . .အပျိုကြီး ဖြစ်သည်။





"တောမှာတော့ မောင်တွေ၊ ယောက်မတွေ ရှိပါတယ်လေ၊ ဒါပေမဲ့ အရီးကြင် . . .ဘရဏီနဲ့ပဲနေမယ်၊ ငါ့သမီးနဲ့ပဲ အရီးကြင်သေတစ်ပန် သက်တစ်ဆုံး နေသွားမယ်၊ ငါ့သမီး ကောင်းစားလည်း အရီးကောင်းစားမယ်၊ ငါ့သမီးဆင်းရဲလည်း အရီးပါ ဆင်းရဲလိုက်မယ်"

သည်အခါ ဆေးကျောင်းတက်နေပြီဖြစ်သည့် ရွှန်းသီရိနှင့် ရှိုးသီရိက ဝင်ရောက်နှောက်ပြောင်ကျီစယ်မြဲ။

"အရီးရယ် . . .ကျွန်တော့်ကပ်တာကမှ ဟုတ်ဦးမယ်၊ မမကပ်လို့ မမက ဘယ်လိုလုပ်ကောင်းစားမှာလဲ၊ အနှိပ်သည်က ဘုရင်ကတော် မဖြစ်ပါဘူးနော်၊ ဆရာဝန်နောက်လိုက်ပြီး ထမင်းချက်တာကမှ အရီး ကောင်းကောင်းစားရ၊ နေရဦးမယ်၊ မျက်နှာလည်း ပွင့်ဦးမယ်"

"ဟော့ . . .ဟော့ . . .ငါ့သမီးက စိတ်ကောင်းရှိတယ်၊ ဘယ်တော့မှ မဆင်းရဲဘူး မှတ်၊ နင်တို့လို . . .သာပေါင်းညာစားတွေ မဟုတ်ဘူး၊ စိတ်ဓာတ် မှန်တယ်၊ ငါကတော့ ငါ့သမီးဘရဏီနဲ့ပဲ တစ်သက်လုံး နေမယ်၊ ဘုရင်ကတော် မဖြစ် . . .ဖြစ်ဖြစ် . . .ငါတို့ တူဝရီး တစ်သက်လုံး အနှိပ်သည်လုပ်စားလို့ရတယ်"

"ရည်ရွယ်ချက်ကတော့ ကြီးပါပေ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်အငယ် ရှိုင်းသီရိ၏စကားများကို ကြားယောင်ရင်း ဘရဏီ ပြုံးနေမိစဉ် . . .အရီးကြင်အနားသို့ ရောက်လာခဲ့သည်။

"လာ . . .အရီး၊ ဒီဖျာပေါ်မှာ လှဲ၊ သမီး နင်းမယ်"

"အား . . .ကျွတ် . . .ကျွတ် . . .ကျွတ် . . .ငါ့သမီးလေး လည်း တစ်နေကုန်ပင်ပန်းနေရရှာတာ အားနာလှပါတယ်ကွယ်၊ လိမ္မာလှတဲ့ သမီးလေး . . .ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ဒီ . . . အနှိပ်သည်ဘဝက အမြန်ဆုံးလွတ်ကင်းပါစေကွယ်"

"အားမနာပါနဲ့ အရီးရယ် . . . ဘရဏီက ငယ်သူပါ၊ အရီး မှာသာ . . . အိုကြီးအိုမနဲ့ . . . ဘရဏီတို့ကို ရှာကျွေးနေရရှာတာ၊ ဟိုအငယ်နှစ်ယောက်ရဲ့ စရိတ်ကလည်း မနည်းဘူးမဟုတ်လား"

အရီးကို နင်းပေးရင်းနှင့် သူမတို့တူဝရီး စကားစမြည်ပြော ဖြစ်ကြသည်။ ဒီလိုပဲ . . .အိမ်၏အရေးကိစ္စမှန်သမျှ အရီးနှင့်ပဲ ဖြေ ရှင်းရ၊ ကြံဖန်ရသည် မဟုတ်ပါလား။

သွေးမတော် သားမစပ်ပေမယ့် အရီးသည်သာ ဘရဏီတို့ ၏ အားကိုးရာပါ။

"အေးကွယ် . . .ကလေးတွေကိုလည်း အသုံးအစွဲလျှော့ဖို့ ပြောဦးမှပါ၊ အငယ်မ ရှုန်းသီရိကလည်း ဝတ်ချင် စားချင် လှချင် လိုက်တာ၊ ကျောင်းစရိတ်တွေထက် . . .သူတို့ဝတ်စရိတ်၊ စားစရိတ်





က ပိုကြီးတယ်၊ အရီးမှာ ပြောချင်ပေမယ့် မပြောရဲဘူး၊ ပြောလည်း နားထောင်မယ့်သူတွေ မဟုတ်ဘူး"

ဟုတ်ပါသည် . . . အရီးသည် အိမ်မှာ ထမင်းချက်လုပ်လာ ခဲ့သူမို့ ရှုန်းနှင့်ရှိုင်း၏စိတ်ထဲမှာ လေးစားမှု မရှိ။ ကြောက်ရွံ့ရိုသေရ မှန်းလည်း မသိပါ။

အရီး၏ စေတနာ၊ မေတ္တာတွေကို တန်ဖိုးထားရမှန်း မသိ ပါ။ ဝင်ငွေကြွေးရှိလို့ လာရှာကျွေးနေရတယ်လို့များ သဘောထားနေ သလားပင် မသိ။ အရီးအတွက် စိတ်မကောင်းသဖြင့် ဘရဏီ သက်ပြင်းချမိပါသည်။

"သမီးပဲ ပြောပါ့မယ် အရီးရယ် . . . ရှုန်းကလည်း လှချင် တယ်ဆိုပေမယ့် ဆေးကျောင်းသူတစ်ယောက်အနေနဲ့ အဝတ်အစား ဆယ်စုံလောက်တော့ ရှိသင့်တာပဲမဟုတ်လား အရီးရယ်၊ ရှိုင်းက တော့ ထားပါတော့လေ . . . ယောကျ်ားလေးပဲ"

"အေးလေ . . . အရီးက သမီးကို သနားလို့ပြောတာပါ၊ တို့တူဝရီး ရှာစာနဲ့ မလောက်မှာစိုးလို့ ပြောတာပါ၊ ကလေးတွေကို သိပ်ပြီး အလိုမလိုက်ပါနဲ့ကွယ်၊ အင်း . . . ဒုက္ခ . . . ဒုက္ခ၊ သူတို့ကို ငယ်သေးတယ်လို့ မပြောနဲ့၊ သမီးဆို ငယ်ငယ်ကတည်းက သိတတ်တယ်၊ လိမ္မာတယ်၊ အနစ်နာခံတတ်တယ်၊ ရှင်းရှင်းပြောတာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီးကြောင့်သာ အရီး ဒီဒုက္ခတွေကို ကျခံနေတာ"

"သိပါတယ် အရီးရယ်၊ ဒီကျေးဇူးတွေကို သမီး ရင်နဲ့ခံစားနားလည်ပါတယ်၊ တစ်နေ့ ပြန်ဆပ်ခွင့်ကြုံပါစေလို့လည်း ဆုတောင်းမိပါတယ်"

"ကိစ္စမရှိပါဘူး သမီးရယ် . . . အရီး ကျေနပ်ပါတယ်"

အိမ်ရှေ့ဧည့်ခန်းထဲမှာ ခြင်ထောင်လေးတစ်လုံးထဲ အတူအိပ်ရင်း အရီးနှင့်ဘရဏီကတော့ နောက်နေ့ နောက်နေ့တွေအတွက် အစီအစဉ်များ ရေးဆွဲနေရသည်။

အခန်းတွေထဲမှာတော့ ရှိုင်းနှင့်ရွှန်းက စာကြည့်တုန်း။

ကလေးနှစ်ယောက်သည် ဘယ်လိုပဲဖြစ်ဖြစ် စာကိုတော့ကြိုးစားကြပါပေသည်။ တော်ပြီပေါ့။

ဖေဖေနှင့်မေမေ မွေးခဲ့သည့် သားသမီးသုံးယောက်ထဲမှ နှစ်ယောက်က လောကကြီးထဲမှာ ဆရာဝန်တွေအဖြစ် ပွဲလယ်တင့်မယ်ဆိုလျှင် မေမေတို့ ဂုဏ်ယူနေမှာပေါ့။

အရီးကတော့ အသက်ကြီးသူပီပီ မောမောပန်းပန်းနှင့် အိပ်ပျော်သွားရှာပေပြီ။

ဘရဏီ . . . စာဖတ်ရဦးမည်။ လောက၏ အသိအမြင်၊ ဗဟုသုတတွေရဖို့ စာဖတ်ရမည်။ ပညာပါရမီနည်းသူမို့ ကိုးတန်းနှင့်





ကျောင်းထွက်ခဲ့ရပေမယ့် လောကကြီးထဲမှ မကုန်ဆုံးနိုင်သည့် အသိအမြင်၊ ဗဟုသုတတွေရဖို့ သူမ စာဖတ်သည်။

စာအုပ်ဆိုင်မှ အန်တီကလည်း သူမရဲ့ နှိပ်နေကျ ဖောက်သည်မို့ ဘရဏီ ဖတ်ချင်သမျှ . . . ပါရမီဖြည့်သည့်အနေနှင့် . . . အလကားပေးဖတ်စမြဲ။

သည်နေ့ အပ္ပမာဒ . . . တစ်အုပ်နှင့် သိန်းဖေမြင့် တစ်အုပ်ပါလာသည်။ သိန်းဖေမြင့်ရဲ့ 'စစ်အတွင်း ခရီးသည်' ကို အရင်ဖတ်မည်။

သို့သော် . . . စစ်အတွင်း ခရီးသည်ရဲ့ စာမျက်နှာပေါ်မှာ အဘယ်ကြောင့် 'လူကြီးမင်း' ရဲ့ ရုပ်ပုံလွှာက ပေါ်နေရသည်မသိ။

"ဘရဏီရေ . . . ငါတို့ဆရာက အနှိပ်ခံချင်လို့ . . . တဲ့၊ သူက လက်လည်းဖွာပါတယ်၊ သဘောလည်း ကောင်းတယ်၊ ညနေလေးနာရီ ရောက်အောင်လာခဲ့ဟာ"

"အမယ် . . . ငါ နှိပ်နေကျအိမ် မဟုတ်ဘဲနဲ့ မလိုက်နိုင်ပါဘူး၊ အရီးလည်း မအားဘူး၊ ဟိုဘက်ရပ်ကွက်က လေဖြတ်ထားတဲ့နှစ်ယောက်နဲ့တင် ကိစ္စက ပြတ်နေပြီ"

အောင်ခိုင်မိုးဆိုတာ ဘရဏီနှင့် တစ်ရပ်ကွက်တည်းသားတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . သူမအပေါ်မှာ မောင်တစ်ယောက်နှယ် ကောင်းခဲ့သူ။

"ဒီလိုပြောလို့ မရဘူးလေဟာ၊ နင်နဲ့ငါက သူစိမ်းတွေမှ မဟုတ်ဘဲ၊ ပြီး . . .နင် အန္တရာယ်ဖြစ်မယ့် အလုပ်မျိုးဆို ငါက ခေါ် မတွဲ့လား၊ အခုက ငါ့ဆရာလည်း ငါ့ဆရာ၊ လူကောင်းလည်း လူကောင်းမို့"

"ငါက မိန်းမတွေကိုပဲ နှိပ်ချင်တာ၊ ယောကျ်ားဆို . . .အရီးပဲ နှိပ်ပေးတာ များတယ်လေ၊ ပြီး . . . ငါက အရီးနဲ့ပဲ . . . တွဲ တွဲ . . . လိုက်တာ"

တကယ်ပါ။ ဘရဏီဆိုတာ . . . အရီးနှင့်မှ ဆောက်တည်ရာ ရသူ။ ယခုလောလောဆယ်တော့ အရီး၏ဖောက်သည်အိမ်တစ်အိမ်မှာ အနှိပ်ခံချင်သူတွေက စုလာ။ စကားတပြောပြောနှင့်ပေါ့။ သူမတို့ တူဝရီးက နင်းပေး နှိပ်ပေးရသည်။

နောက် . . . လေဖြတ်သူ၊ အကြောတင်သူတွေ၊ အကြောညပ်သူတွေကိုလည်း လိုက်နှိပ်ပေးပါသည်။ ဘရဏီတစ်ယောက်တည်း လျှောက်မနှိပ်ဖူးပါ။ အရီးကလည်း စိတ်မချ။ ဘရဏီကိုယ်တိုင်လည်း မရဲ။

"အေးပါ . . . ဒါပေမဲ့ ဒီတစ်ခါကတော့ လာနှိပ်ပေးသင့်





တယ်၊ ငါ့မျက်နှာကို ထောက်ဦးလေ၊ အရီးမအားလည်း နင်တစ်ယောက်တည်း လာခဲ့၊ အပြန်ကျ . . . ငါလိုက်ပို့မယ်"

သည်လိုနှင့် 'လူကြီးမင်း' ကို သွားပြီး နှိပ်ပေးဖြစ်ခဲ့သည်။

သူဟာ . . . တကယ့်ကို လူကြီးလူကောင်းတစ်ယောက်ပါ။ သူ့ထံမှာ တည်ကြည်မှု၊ ရဲရင့်ပြတ်သားမှု၊ သနားစာနာမှုတို့ကိုပဲ တွေ့ရသည်။

သူများတကာတွေလို အနှိပ်သည်လေးရယ်လို့ ထိကပါး ရိကပါး မလုပ်။ နှိမ်ချပုတ်ခတ်မှုတွေ မရှိ။ တန်းတူရည်တူသာ ဆက်ဆံခဲ့သူ။ သူဟာ . . . လူသားချင်းစာနာတတ်သူ။

ကြံ့ခိုင်သန်စွမ်းပြီး . . . ချောမွေ့လှပသည့်သူဟာ . . . ကမ္ဘာဦးသစ်ပင်လိုပဲ။

သို့ပေမယ့် သူ့သစ်ပင်မှ အလင်းတွေ ဖြာထွက်နေသလို။ အရိပ်တွေ ဖြာထွက်နေသလိုလို။

သူ့သစ်ပင်မှအလင်းဟာ . . . ပူလောင်ခြင်းမရှိ။ လရိပ်ဖြာနေသည့် သစ်ပင်။

မြင့်မှူး၏ ချောမွေ့တည်ကြည်သည့် မျက်နှာချောချောကို ပြန်လည်မြင်ယောင်မိလျှင် . . . ဘရဏီ ကြိတ်ရင်နင့်ရပါသည်။

မြင်တောင် မမြင်ယောင်ထိုက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတောင် အမှတ်မရထိုက်အောင် သူမ၏ဘဝက နုံချာနိမ့်ကျလှသည် မဟုတ်ပါလား။

ကိုယ့်ဘဝကိုယ် ပြန်လည်ကြည့်မိပြန်တော့လည်း တရားခံဟာ ဘယ်သူလဲ။

ကိုယ်ကပဲ အကြီးဖြစ်နေလို့လား။

ကိုယ့်နှလုံးသားကပဲ တာဝန်ယူတတ်လွန်းလို့လား။

ဒါမှမဟုတ် . . . ဘဝနှင့်၊ နှလုံးသားနှင့် ရင်းပြီးတော့ . . . မောင်လေးနှင့်ညီမလေးကို ချစ်တတ်လို့လား။

ဘရဏီ ခေါင်းခါလိုက်ပါသည်။ ကြီးကြီးကျယ်ကျယ်တွေ မဟာစ်ကြေး၊ မကြေးကြော်သော်ငြား သူမသည် လူသားဆန်ပြီး လူနှလုံးသားရှိသူသာ ဖြစ်ပါသည်။

သူမ၏အသက် ဆယ့်လေးနှစ်မှာ သူမ၏ဘဝ ပျောက်ခဲ့ရတာ . . . ရက်စက်ကြမ်းကြုတ်လှသည့် ကံကြမ္မာကြောင့် ဖြစ်သည်။

ဖေဖေနှင့်မေမေ မရှိတော့သည့်အခါ ပူလောင်ကျွမ်းမြိုက်ရသည့် နှလုံးသားကိုပိုက်ပြီး မိဘနှစ်ပါး၏တာဝန်ကို သူမ ဆက်လက်ထမ်းဆောင်ဖို့ ဆုံးဖြတ်လိုက်သည်။

ဖေဖေနှင့်မေမေ မွေးခဲ့သည့် သစ်ပင်သုံးပင်မှာ တစ်ပင်က မြေစာအဖြစ် ထိုးခံရသည်ဖြစ်စေ၊ နှစ်ပင်ရှင်လျှင် တော်ပါပြီ။





ဒီလိုနှင့် . . . ဘဝကို ရုန်းကန်ထမြောက်ဖို့ ဘရဏီ ကြိုးစားခဲ့သည်။

အရီးကြင်ထံမှ အနှိပ်ပညာကို သင်ယူပြီး သူမပါ . . . အနှိပ်သည် ဝင်လုပ်သည်။ ရင်ထဲမှာတော့ နာတာပေါ့လေ။

သို့သော် . . . ဒါဟာပဲ . . . ဘဝကပေးလိုက်သည့် ကံပစ်ချလိုက်သည့် အလုပ်ပါ။

အညွန့်တွေ တလူလူနှင့် သစ်ပင်ကလေးတစ်ပင် သေဆုံးသွားလည်း နှစ်ပင်ကတော့ ရှင်လိမ့်မည်။

အခြားအလုပ်ကြမ်းတွေကိုလည်း သူမ မလုပ်နိုင်ပါ။ ပြီး . . . အရီးနှင့်အတူ လုပ်ရသည့် အလုပ်လည်းဖြစ်၊ ငွေလည်း ရသည် မဟုတ်ပါလား။

သည်လိုနှင့် အိမ်စရိတ်ကို သူမတို့ ထိန်းနိုင်ခဲ့သည်။

ဘဝမှာ ဘာကိုမှ မမျှော်လင့်တော့ပေမယ့် ကိုယ့်ဘဝကိုယ် အစွန်းအထင်းမရှိအောင် သူမ စောင့်ရှောက်မည်။

ရွှန်း နှင့် ရှိုင်း . . . လူလားမြောက်သွားသည့်အခါမှာတော့ ဒီအလုပ်ကို စွန့်လွှတ်ပြီး . . . အရီးပြောသည့် သူတို့ရွာမှာ အေးအေးဆေးဆေးသွားနေလိုက်တော့မည်။

ဘာပဲဖြစ်ဖြစ် . . . ငြိမ်းချမ်းခြင်း၊ ရောင့်ရဲခြင်းဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်လိုဖွယ်သင်္ကေတတစ်ခုပါပဲ။

မငြိမ်းချမ်းလှသည့် ကမ္ဘာကြီးထဲမှာ . . . အာရုံငါးပါးနောက် လိုက်ပြီး . . . ပူလောင်ကျွမ်းမြိုက်နေရသည့်ဘဝမှ အနှိမ်ခံဘဝမှ . . . သူမနှင့်အရိုး ပြေးထွက်လိုက်မည်။

ခြံစိုက်ရင်း၊ သစ်သီးခူးရင်း လယ်ကွင်းစိမ်းများမှ လတ်ဆတ် သောလေကို ရှူရှိုက်မည်။

အဲဒီအခါကျလျှင်မှ . . . ဘရဏီ အမောဖြေပါတော့မည် လေ။

အခန်း (၅)

တိုက်ခန်းတစ်ခန်းရောင်းမည်ဆိုလို့ . . . မြင့်မှူး ကြည့်ဖို့ ထွက်ခဲ့သည်။

သူ့ကား ထိုတိုက်ခန်းရှေ့သို့ရပ်လျှင် အထဲမှ စကားပြောသံ များ၊ ရယ်သံများ အပြင်သို့ လျှံထွက်လာကြသည်။ သူ ကားဟွန်းကို တစ်ချက်လောက် နှိပ်ပြီး ကားပေါ်မှ ဆင်းလိုက်၏။ အိမ်ဖော်မလေး တစ်ယောက်က တံခါးလာဖွင့်ပေးခဲ့သည်။

တိုက်ခန်းထဲသို့ ဝင်လျှင်ဝင်ချင်း . . . ဧည့်ခန်းကို လှမ်းမြင် လိုက်ရပြီး . . . ဧည့်ခန်းထဲမှ မြင်ကွင်းက မြင့်မှူး၏ရင်ကို ဆီးဆို့ ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ . . . သူရှယ်ယာဝင်ထားသည့် သူငယ်ချင်း၏ကုမ္ပဏီမှာ အစည်းအဝေး တက်ခဲ့ရသည်။ တိုက်ခန်းတစ်ခန်း ရောင်းခဲ့ရသည်။ တိုက်ခန်းနှစ်ခန်းကို အိမ်ငှားတင်ရသည်။ အလုပ်တွေ အများကြီး လုပ်ခဲ့ရပေမယ့် ယခုမှ သူ့ရင်တွေ အဆမတန် မောပန်းသွားရလေ၏။

ဧည့်ခန်းထဲမှာ မိန်းမတွေ . . . ယောကျ်ားတွေ ခြောက်ယောက်လောက် ဝိုင်းထိုင်နေပြီး သူတို့ဘေး . . . သင်ဖျူးပေါ်မှာ မိန်းမကြီးတစ်ယောက်ကို နှိပ်ပေးနေတာ ဘရဏီ မဟုတ်ပါလား။

ပုံစံကြည့်ရတာ . . . ဒီတစ်ဝိုင်းလုံးကို နှိပ်ပေးရလိမ့်မည့်ပုံ။

သူ့အရိုးဆိုတာရော . . . ဘယ်မှာလဲ။

အောင်နိုင်မိုးထံမှ . . . ဘရဏီ့ဇာစ်မြစ်ကို သိထားရပြီမို့ သူမကိုကြည့်ပြီး မြင့်မှုုးရင်တွေ တစစ်စစ်နာကျင်လာခဲ့သည်။

ရှစ်တန်းကျောင်းသူလေးဘဝနှင့် အညွန့်တွေ တလူလူလွင့်ခဲ့သည့် ဘရဏီ။

နောက် . . . အနှိပ်သည်လေးဘဝနှင့် အရိုးနောက်မှ ကုပ်ကုပ်ကလေး လိုက်နေရှာသည့် ဘရဏီ။

ဘရဏီကတော့ မည်သူ့ကိုမျှ မော့မကြည့်ဘဲ သူနှိပ်ပေး





နေရသည့် အဒေါ်ကြီးကိုသာ စိတ်ပါလက်ပါ နှိပ်ပေးနေခဲ့သည်။

မြင့်မှုုးဝင်လာတာ အားလုံးနှင့်အတူ . . . သူမ မြင်မှာပါပဲ။ သူ့ကို . . . သူမ . . . မမှတ်မိစရာအကြောင်းလည်း မရှိ။ သုံးနာရီလောက် နှိပ်ပေးပြီးသည့်သူ့အား ဘရဏီ မှတ်မိပါလိမ့်မည်။ သို့သော် . . . သူမ မော့၍ပင်မကြည့်။

ဧည့်ခန်းထဲမှ ဆက်တီတစ်လုံးမှာ မြင့်မှုုး ခြေပစ်လက်ပစ်ထိုင်ချမိလိုက်သည်။ ညနေစောင်းပြီ။

ထုံးစံအတိုင်း ဈေးစကားပြောပြီးလျှင် ရောင်းမည့်တိုက်ခန်းကို သူကြည့်ရသည်။ ရောင်းမည့်တိုက်ခန်းက ယခုတိုက်ခန်း၏ လက်ယာဘက်မှအခန်း။

အရောင်းအဝယ်ကိစ္စများကို မြင့်မှုုးဆောင်ရွက်ပြီးလို့ . . ဘရဏီရှိရာ ဧည့်ခန်းသို့ ပြန်ဝင်လာခဲ့လျှင် ဘရဏီကို မတွေ့ရတော့ပေ။

တစ်နေ့လုံး နှိပ်ပေးပြီး ခြေကုန်လက်ပန်းကျစွာနှင့် သူကလေး အိမ်ပြန်ပြီတဲ့လား။

အိမ်ရှင်ကို နှုတ်ဆက်ပြီး မြင့်မှုုး၏ကား ပြန်ထွက်လာခဲ့လျှင် လမ်းတစ်လျှောက်ဝဲယာမှာ လိုင်းကားများက အစင်းစင်း ဖြတ်ကျော်လျက်။



www.burmeseclassic.com

www.burmeseclassic.com



သူကလေးရဲ့ နားခိုရာအိမ်က ဘယ်မှာလဲ။

"ဟော"

ရှေ့ပလက်ဖောင်းပေါ်က လူအများကြားမှာ လမ်းသွက်သွက်လျှောက်နေတာ ဘရဏီ မဟုတ်ပါလား။

ရှေ့ရင်ဖုံးအကျီ ဖိုသီဖတ်သီနှင့် ဘယ်လောက်ပင် ရုပ်ဖျက်ထားထား . . . ဝင်းပသောအလှများနှင့် သူမသည် လူအုပ်ထဲမှာပင် ထင်းခနဲ။

သူမ၏ရှေ့မှာ ကားကို ထိုးရပ်လိုက်ပြီး မြင့်မှူး ကားပေါ်မှ ဆင်းလိုက်သည်။

မီးရောင်များနှင့် မြို့တော်ရန်ကုန်က သူတို့ရှေ့မှာ ဝင်းပနေခဲ့သည်။

"ဘရဏီ . . . ဒီနေ့ အရီး ဘာလို့မပါသလဲ၊ ဘယ်လိုဆင်ခြေတွေ ပေးဦးမလဲ"

သူ့စကားက ရင်းနှီးကျွမ်းဝင်မှုတွေ ရာနှုန်းပြည့်နေခဲ့လျှင် ဘရဏီ အံ့သြစွာဖြင့် မြင့်မှူးကို မော့ကြည့်ခဲ့သည်။

သူ့အသွင်က တည်ကြည်ဖြောင့်စင်းလျက်။ သို့သော် ကြင်နာနွေးထွေးလျက်။

ချောမွေ့လှပပြီး ယောကျ်ားပီသသည့် သူ့အသွင်နှင့် သူ့





အသရေကို ဘရဏီ လန့်ဖျပ်ကြောက်ရွံ့မိပါသည်။

"အရီး နေမကောင်းလို့ပါ၊ အရီးက အသက်ကြီးပြီ၊ အပင်ပန်း မခံနိုင်တော့ဘူး"

သူမ၏အသံ တီးတိုးက သူ့ကိုဖြေရှင်းနေသလား။ ကိုယ်တိုင်ညည်းညူမိသလို ညည်းမိပြီးလျှင် ဘရဏီ သူ့ရှေ့မှောက်မှ ခေါင်းငုံ့ထွက်ခွာဖို့ ပြင်လိုက်သည်။

"ဘရဏီ . . . ကိုယ် လိုက်ပို့မယ်၊ အရီးကို လိုက်ကြည့်မယ်"

"နေပါစေရှင် . . . ကျွန်မ အားနာပါတယ်"

"ဘရဏီ . . . ကိုယ့်အကျင့်က လူတစ်ဖက်သားကို သနားကြင်နာတတ်တယ်၊ ပြီးတော့ ခေါင်းမာတယ်၊ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် လုပ်ရမှ"

သူ့အသံနှင့်သူ့ဟန်က တင်းမာနေခဲ့လျှင် ဘရဏီမှာ သူဖွင့်ပေးသောတံခါးမှ ရိုကျိုးစွာ ဝင်ထိုင်ရတော့သည်။ ဒါတောင် သူမက ညည်းညူမိသေး၏။

"ကျွန်မ . . . အရမ်းအားနာတာပဲ"

"ဘာကိုလဲ . . . တော် . . . တိတ် . . . စကားမရှည်နဲ့တော့"

ကားပေါ်မှာ သူမ . . . စကားတစ်ခွန်းမျှ မဟရဲတော့ပါ



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ဘုရင်ကြီး ညွှန်ပြသည့်အတိုင်း . . . သူမ၏နေရာသို့ မြင့်မှူး၏ကား ထိုးဆိုက်လိုက်သည်။

"အနှိပ်သည်ကလည်း တိုက်ခန်းနဲ့ပါလား"

သူ့စကားက ရိတာလား။ လှောင်ပြောင်သံ မပါတာတော့ အသေအချာ။

ဘုရင်ကြီး . . . သူ့ကို စကားပြန်မပြောတော့ဘဲ ကိုယ့်တိုက်ခန်းရှိရာ ဒုတိယထပ်သို့သာ ဦးဆောင်တက်လာခဲ့လိုက်သည်။

အံ့သြစရာ . . . သူဟာ ဘာကိုလိုလို့ ဘုရင်ကြီးကို ကပ်နေတာလဲ။ သူမ တွေ့ဖူးသည့် လူများလိုလား။ အတွေးထဲမှာပင် ဘုရင်ကြီး ခေါင်းခါမိပါသည်။

ဖြူစင်ရိုးသားသည့်သူဟာ ဘယ်တော့မှ ဝံပုလွေတစ်ကောင် မဖြစ်နိုင်။

တိုက်ခန်းကိုသော့ခတ်ထားတာ တွေ့ရလျှင် ဘုရင်ကြီး အံ့သြရပြန်သည်။ နေမကောင်းသဖြင့် အိမ်မှာ နားခိုင်းထားခဲ့သော အရီးသည် လာခေါ်သူနောက်သို့ လိုက်နှိပ်ပေးပြန်ပြီဖြစ်မည်။

သြော် . . . အရီးရဲ့ဝဋ်ကြွေးကလည်း မနည်းပါလား၊ ဒါဟာပဲ . . . လူသားဆန်မှုပေါ့လေ။

ဘုရင်ကြီး . . . မြင့်မှူးဘက်သို့ လှည့်လိုက်သည်။





'အရီး မရှိတော့ဘူး၊ တစ်ယောက်ယောက် လာခေါ်လို့ လိုက်နှိပ်ပေးတာပဲ ဖြစ်ရမယ်၊ လူကြီးမင်း ပြန်တော့"

"ဘာဖြစ်လို့လဲ . . . အိမ်ထဲကို မဝင်ရတော့ဘူးလား"

"အရီးမှ မရှိတာ၊ လူကြီးမင်းက အရီးနေမကောင်းလို့ လိုက်ကြည့်တာ မဟုတ်လား"

"ဒိုးဝေးလိုက်တာ၊ နားဝေးလိုက်တာ ဘုရင်ကြီးရယ်၊ မင်းတို့ဘဝကို ကိုယ် . . .စိတ်ဝင်စားတယ်၊ တံခါးဖွင့်မှာသာ ဖွင့်စမ်းပါ၊ ကိုယ်ဟာ ဝံပုလွေတစ်ကောင် မဟုတ် . . ."

သူပြောလျှင် . . . ဘုရင်ကြီး တံခါးဖွင့်လိုက်ရသည်။ ခမ်းနားသော သူ့ကို ဧည့်ခံဖို့ရာ . . . ဘုရင်ကြီးမှာ ဘာမျှမရှိ။ ဖိုင်ဘာကုလားထိုင်လေးများမှာပင် သူက ထိုင်ချလိုက်သည်။

"ကိုယ့်ကို ဘာမှမကျွေးမွေးဧည့်ခံမနေပါနဲ့၊ ထိုင် . . . အရီးနဲ့ ကလေးတွေပြန်အလာကို စောင့်ရင်း . . . ကိုယ်ပြောတာတွေ နားထောင်"

သူက ဘာတွေပြောမလို့လဲ။ မနေ့ကမှ သိသူတစ်ဦးအနေနှင့် ဘာစကားတွေ ပြောစရာရှိလို့လဲ။ ကလေးတွေ ပြန်လာလျှင် စားဖို့ ဘုရင်ကြီး ထမင်းချက်ရဦးမည်။ ဟင်းကတော့ မနက်က ချက်ထားသည့် ငါးချက်ကို ပြန်နွှေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး နေဦးနော် . . . ကျွန်မ ထမင်းချက်ဦးမယ်"

ထမင်းအိုးပြင်ပြီး တင်ခဲ့ပြီးမှ . . . သူ့ရှေ့ကုလားထိုင်မှာ သူမ မောပန်းစွာ ဝင်ထိုင်မိသည်။

တကယ်လည်း မောပန်းတာပါပဲ။ စက်ရုပ်တစ်ရုပ်လို . . . လုပ်သင့်သည့်အလုပ်မို့ လုပ်နေရသော်ငြား . . . အနှိပ်သည်အလုပ်ကို သူမ မပျော်ရွှင်ပါ။ သို့သော် . . . သူမ၏ဘဝက ထိုအလုပ်ကို ပြဋ္ဌာန်းထားခဲ့သည်။

"ဒီနေ့ ဘယ်လောက်ရသလဲ"

"သုံးထောင့်ငါးရာ"

"လူဘယ်နှစ်ယောက် နှိပ်ပေးရတာလဲ၊ ဘယ်တွေသွားပြီး နှိပ်ပေးရတာလဲ"

"အဲဒီတိုက်ခန်းမှာပဲ၊ အဲဒီအဒေါ်ကြီးအိမ်မှာ လာစုကြတယ်၊ တစ်ယောက် ငါးရာပေးတယ်"

"ဒါဆို . . . ခုနစ်ယောက် နှိပ်ပေးရတာပေါ့"

"ဟုတ်တယ်"

အခန်းထဲမှာ အသံများ ခေတ္တတိတ်ဆိတ်သွားကြပြန်သည်။ ဘုရားဇာမှာ ခေါင်းငုံ့လျက်။ သူကတော့ ဘုရားဇာ့ကို သနားကြင်နာ မဆုံးသောအကြည့်များဖြင့် ကြည့်နေမိသည်။





မြင့်မှူး၏ရင်ထဲမှာ . . . လောလောဆယ် သူမ၏ ဝန်ထုပ်ဝန်ပိုးများကို ကူထမ်းပေးချင်စိတ်က တဖွားဖွား။

အဲဒါ ဘာဖြစ်တာလဲ။ ဒါဟာ . . . ဘာကြောင့်လဲ။ ရှည်ရှည်ဝေးဝေးတွေ စဉ်းစားမနေချင်ပေမယ့် . . . ဒီသူငယ်မကို ယခုလို မျက်နှာငယ်မနေစေချင်တာ သူ့ဆန္ဒပါ။

"ကိုယ့်အသက် သုံးဆယ်ကျော်ပြီ၊ အစကတော့ ကိုယ်လည်း တော်တော်ရုန်းကန်ခဲ့ရပါတယ်၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဘယ်သူတွေ ဘာတွေဖြစ်နေသလဲဆိုတာတောင် ငဲ့မကြည့်၊ ငုံ့မကြည့်နိုင်ခဲ့ဘူး"

သူ . . .ဘာသဘောနှင့် ပြောနေသလဲ။ သူ့အသံက ကြင်နာနူးညံ့လွန်းနေလျှင် ဘုရားဇာ . . . ငိုချင်လာခဲ့သည်။ ရင်ထဲမှာလည်း ဝမ်းနည်းကြေကွဲမှုတွေက တားမရ ဆီးမရ။

ဖေဖေနှင့်မေမေကို အလောင်းတောင် မမြင်ခဲ့ရဘူး။ အိပ်မက်ဆိုးကြီးလိုပဲ။

နောက် . . . အညွှန့်တွေ တလူလူနှင့် ကိုယ့်သစ်ပင်လေးကို . . . ကိုယ်တိုင်ပဲ ခါးလယ်က ခုတ်ပိုင်းပစ်ခဲ့ရတယ်။ အိပ်မက်ဆိုးကြီးပါပဲ။

ဘဝမှာ ကြင်နာသူတွေ တစ်ယောက်မျှ မရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတစ်ခုလုံး ဆူးအတိဖုံးသည့် ကန္တာရကြီးပါပဲ။ ပူလည်း ပူလောင်လွန်းခဲ့တယ်။

အရိုးကတော့ သူမ၏ ကန္တာရအတွင်းမှ . . . စွန်ပလွံပင်လေးတစ်ပင်။ မဖြစ်စလောက် အရိပ်ကလေးပေမယ့် အသီးကျွေးတယ်။ အရိပ်ပေးပါတယ်။

အင့်ခနဲ သူမ ငိုရှိုက်မိသွားတာ . . . ဘာကြောင့်လဲ။

"တိတ်ပါ ကလေးရယ် . . . ဟုတ်တယ်၊ မင်းဘဝက ငိုချင်စရာကြီးပါပဲ၊ ကိုယ် . . . မင်းဘဝကို ကူမယ်"

နေရာမှ စိတ်မကောင်းစွာ သူ . . . ငေးကြည့်နေခဲ့လျှင် ဘရဏီအသွင်က အလန့်တကြား။

"ဘာဖြစ်လို့လဲ၊ ဟင့်အင်း . . . လူကြီးမင်း ကိုယ့်လမ်းကိုယ်သွားပါ၊ ရှင်နဲ့ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူးနော်၊ ပြန်ပါတော့ရှင် . . . ကျွန်မကို စိတ်အနှောင့်အယှက်တွေ မပေးပါနဲ့တော့"

ငိုရှိုက်ရာမှ . . . သူမ အတင်းနှင်နေလျှင် မြင့်မှူး ကြေကွဲရပြန်သည်။

အမြင်မတော်လွန်းလို့ . . . လှိုင်းထဲလေထဲမှ လှေကွဲလေးကို ဆယ်ယူပေးချင်ပေမယ့် သူမက အကြောက်ကြီးစွာဖြင့်ပင် သူ့လှေကွဲလေးကို ဆုပ်ကိုင်တွယ်ဖက်ထားခဲ့သည်။





"မဟုတ်ဘူးလေ . . . အခု ကိုယ့်ဘဝက အခြေကျနေပြီ၊ ဒုက္ခသည်လေးတွေကို . . . ကူနိုင်တဲ့အဆင့် ရောက်နေပြီ၊ ဘရဏီ့ဘဝကို မြှင့်တင်ပေးချင်တယ်၊ ဆွဲတင်ပေးချင်တယ်"

သူမက နာကျင်ပြုံးနှင့်ပင် သူ့ကို တုံ့ပြန်ခဲ့သည်။

"ကျေးဇူးတင်ပါတယ်ရှင် . . . ဒါပေမဲ့ အဲလိုမျိုးတွေ ကျွန်မ မယုံကြည်ပါဘူး၊ ကျွန်မမှာ ဘာမှပြန်ပြီးပေးစရာ မရှိပါဘူး၊ ကျွန်မရဲ့လက်တွေ သန်မာနေသရွေ့တော့ ကျွန်မ . . . ကိုယ့်မိသားစုကို ဦးဆောင်တည်ဆောက်ပေးသွားမှာပါပဲ"

"အဲဒီတော့ . . . ကိုယ် ဘာဆက်လုပ်ရမှာလဲ"

သူမ၏ခေါင်းမာမှုကြောင့် မြင့်မှူး သိမှတ်မဲ့စွာ စိတ်တိုစွာ ရေရွတ်မိခဲ့သည်။

"လူကြီးမင်း လုပ်သင့်တာ ကျွန်မအကြောင်းတွေကို မေ့ပစ်လိုက်ဖို့ပါပဲ၊ အနှိပ်သည်ကို အနှိပ်သည်လို မြင်ပေးဖို့ပါပဲ၊ ယောကျ်ားတွေကို အတတ်နိုင်ဆုံး နှိပ်မပေးချင်ပေမယ့် လူကြီးမင်း . . . ညောင်းညာကိုက်ခဲတဲ့အခါ၊ စိတ်တွေဖိစီးတဲ့အခါ ကျွန်မကို မှာပါ၊ ကျွန်မ နှိပ်ပေးနိုင်ပါတယ်"

ပြောပြီး . . . တံခါးပေါက်သို့ သူမ ကြည့်ပြလျှင် . . . ကို ပြန်စေချင်ပြီဖြစ်ကြောင်း မြင့်မှူး နားလည်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလေးကိုလည်း ပိုမိုသနား၊ ပိုမိုလေးစားရပါ၏။

"ကောင်းပါပြီ ဘရဏီ၊ ဒါ . . .ကိုယ့်လိပ်စာကတ်ပါ၊ ဖုန်းနံပါတ်တွေ ပါတယ်၊ ကိုယ်က . . . ရိုးရိုးသားသား မင်းဘဝလေးကို ကူချင်၊ ကယ်ချင်တာပါ၊ ဒါပေမဲ့ မင်း အကြောက်လွန်နေတယ် မဟုတ်လား ...။

ဘယ်အချိန်မှာပဲဖြစ်ဖြစ် . . . မင်း အကူအညီလိုတဲ့အခါ ကိုယ့်ထံ ဆက်သွယ်ပါ၊ ကိုယ် . . . ကိုယ်ကူညီပါ့မယ်၊ ငွေကြောင့် ဖြစ်ရတဲ့ ဒုက္ခတွေ မင်းကို မကြုံစေချင်ဘူး၊ ငွေကြောင့် မင်းဘဝ နစ်မွန်းသွားမှာလည်း ကိုယ်အရမ်းစိုးရိမ်မိတယ်"

"စိတ်ချပါရှင် . . . ကျွန်မ နားလည်ပါတယ်၊ လူကြီးမင်းရဲ့ စေတနာတွေကိုလည်း . . . ကျွန်မ ခံစားမိပါတယ်"

"မင်းကို . . . ကိုယ်အရမ်းလေးစားတယ် ဘရဏီ"

သူကလေးကို နှုတ်ဆက်ပြီး မြင့်မှူး ပြန်ခဲ့ရပေမယ့် ရင်ထဲမှာ သူမသာ အချိန်အတော်ကြာ စိုးမိုးနေပေတော့မည်။

○

## အခန်း (၅)

'ရွှန်းသီရိ'

ဆင်းရဲတဲ့ဘဝဟာ အတော်ဆိုးတာပဲ။ အရာရာ မပြည့်စုံရသည့်အတွက် ရွှန်းသီရိ စိတ်ပျက်သည်။

ဘဝဆိုတာ ဘာလဲ။

အတောင်နှစ်ဖက်ရှိမှ ပျံသန်းလို့ရမှာပေါ့။

အဲဒီအတောင်ပံတွေ သန်မာမှ ပျံသန်းလို့ရမှာပေါ့။

ရွှန်းသီရိမှာ ကိုယ့်ဘဝကိုယ် အမြဲမကျေနပ်ဖြစ်မိသည်။ အစ်ကိုပဲ အေးတယ်။ ယောက်ျားလေးပီပီ . . . နေရာတကာမှာ ပေါးလားဝါးလား။ ဆေးကျောင်းတက်ရတာချင်း အတူတူသူက



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး စရိတ်ကုန်သည်။

ဟင်း . . . မမကလည်း သူ့မောင်လေးကျ ပိုပြီးချစ်တယ်။ ရွှန်းသီရိ ပိုက်ဆံတောင်းလျှင် စစ်ဆေးမေးမြန်းလိုက်တာ သူမမှာ ရှေ့နေငှားပြီးတော့တောင် လျှောက်လဲရမည့်အဖြစ်။

တစ်ခါတလေကျတော့လည်း မမနှင့်အရီးကို ရွှန်းသီရိ သနားပါသည်။ တစ်ခါတလေကျတော့လည်း မသနား။

အကြီးအကဲတွေဖြစ်ပြီး အစီအမံညံ့လှသည်။ တကယ်ဆို ဂုဏ်သိက္ခာရှိသည့်အလုပ်နှင့် သူမတို့ကို လုပ်ကျွေးပါတဲ့လား။

ယခုတော့ လူကြားမကောင်း သူကြားမကောင်း . . .အနှိပ်သည် . . . တဲ့။ ဘယ်လောက်ရက်စရာကောင်းလိုက်ပါသလဲ။ ဘယ်လောက်အောက်တန်းကျတဲ့အလုပ်ပါလဲ။

သူမတို့ကို အရက်ခွဲနေတာ . . . ဟုသာ ရွှန်းသီရိ ထင်မိသည်။ ဘာပဲဖြစ်ဖြစ် . . လောလောဆယ် ကိုယ့်မှာလည်း အတောင်ပံတွေ မသန်မာသေးသည်မို့ ရွှန်းသီရိ အောင့်အီးသည်းခံနေရမှာပါပဲ။

ဟင်း . . . ထမင်းဘူးလည်း မယူချင်ပါဘူး . . . ဟင်းလည်း မကောင်းဘဲနဲ့။ သို့သော် အလိုက်မသိတာပဲလား၊ ကပ်စေးနှဲတာပဲလား . . . မမနှင့်အရီးသည် အစဉ်အမြဲ ရွှန်းသီရိကို ထမင်းဘူးထည့်





ပေးလေစမြဲ။

ယခုလည်း လူရှင်းသည့် သစ်ပင်ခုံတန်းလေးတစ်ခုမှာ သွားထိုင်ပြီး ရွှန်းသီရိ ထမင်းစားနေမိသည်။ သူမ၏ သူငယ်ချင်းအများစုကတော့ ထမင်းဘူး ယူခဲ့ကြသည်။ သည်လိုပဲ ကင်တင်းမှာသွားပြီး မုန့်စားကြတာပေါ့။

ရွှန်းသီရိမှာတော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိလေ။ ကျောင်းစရိတ်၊ စာအုပ်ဖိုး၊ အဝတ်အစားဖိုး၊ လမ်းစရိတ်တွေတောင်မှ အနိုင်နိုင်။

ကိုယ့်ထမင်းဘူးလေး ကိုယ် . . . တိတ်တခိုးဖွင့်စားနေတုန်း သူမ၏ခုံတန်းပြာအနားသို့ ကောင်လေးတစ်ယောက်လာခဲ့လျှင် ဘဲဥကြော်နှင့်သာ ထမင်းဘူးထည့်လာမိသည့် ရွှန်းသီရိမှာ ထမင်းဘူးကို . . . အဖုံးပိတ်လိုက်မိသည်။ သူမ ဟင်းမကောင်းတာ လူမြင်သွားမှာစိုးလို့ပေါ့။

သို့သော် အလိုက်မသိသည့် ကောင်ငယ်လေးကမူ ရှက်ပြုံးဖြင့် သူမ၏ထိုင်ခုံအစွန်းသို့ မရဲတရဲဝင်ထိုင်လာခဲ့သည်။

“မမက နေ့တိုင်း ဒီနေရာလေးမှာ ထမင်းလာစားတယ်နော်၊ အဟဲ . . . ကျွန်တော်လည်း တစ်ယောက်တည်း ထမင်းစားရတာ ပျင်းတာနဲ့၊ ကျွန်တော့်နာမည် စိုင်းဝေဟင်ပါ၊ First Year ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကပါပဲ" .

"စိုင်းဝေဟင် . . . တော်တော်မြင့်တဲ့နာမည်ပဲ"

ပထမနှစ်ကောင်လေးမို့ ဖြူစင်မှုတွေက အထင်သားနှင့် ကောင်လေးကို . . . ရွှန်းသီရိ မျက်မှောင်ကြုတ်ကြည့်မိသည်။ ကောင်လေးကတော့ တပြုံးပြုံး။

ဘာလို့ လာရောတာလဲ။ မြင်လိုက်တာနှင့် တိုင်းရင်းသားမှန်း တန်းသိစေသည့် ရှမ်းကလေးအား ရွှန်းသီရိ မနှစ်သက်ပါ။

ကိုယ်က နိမ့်ကျ၊ ဆင်းရဲသူမို့ . . . မည်သူ့ကိုမှလည်း ရဲရဲ မပေါင်းဝံ့ပါ။ တော်ကြာမှ အကြောင်းတွေသိကုန်ပြီး အထင်သေးခံရမှာ ကြောက်လို့ဖြစ်သည်။

"နာမည်ဆိုတာ နာမည်ပါပဲ မမရွှန်းသီရိရယ်"

သူက နာမည်တွေ၊ ဘာတွေပင် သိလို့ပါလား။ အေးလေ . . . ဒါလည်း မဆန်းပါဘူး။

"ကဲ . . . အတူစားကြမယ်လေ၊ မမကို ကျွန်တော် သတိထားမိတာ ကြာပါပြီ၊ မမမျက်နှာလေး အမြဲမှုန်နေတာ၊ အိုနေတာ ကျွန်တော် မကြည့်ရက်ဘူးဗျာ၊ မမကို ကျွန်တော့်လိုပဲ အမြဲပျော်နေ၊ ပြုံးနေစေချင်တယ်"၊

"ဘာဆိုင်လို့လဲ"





"ဒါတော့ မသိဘူးလေ၊ ကျွန်တော့်စိတ်ထဲရှိတာ ပြောတာပဲ . . . ကဲပါ . . . အတူစားကြစို့"

ကောင်လေးက သူ့ထမင်းဘူးလေးကို ဖွင့်သည်။ စတီးဘူးပြားလေးထဲမှာ လှမ်းကြည့်ရုံနှင့် သူဟာ သူဌေးသားလေးမှန်း သိသာစေသည်။

ကြည့်လေ . . . ဟင်းတွေက ရှယ်။

ပုစွန်တုပ်ဟင်းဆီပြန်နှင့် ဗာလချောင်ကြော်၊ နောက် ကြက်ဥဟပ် (၆) နှစ်လုံး။

သူ့ဟင်းတွေကြည့်ပြီး ကိုယ့်ထမင်းဘူး ဖွင့်ရမှာ ရွှန်းသီရိ ရှက်နေမိသည်။ ကိုယ်ကဖြင့် ဘဲဥတောင်မှ တိုရှေ့ရှားရေ တစ်လုံး ကြော်လုံး ထည့်ခဲ့ရတာမဟုတ်။ ဆင်းရဲသားပီပီ ထမင်းများများ၊ ဟင်းနည်းနည်းပဲ စားရတာဖြစ်သည်။

ထမင်းဘူးကို အဖုံးပြန်ဖုံးလိုက်ပြီး ရွှန်းသီရိ ခုံတန်းပြာမှ ထရပ်လိုက်သည်။ သူနှင့်လည်း မခင်ချင်။ သူနှင့်အတူလည်း ထမင်း မစားချင်ပါ။ ဘာမှလည်း မသိဘဲနှင့်။

သူမ ထရပ်လျှင် ကောင်လေးမျက်နှာ ပျက်သွားပုံက သိသိသာသာ။

"ဟာဗျာ . . . မမ . . . ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်နဲ့အတူ ထမင်းမစားချင်ရတာလဲ၊ ကျွန်တော့်ကို မခင်ဘူးလား ဗျာ"

"ဘာလို့ အတူစားရမှာလဲ၊ မင်းနဲ့ငါဟာ . . . သူငယ်ချင်းတွေမှ မဟုတ်တာ၊ သိမှ မသိကြတာ"

"ဟာဗျာ . . . မမကလည်း ကျွန်တော်က စိုင်းဝေဟင်လေ၊ စောစောက မိတ်ဆက်ပြီးပြီပဲ၊ ဘာပဲဖြစ်ဖြစ် ကျောင်းတစ်ကျောင်းထဲမှာ အတူတက်နေကြတဲ့ ဘာသာတူ၊ ပန်းတိုင်တူ၊ ရည်ရွယ်ချက်တူတဲ့ သူငယ်ချင်းပဲ မဟုတ်လား၊ မမက ရွှန်းသီရိ၊ ကျွန်တော်က စိုင်းဝေဟင် . . . အခု သိပြီပဲဗျာ၊ အခု မိတ်ဆွေတွေဖြစ်သွားပြီပေါ့"

"ဘယ်သူမှလည်း မိတ်ဆက်မပေးဘဲနဲ့"

"မမကလည်းဗျာ . . . မဟုတ်တဲ့နေရာမှာ ဇီဇာကြောင်နေရပြန်ပါပြီ၊ ဘယ်သူမှ မိတ်ဆက်မပေးလည်း ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်တယ်လေ မမရဲ့၊ ကျွန်တော် မမကို . . . ဟိုလေ မြင်မြင်ချင်း . . .။

အဲ . . . မြင်မြင်ချင်း အရမ်းခင်ချင်မိတာပါ၊ ဟိုလေ . . . ဆုံးသွားတဲ့ ကျွန်တော့်အစ်မနဲ့ ရုပ်ချင်းဆင်လို့ပါ . . . အဟဲ"

"တော်ပြီ . . . ဒီဆင်ခြေမျိုးတွေ ရိုးနေပြီ၊ သွားမယ်"

သူမ . . . ဗြတ်ထွက်လာခဲ့လျှင် ကောင်လေး အူကြောင်





ကြောင် ဖြစ်ကျန်ခဲ့လေသည်။ ဘာပဲဖြစ်ဖြစ် ရွှန်းသီရိ ရင်ထဲမှာ မကျေနပ်သလိုလို။ ကျေနပ်သလိုလို။

အိုလေ . . . ခုခေတ်ကောင်လေးတွေဟာ မယုံရပါဘူး။ ဒီလိုပဲ . . . သူငယ်ချင်းတွေရှေ့မှာ အကြောင်ရိုက်တတ်ကြတယ်။ အခုလည်း . . . သူ့သူငယ်ချင်းတွေ တစ်နေရာရာကနေ စောင့်ကြည့်နေမှာပေါ့။

မလုံမလဲစိတ်နှင့် ရွှန်းသီရိ . . . ဘေးဘေးဘီဘီသို့ ရှာကြည့်လိုက်လျှင် တကယ်ပင် . . . ကျောင်းဆောင်လှေခါးပေါ်မှာ ထိုင်ပြီး ရယ်ပွဲဖွဲ့နေသည့်ကောင်လေးတစ်စုကို တွေ့လိုက်ရပါသည်။

ရွှန်းသီရိမှာ စိုင်းဝေဟင်ကို လှည့်ကြည့်လျှင် ကောင်လေး အသွင်က စိတ်မကောင်းသည့်အသွင်။

ရွှန်းသီရိ အားလုံးကို ကျော်ခိုင်းပြီး လျှောက်လာဆဲ . . . ကားလေးတစ်စီး သူမ၏အနီးမှာ ရပ်သွားလေ၏။ ပြီးလျှင် ဥပဓိရုပ်သန့်သန့်နှင့် လူတစ်ယောက် ကားတံခါးဖွင့်ပြီး ဆင်းလာခဲ့သည်။

"မင်းနာမည် ရွှန်းသီရိ မဟုတ်လား"

"လာပြန်ပြီ တစ်ယောက်"

တီးတိုးရေရွတ်ရင်း . . . သူမ မျက်မှောင်တွန့်ကြည့်နေစဉ် . . . ထိုသူက သူမကို ကားထဲသို့ ဖိတ်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာတစ်ခု ရှိလို့ပါ၊ ကင်တင်းမှာဖြစ်ဖြစ် စားစရာ တစ်ခုခု သွားစားရအောင်"

"ရှင့်ကို ကျွန်မ . . . မသိဘူး"

"ဟုတ်ပါတယ်၊ မင်း . . . ငါ့ကို မသိပါဘူး၊ ဒါပေမဲ့ မင်းကို တော့ ငါသိတယ်၊ ဒီကင်တင်းတင် သွားမှာလေ၊ ဘာလဲ . . . ငါ့ကို မယုံကြည်ဘူးလား"

ထိုသူ၏ တည်ကြည်မှုနှင့် ရင့်ကျက်မှုကို ခေတ္တအကဲခတ် ပြီးလျှင် ရွှန်းသီရိ လိုက်ကြည့်ဖို့ စိတ်ကူးလိုက်သည်။ ကိုယ့်ကျောင်းထဲ က ကင်တင်းသွားမှာပဲ။ ဘာ မလိုက်ရဲစရာရှိမလဲ။ သို့သော် . . .

"သွားရင်သွားလေ၊ ဒါပေမဲ့ ကျွန်မမှာ ရှင်းဖို့ ပိုက်ဆံမပါ ဘူး"

"အတော်ပွင့်လင်းတဲ့ ကောင်မလေးပဲ"

ပြုံးယောင်သန်းသွားပြီး ကားပေါ်သို့ သူတို့ တက်လိုက်ကြ သည်။ ကင်တင်းထဲမှာတော့ကျောင်းသားတွေ အများအပြား။ ထို အထဲတွင် သူ့အစ်ကို ရှိုင်းသီရိလည်း ပါသည်။ သူ့အသံက ဟောင်ဖွာဟောင်ဖွာနှင့် အကျယ်ဆုံး။

"အဲဒါ . . . ကျွန်မအစ်ကို၊ ရှိုင်းသီရိ . . . တဲ့"

"ကိုယ် သိပါတယ်"





လူရှင်းသည့် စားပွဲတစ်လုံးမှာထိုင်ပြီး . . . ကိုယ်နှစ်သက် ရာကို မှာစေသည်။ ထိုလူကြီးကတော့ ဘာမှမစားသောက်ပါပေ။

ရွှန်းသီရိမှာ ဗိုက်ဝေဟောင် ရှုပ်နေသည်နှင့် ထမင်းကောင်း ကောင်းမစားခဲ့ရသဖြင့် ဆီချက်တစ်ပွဲ မှာလိုက်သည်။

ထိုသူက . . . ရွှန်းသီရိ စားသောက်နေသည်ကို တည်ငြိမ် စွာပင် ကြည့်နေခဲ့လေသည်။ အတော်ကြာမှ . . .

"မင်းတို့ကို ပြောစရာရှိလို့ လာခဲ့တာ၊ ကိုယ်က . . . မော် ကျွန်းကပါ"

"မော်ကျွန်း"

"ဟုတ်တယ် . . . ရှင်းရှင်းပြောရရင် မင်းမိဘတွေ သေဆုံး ခဲ့တဲ့ မော်ကျွန်းပါ"

"အို"

ရွှန်းသီရိ၏ဦးနှောက်တွေ ဆူဝေသွားခဲ့သည်။ ရင်ထဲမှာ မီး တောက်တွေ အသစ်တဖန် ပြန်ရှင်သန်လာသလို။

"မင်းမိဘတွေရှိတုန်းက ကိုယ်တို့အပေါ် ကျေးဇူးရှိခဲ့ကြဖူး ပါတယ်၊ သူတို့ထုတ်ပေးတဲ့ အရင်းအနှီးတွေနဲ့ အဆင်ပြေပြီး . . . ခုတော့ . . . မင်းမြင်တဲ့အတိုင်းပဲလေ"

"ဟင် . . . ရှင် . . . ဒါဖြင့် အခုအကြွေးဆပ်မလို့မွေ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ရေထဲက ဆားပဲ၊ နေဦး . . . အစ်ကို့ကို ခေါ်လိုက်ဦးမယ်"

"နေစမ်းပါဦး . . . ကိုယ်က ဒီကိစ္စကို အကျယ် အကျယ် မဖြစ်စေချင်ဘူး"

"ဘာဖြစ်လို့လဲ . . . မေမေတို့ ဖေဖေတို့ ဆုံးတာ ရှင့် ပယောဂပါလို့လား"

ရွှန်းသီရိ၏ အမေးက ရက်စက်သည်။ သို့သော် လူ့လောက ကြီးနှင့် အံမဝင်သည့် ကောင်မလေးမို့ ထိုသူက ခွင့်လွှတ်ပုံရလေ၏။

"မင်းစကားပြောတာ ဆင်ခြင်ပါ၊ ဘာဖြစ်လို့ ငါ့ပယောဂ ပါရမှာလဲ၊ ဒီလိုပဲ . . . သူတို့က မော်ကျွန်းမှာ အမြဲတမ်း ကုန်တွေ ဆင်းဝယ်ကြတယ်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေပေါ့၊ အဲဒီ အခေါက်က . . . ငါတို့ကို အဝယ်ခိုင်းတဲ့အပြင် သူတို့ကိုယ်တိုင်လည်း လျှောက်ဝယ်တယ်၊ နောက် . . . လှေနစ်တယ်၊ ကိုယ်တို့လည်း ..."

"ဒါ . . . ရှင်တို့ မရှိုးသားတာပဲ၊ ကျွန်မတို့ ဒုက္ခရောက်နေ တာ ကြာပြီ၊ တကယ်ဆို . . . စောစောစီးစီးက ကြွေးလာဆပ်ပါလား၊ ကဲ . . .အမှန်အတိုင်းပြောပေတော့၊ ဘယ်လောက်လဲ၊ ဘယ်နှစ်သိန်း လဲ"

လောဘတွေ ငန်းငန်းတက်နေသည့် ကောင်မလေးအား ထိုသူက စိတ်ပျက်စွာကြည့်နေရင်းမှ သက်ပြင်းတစ်ချက်ချလိုက်





သည်။

"ကိုယ်က သိတတ်လို့ လာရှာပြီးပေးမှာနော်၊ တကယ်ဆို . . . မင်းတို့ ဘာမှသိကြတဲ့ကိစ္စလည်း မဟုတ်ဘူး၊ စေတနာပျက် အောင် ပြောမနေနဲ့၊ မင်းကိုလည်း တစ်ယောက်တည်း လက်သိပ်ထိုး ပေးခဲ့လို့ ဖြစ်ပါ့မလား၊ မင်းအိမ်ကို လိုက်ပေးမှပဲ ဖြစ်မယ်"

"အို . . . မလိုက်နဲ့၊ ရှက်တယ်၊ ကျွန်မက ဘာဖြစ်လို့ သို ဝှက်ထားရမှာလဲ၊ ရှင် ပေးစရာရှိတာသာ မြန်မြန်ပေးခဲ့ပေါ့"

အရောင်လက်သောမျက်ဝန်းများနှင့် ရွှန်းသီရိကို အတန် ကြာကြည့်နေပြီးမှ ထိုသူက စီမံချက်ချခဲ့သည်။

"ကိုယ် စိတ်ကူးတာက . . . အခု မင်းတို့အိမ်မှာ ဆေး ကျောင်းသားနှစ်ယောက်တောင် ရှိတယ် မဟုတ်လား၊ အဲဒီအတွက် တစ်လကို တစ်သိန်းလောက် ထောက်ပံ့မယ်လို့"

"အို . . . ရှုပ်ပါတယ်၊ ရှင် ဘယ်အချိန်ထိ ထောက်ပံ့နေမှာ မို့လဲ၊ အခု တစ်ခါတည်းသာ ရှင်ပေးချင်သလောက် ပေးခဲ့ပေါ့"

"မရဘူး၊ ဒါ . . .ဘယ်သူမှမသိတဲ့ အကြွေး၊ ဒီတော့ ကိုယ် ကြိုက်သလိုပဲ စီစဉ်မယ်၊ မင်းတို့မောင်နှမနှစ်ယောက်ရဲ့ ကျောင်း စရိတ်အတွက် တစ်လကိုတစ်သိန်း ပို့ပေးမယ်၊ ကျောင်းပြီးတဲ့အထိ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုပို့မှာလဲ၊ ကျွန်မတို့မှာက အိမ်လိပ်စာ အတည် တကျ မရှိဘူးနော်၊ အိမ်ငှားနေရတာ၊ ခဏခဏ အိမ်ပြောင်းရတယ်"

"ကောင်းပြီ . . . ဒါဆို ဒီကျောင်းလိပ်စာနဲ့ ပို့မယ်၊ မင်း နာမည်နဲ့ ပို့မယ်"

"အိုကေ"

ရွှန်းသီရိက ဝမ်းသာအားရဖြစ်နေစဉ်၊ ထိုသူက ယခုလ အတွက်ဆိုပြီး ငွေတစ်သိန်း ထုတ်ပေးခဲ့လေ၏။

ဒီငွေတွေအကြောင်းကို သိလျှင် မမနှင့်အရီးလည်း ပျော်ရွှင် ပေလိမ့်မည်။ အစ်ကိုရှိုင်းကတော့ သူတို့ထက်ကိုပိုပြီး ပျော်လိမ့်မည်။

အခန်း (၆)

ငွေထုပ်ကို ရှေ့ချပြီး မမဘရဏီ ဖြစ်ပျက်နေပုံက ယခုပင် ဘေးဒုက္ခရောက်တော့မည့်ပုံ။ ယခုပင် ကမ္ဘာပျက်တော့မည့်ပုံ။

ကျွတ် . . . အဲဒါတွေ စိတ်ပျက်တာပဲ။ နေရာတကာ အတွေး ကိုခေါင်တယ်။

ရွှန်းသီရိမှာ ပြန်ရောက်ကတည်းက . . . မမ . . . စိတ် ဆေးမေးမြန်းနေတာကြီးကို စိတ်ကုန်လှပါပြီ။ အရီးကလည်း နေမိ နေရာမှာ ခြေပစ်လက်ပစ်ထိုင်ပြီး ပြောင်းဖူးဖက်လိပ်ကြီးကိုသာ ဖွာနေခဲ့သည်။

"သေသေချာချာ ပြန်ပြောစမ်းပါဦး ညီမလေးရယ် . . . ဒီ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တွေဟာ ယုတ္တိမရှိဘူး၊ ဒါ . . . တစ်ယောက်ယောက်က အကြောင်းတစ်ခုခုကြောင့် ဉာဏ်ဆင်တာ ဖြစ်မယ်၊ အဲဒီလူရဲ့ ပုံသဏ္ဍာန်ကို ပြောပြစမ်းပါဦး"

မမကို မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး . . . ရွှန်းသီရိ ပြောပြရပြန်သည်။ ဟင်း . . . အဘွားကြီးကျနေတာပဲ။

"အရပ်ရှည်ရှည်၊ အသားလတ်လတ်နဲ့ လူပုံစံကတော့ လူချောပဲ၊ ကြည့်လို့ကောင်းတယ်၊ တည်ကြည်ပုံလည်း ရတယ်၊ အင်း . . .ရိုးသားပုံလည်း ရပါတယ်၊ ဒါပေမဲ့လေ . . .မရိုးသားလို့ပဲ ကျွန်မတို့ငွေတွေကို ဖုံးထားတာပေါ့၊ အခုမှ သူ့အပြစ်တွေကို သူ နောင်တရပြီး လာပေးတာဖြစ်ရမယ်၊ ဒါမှမဟုတ် . . . ဖေဖေနဲ့မေမေက သူ့ကိုလိုက်ပြီး အိပ်မက်တွေပေး၊ သတိတွေပေးနေလို့ မနေရဲ ဖြစ်ပြီး လာပေးတာပဲ ဖြစ်ရမယ်"

"တော်စမ်းပါ မိရွှန်းရယ် . . . ပေါက်ကရတွေ တော်တော်ပြော၊ ငါစိုးရိမ်တာက နင့်အတွက်ပါ၊ ဒီလူဟာ နင့်ကိုချဉ်းကပ်ချင်လို့များ အခုလို ဉာဏ်ဆင်ပြီး ထောက်ပံ့နေတာလားလို့ပါ၊ ကြားဖူးတယ်လေ . . . ဒီလိုနဲ့ နင် သူ့ညွှတ်ကွင်းမှာ မိသွားမှာစိုးတာ၊ သူဟာ . . . နင့်ကို ငွေနဲ့မျှားနေတာများလား"

"ဟာ . . . မဆိုင်လိုက်တာ၊ မမတို့ အတွေးတွေ . . အံ့ချော်





နေပြီ၊ ဒါကြောင့် မမဟာ . . . သူများမလုပ်တဲ့ အလုပ်ကိုလုပ်ပြီး မသက်မသာဖြစ်နေရတာ၊ ဒီလူပြောတာ အရှင်းကြီး . . . ဖေဖေနဲ့ မေမေရဲ့ ကျေးဇူးကြောင့် သူကြီးပွားခဲ့ရတာ . . . တဲ့၊ ဟုတ်မယ် . . . နှစ်ပေါင်းခုနစ်နှစ်အတွင်း အဆင်ပြေနိုင်တာပေါ့၊ အခု သူ စီးလာတာ ပါဂျဲရိုးနဲ့ . . .သိလား၊ သူက . . . ညီမတို့မောင်နှမရဲ့ ကျောင်းစရိတ်အတွက် တစ်လကို တစ်သိန်းပို့ပေးမယ်တဲ့"

"ဘယ်အချိန်ထိလဲ"

"ကျောင်းပြီးတဲ့အချိန်အထိ . . . တဲ့၊ ဘာပဲဖြစ်ဖြစ် . . . ဒါ . . . နည်းတဲ့ကုသိုလ် မဟုတ်ဘူးလေ၊ တစ်လ တစ်သိန်းဆိုတာလည်း ကျွန်မတို့အတွက်သာ မနည်းရှာနေရတာ၊ တကယ်ကျ . . . ဘာမှမဟုတ်ပါဘူး"

"ဒီလိုတွေးလို့ ဘယ်ဖြစ်မလဲကွယ် . . . ဘာပဲဖြစ်ဖြစ် . . အိပ်မက်ဆန်လွန်းလှတယ်၊ ပုံပြင်လိုပဲ"

"ကဲ . . .ကဲ . . .ဒေါ်ဘရဏီကြီးရေ . . .အဲဒီမှာသာ ထိုင်ပြီး စဉ်းစားကျန်ခဲ့၊ ညီမတော့ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် ထမင်းစားမယ်၊ စာကျက်စရာတွေ အများကြီးရှိတယ်"

စကားပိုင်းမှ ရွှန်းသီရိ မြူးရွှင်စွာ ထသွားခဲ့လျှင် ဘရဏီ အရိုးအနားသို့ သွားထိုင်မိခဲ့သည်။ သူမ၏မျက်ဝန်းမှာလည်း မှုန်



www.burmeseclassic.com

www.burmeseclassic.com



ရည်တွေက အပိုင်းသား။

"အရီးရယ် . . . ကျွန်မစိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ အဲဒီလူဟာ . . . ညီမလေးကို ချဉ်းကပ်တာများလား၊ ကျွန်မ ညီမလေး တစ်ခုခု ဖြစ်သွားမှာ သိပ်စိုးရိမ်တာပဲ"

အရီးကမူ . . . ငွေထက် ဘရဏီစိတ်ခံစားမှုကိုသာ အလေးထားပြီး ကူညီဖျောင်းဖျခဲ့သည်။

"ဒီလောက်လည်း အစိုးရိမ်မကြီးပါနဲ့ သမီးရယ်၊ ဒီကိစ္စဟာ ထူးဆန်းတာတော့ အမှန်ပဲ၊ ဒါပေမဲ့လေ စိတ်ကောင်းရှိတဲ့ ငါ့သမီးလေးအတွက် အထောက်အကူဖြစ်သွားတာတော့ အမှန်ပဲ မဟုတ်လား၊ အခုလည်း . . သူပြောပြတဲ့အထဲမှာ အနှောင်အဖွဲ့တွေ၊ အချုပ်အနှောင်တွေ၊ စည်းမျဉ်းဥပဒေတွေ ပါမှမပါဘဲကွယ်၊ အခြေအနေတွေ စောင့်ကြည့်လိုက်ပါဦး၊ ဒါ . . .ဝမ်းသာရမယ့်ကိစ္စပါကွယ်၊ တို့တူဝရီး အသက်ရှူချောင်ရမယ့်ကိစ္စပါ"

"ဟုတ်တော့ ဟုတ်ပါတယ် အရီးရယ် . . . ဒါပေမဲ့"

"ကဲ . . . ဘာမှ ဒါပေမမဲ့နဲ့တော့၊ ခုချိန်ကစပြီး ငါ့သမီး မလုပ်ချင်တဲ့ အနှိပ်သည်ဘဝကို မလုပ်နဲ့တော့၊ တခြားသင့်တော်မယ့် အလုပ်တစ်ခုခုကိုသာ ရွေးချယ်ပြီး လုပ်ပေတော့ . . . အရောင်းစာရေးမ ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်၊ ဟုတ်တယ် . . . အနှိပ်သည်အလုပ်





ဆိုတာ အရီးတို့ လို အိုမင်းပြီး တွင်းဆုံးကျနေတဲ့အရွယ်ကြီးတွေနဲ့ပဲ တော်ပါတယ်ကွယ်၊ ငါ့သမီးလေးက ငယ်ငယ်လှလှလေးပါ၊ ဘဝမှာ . . . အညွန့်တလူလူနဲ့ ရှင်သန်တက်ကြွရမယ့် အရွယ်ပါ"

"တော်ပါတော့ အရီးရယ် . . . ဘရဏီ ကြားရတာ ရင်နာလွန်းလို့ပါ၊ ဘရဏီ အဆင်ပြေရင်လေ . . . အရီးကို ခေါင်းရင်းခန်းမှာ ထားပြီးတော့ကို ပြုစုမယ်၊ အလှကြည့်မယ်"

"ယုံပါတယ် သမီးရယ်၊ သမီးရဲ့စေတနာကို အရီး ယုံကြည်ပါတယ်၊ ကဲ . . . ငါ့သမီးလည်း တစ်နေ့လုံး ညောင်းညာကိုက်ခဲလှပါပြီ၊ အနားယူလိုက်ဦး၊ အရီး ထမင်းချက်မယ်"

"အမယ် . . . အရီး မချက်ရပါဘူး၊ သမီး ချက်မယ်၊ ဟင်းကတော့ မနက်က ငါးခြောက်ကြော်နဲ့ပဲပေါ့၊ ငရုတ်သီးနဲ့ကြော်ထားတာပဲ၊ ရေနွေးကြမ်းသောက် စားရတာပေါ့"

ပြောပြောဆိုဆိုနှင့်ပင် ဘရဏီ ထမင်းချက်ဖို့ ပြင်ဆင်နေလျှင် ခေါင်းကြင်မှာ ခေါင်းကို ခါယမ်းမိတော့သည်။

အိမ်မှာ . . . ဟိုကလေးနှစ်ယောက်က တစ်စက်ကလေးမှ မသိတတ်ကြပါ။ စာဆိုမှ စာ။ ဘာပဲဖြစ်ဖြစ် . . . ကိုယ့်အဝတ်တော့ ကိုယ်လျှော်ဖို့ ကောင်းတာပေါ့။ ကိုယ့်ဝေယျာဝစ္စလေးတော့ ကိုယ် လုပ်ဖို့ ကောင်းတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ယခုကျ . . . ဘရဏီလေးမှာသာ တစ်နေကုန်လည်း ငွေရှာရ၊ အိမ်မှာကျတော့လည်း အနားမရ၊ တစ်အိမ်သားလုံးအတွက် ချက် . . ပြုတ် . . ဖွပ် . . လျှော်။

ဒေါ်ကြင်မှာ ကူချင်ကယ်ချင်ပေမယ့်လည်း ကိုယ်ကလည်း စိတ်သာရှိတော့အောင် ချူးချူးကျနေသည့်အရွယ်။ တစ်နေ့လုံး . . နင်းနှိပ်ပေးပြီးသည့်အခါ ခြေကုန်လက်ပန်းကျနေရပါပြီ။

သည်တော့လည်း စိတ်မကောင်း လက်မကောင်းရှိရုံမှ တစ်ပါး ဒေါ်ကြင် ဘာမှမတတ်နိုင်တော့ပါချေ။

## အခန်း (၇)

သည်ကနေ့လည်း ခုံတန်းပြာမှာ တိတ်တဆိတ် ထမင်းစားဖို့ ရွှန်းသီရိ ရောက်လာမိခဲ့သည်။ သည်ခုံတန်းပြာသည် သူမကို ညို့ယူလွန်းလှသည်။ သည်ခုံတန်းပြာရဲ့ အနားမှာပဲ . . . စိုင်းဝေဟင်ကို တွေ့ရသည်။ နောက် သူမတို့ဘဝကို . . . မ,မည့်သူ တွေ့ခဲ့ရသည် မဟုတ်ပါလား။

သည်နေ့တော့ ထမင်းဘူးထဲမှာ ဝက်သားဟင်းနှင့်။ လူဆိုတာလည်း စီးပွားရေးအခြေအနေအရ . . . ဟင်းပြောင်းတတ်ကြတာပဲ မဟုတ်လား။ ယခုနေ စိုင်းဝေဟင်ရောက်လာလျှင် သူမ ထ,ပြေးမည် မဟုတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ဟင်းကလည်း လူမြင်ကောင်းနေသည့်အပြင် ကောင်လေးကလည်း ညက အိပ်မက်ထဲမှာ တစာစာ လိုက်ပြီးတောင်းပန်နေလို့ ဖြစ်သည်။

အိပ်မက် . . . တဲ့။ အိပ်မက်ဆိုတာ ဘာလို့မက်တာလဲ၊ ကိုယ်ရဲ့စွဲလမ်းမှုကြောင့်လား။ ဒါမှမဟုတ် သူ့ရဲ့စွဲလမ်းမှုကြောင့်လား။ ကိုယ့်ကြောင့်မက်တာဆိုလျှင်ဖြင့် သူမ . . . ရှုံးသည်။

"အဲ . . ."

ထမင်းဘူးဖွင့်ပြီး . . . တစ်လုပ်နှစ်လုပ်ပဲ စားရသေး၊ ကောင်လေး . . . ငုတ်ခနဲ အနားသို့ရောက်လာတော့ ရွှန်းသီရိ တကယ်ပင် ပျော်ရွှင်သွားခဲ့သည်။

ဘဝမှာ . . . ကံဆိုးမိုးမှောင်ကျခဲ့ရတာ ကြာပြီ။ ဒီကောင်လေးဟာ လာဘ်ကောင်လေးပဲ . . . ဇီးကွက်ကလေးပေါ့။ တကယ်လည်း မျက်လုံးပြူးပြူးလေးနှင့်ကောင်လေးသည် အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ စတိုင်မိမိနှင့် လူချောလေးပါ။

"မမ . . . ဒီနေ့တော့ မပြေးတော့နဲ့နော်၊ ကျွန်တော် ညက တစ်ညလုံး အိပ်မရဘူး"

"ဟုတ်မယ် . . . ဟုတ်မယ် . . . ဒါကြောင့် မျက်ခွံတွေ ဖောင်းနေတာ"





အအိပ်လွန်ထားသည့်ရုပ်မို့ရွှန်းသီရိ မျက်စောင်းထိုးမိလျှင် ကောင်လေးက ရှက်ရယ် . . . ရယ်ခဲ့သည်။

"ဟုတ်တယ် မမရဲ့ . . .မျက်လုံးဖောင်းတာက နဂိုဖောင်းပါ၊ ကျွန်တော်က ရှမ်းကပြားလေး မဟုတ်လား၊ အိပ်ရေးပျက်လေ၊ မျက်လုံးဖောင်းလေပါ"

"ထားပါတော့ . . . အခု ဘာလုပ်တာလဲ"

"မမနဲ့ ထမင်းအတူစားမလို့လေ၊ ဟင်းတွေ၊ ထမင်းတွေလည်း ပိုထည့်လာခဲ့တယ်၊ ကျွန်တော် မနေ့က စဉ်းစားနေမိတယ်၊ မမ . . . ထပြေးတာ ဟင်းမကောင်းလို့ပဲ ဖြစ်ရမယ် . . . လို့၊ နောက်ပြီး . . . ကားနဲ့လူက ဘယ်သူလဲဟင်၊ ကျွန်တော့်ရင်တွေ ပူလိုက်တာဗျာ"

ကောင်လေး၏စကားကြောင့် ရွှန်းသီရိ ကျေနပ်ပီတိဖြစ်သွားမိသည်မှာ ဘာကြောင့်မသိ။ သူမ . . . စိုင်းဝေဟင်ကို နှစ်သိမ့်လိုက်သည်။

"ကဲ . . . ဘာမှပူမနေနဲ့၊ မင်းနဲ့ တို့နဲ့ သူငယ်ချင်းဖြစ်သွားတဲ့ အထိမ်းအမှတ်နဲ့ ထမင်းစားကြရအောင်၊ ပြီးမှ ကားနဲ့လူအကြောင်း မင်းကိုပြောပြမယ်၊ ထမင်း အရင်စားကြမယ်"

"ကျွန်တော်တော့ ရင်ပူဟပ်နေရတာနဲ့ ထမင်းတောင် စား



www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ် မရှိပါဘူးဗျာ၊ ရင်ထဲမှာ ဘာတွေနဲ့ ပြည့်နေတယ် မသိဘူး"

"မပိုနဲ့ ဟောကောင်လေး . . . မင်း မစားလည်းနေ၊ ငါတော့ စားရဦးမယ်၊ မနက်က ဘာမှ စားမလာခဲ့ရဘူး"

ပြောပြောဆိုဆိုနှင့်ပင် ရှွန်းသီရိ ထမင်းဆက်စားလေမှ ကောင်လေးက သူ့ထမင်းဘူးကို ဆွဲထုတ်ဖွင့်လှစ်လိုက်သည်။

ဟင်းနံ့များက ထောင်းခနဲနေအောင် မွှေးပျံ့လာလေ၏။

အား . . . ဒီနေ့လည်း ပုစွန်တုပ်ဆီပြန်နှင့် ကြက်ဥဟပ် (ဖ) ကြော်တွေ။ ဟင်းတွေက အများအပြား။ သူ ပြောသလို . . . သူမအတွက် ပိုထည့်လာတာ ဖြစ်နိုင်ပါသည်။

ကောင်လေးက . . . ရှွန်းသီရိအထဲသို့ ပုစွန်တုပ်တစ်ကောင် ထည့်ပေးခဲ့သည်။

"ပုစွန်တထုပ် နေ့တိုင်းစားသလား၊ ဘယ်လို ရှမ်းလဲ . . . ပဲပုပ်တို့ ဘာတို့ မစားဘူးလား"

ရှွန်းသီရိမှာ သူထည့်ပေးသည့် ပုစွန်တုပ်ရဲရဲလေးကို အားရပါးရ စားပစ်လိုက်သည်။ သူနှင့်ကိုယ်ဟာ သူစိမ်းတွေ မဟုတ်တော့ပါဘူး။ အိပ်မက်ထဲမှာ တစ်ညလုံး မက်ပြီးပြီလေ။ အိပ်မက်ထဲမှာ ဒီလိုပဲ ပုစွန်တုပ်တွေ အများကြီးနှင့် ထမင်းစားခဲ့ပြီးပြီဖြစ်သည်။

"ကျွန်တော်က ရှမ်းပေမယ့် . . . တောင်ကြီးမှာ မွေးရုံမွေး





တာ။ ငါးနှစ်သားကတည်းက ဒီရန်ကုန်ကို ရောက်နေတာ"

"ဟုတ်လား၊ ဒါဆို . . . ဖက်စပ်ပေါ့၊ ဒါကြောင့် အသံမဝဲတော့တာ"

ထမင်းစားရတာ အရှိန်ရလာသောအခါ . . .

စိုင်းဝေဟင်၏ပုစွန်တုပ်တွေ သူမ၏ဘူးထဲသို့ အားလုံးနီးပါး ရောက်ရှိလာပြီး သူမကလည်း ဝက်သားအဆီတုံးတွေ၊ ကိုယ်မစားချင်သမျှ သူ့ဘူးထဲသို့ အကုန်ထည့်ပေးလိုက်တော့သည်။

"ခုမှ . . . အမှိုက်ပုံး တွေ့တော့တယ်"

"ခင်ဗျာ"

ကောင်လေး . . . အိုးတို့ အ . . . တ ဖြစ်နေသမျှ ရှွန်းသီရိ . . . တခစ်ခစ် ရယ်မိသည်။

အို . . . ပျော်လိုက်တာ။ ကောင်လေးနှင့် ခင်ရလို့ရော။ ပုစွန်တုပ်ကြီး စားရလို့ရော။

တကယ်ပါ . . . သူမဘဝမှာ ပုစွန်တုပ်ဆိုတာ ရုပ်ပုံထဲမှာသာ မြင်ရသည့်ဟင်းပါ။ စားရဖို့ဆိုတာ ဝေးလာဝေး။

"ရန်ကုန်မှာကြီးတဲ့ ရှမ်းကလေးကလည်း ဘယ်ချောင်မှာ သွားအိပ်နေတာလဲ၊ မင်း . . . အ . . . ချင်ယောင်ဆောင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်သည် . . . လူကို နုံအထုံထိုင်းစေ၏။ နှလုံးသွေးတို့ကို ရပ်တံ့စေ၏ . . . တဲ့ . . . မမရဲ့"

"အလို . . . ဒါ . . . ဘယ်သူသင်ပေးလိုက်တဲ့စကားလဲ"

"အဟဲ . . . ဟိုကောင်တွေလေ . . . ဟိုကောင်တွေ၊ ကျွန်တော့်အခြေအနေ၊ အဖြစ်အပျက်နဲ့ ကိုက်ညီတဲ့ စကားလုံးကို သူတို့ ရှာပေးလိုက်ကြတာ"

စိုင်းဝေဟာင် လက်ညှိုးထိုးပြလို့ ရွှန်းသီရိ ကြည့်လိုက်လျှင် ကော်ရစ်ဒါထောင့်မှ ကောင်လေးတစ်သိုက် နောက်ပြန်ပြေးသွားတာကို မြင်လိုက်ရလေသည်။

တော်တော်ဆိုးတဲ့ ကောင်လေးတွေပဲ။

ရွှန်းသီရိဆိုတာလည်း မနေ့ကထိ . . . ငွေမရှိလို့ စိတ်ညစ်ပြီး လောကကြီးအပေါ် အလိုမကျ၊ အကောင်းမမြင်မိခဲ့သမျှ သည်ကနေ့တော့ ငွေအတွက် ခေါင်းမခဲရတော့သဖြင့် လောကကြီးအပေါ် အကောင်းမြင်နေခဲ့လေပြီ။

ဘာပဲဖြစ်ဖြစ် . . . ပုစွန်တုပ် နေ့တိုင်းစားရမှာ အမြတ်ပေါ့။

မကြာမီ . . . ပန်းဝင်သွားသူလို ရွှန်းသီရိထမင်းဘူးက အရင် စပြောင်သွားခဲ့သည်။

သူ့စကားတွေကို ရွှန်းသီရိ မသိချင်ယောင်ဆောင်လိုက်





ပါသည် . . . ဒါလေးများ။

ကောင်လေး၏ ထမင်းဘူးကတော့ တစ်ဝက်ပင် မကျိုးသေး။ ကြည့်စမ်း . . . ထမင်းလုံးလေးတွေကလည်း လှလိုက်တာ။ မွှေးပျံ့ကော့အိနေတာပဲ။ ဒီထမင်းမျိုးဟင်းမျိုးကိုများ . . . ဆေးစားသလို စားနေရသတဲ့။

"စားလေ . . . ဘယ်လိုလဲ . . . ကူစားပေးရမလား"

"မမ"

"ဘာလဲ"

တကယ်ဆို . . . သူနှင့်ကိုယ် . . . လွန်ကွာလည်း အသက်တစ်နှစ်ပေါ့။ သို့သော် . . . သူက ရွှေပုံပေါ်မှာ မွေးဖွားခဲ့ဟန်တူပြီး၊ သူမက . . . မြေကြီးပေါ်မှာ မွေးဖွားခဲ့သူမို့ အသိနှင့် ရင့်ကျက်မှု ကွာပုံရလေသည်။

"မမ . . . ထမင်းစား မပျက်ဘူးနော်"

သူ့စကားကြောင့် ရွှန်းသီရိမျက်လုံး ယခုမှ ပြူးရ၏။

"ဘာလို့ ပျက်ရမှာလဲ၊ တို့ . . ဖျားမှမဖျားတာ၊ နေကောင်းတယ်လေ"

"မဖျားပေမယ့် ကျွန်တော်တော့ ထမင်းစားလို့မရဘူး၊ မမ . . . ဘယ်လိုမှ မခံစားရဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



အူကြောင်ကြောင်ကောင်လေးပဲ။ သူ . . . ဘာကို ဆိုလိုသည်မှန်း ရွှန်းသီရိ သိပါသည်။ ကိုယ်လည်း ငယ်ရာက ကြီးလာတာပဲ။ အဲလေ . . . ကိုယ်က မိန်းကလေးပဲ။ သည်ဗျူဟာတွေ . . . ကြုံဖူး၊ ကြားဖူးတာပေါ့။

သို့သော် . . . သူ့ပုစွန်တုပ်တွေကို ကုန်အောင် ညာစားပြီးပြီမို့ ရွှန်းသီရိ ထမင်းဘူးသိမ်းပြီး နေရာမှ ထဖို့ပြင်လိုက်သည်။

"ကဲ . . . စားလို့ ပြီးသွားပြီ၊ သွားတော့မယ်"

သည်အခါ ကောင်လေး ပျာယာခပ်သွားပုံမှာ ရယ်စရာ။

"နေ . . . နေပါဦး မမရယ် . . . စကားတွေပြောရအောင်နော်၊ ကျွန်တော်လည်း ဝ,ပါပြီ"

ပြောပြောဆိုဆိုနှင့်ပင် စိုင်းဝေဟင်က သူ့ထမင်းဘူးလေးကို ပိတ်လိုက်သည်။ သူက ဆွဲတော့မလို၊ တားတော့မလိုနှင့် မနေတတ် မထိုင်တတ်ဖြစ်နေလျှင် ရွှန်းသီရိ ခုံတန်းပြာတွင် ပြန်ထိုင်ရပြန်၏။

"ဘာစကားတွေ ပြောစရာရှိလို့လဲ၊ တို့နှစ်ယောက်ကြားမှာ ဘာစကားမှ ပြောစရာမရှိပါဘူးနော်"

"ရှိတာပေါ့ဗျာ၊ မနေ့က ကားနဲ့လူက ဘယ်သူလဲ၊ မမနဲ့ ဘာတော်သလဲ"





"ဩော် . . . ဒါလား၊ ပြောရင်တော့ မင်းလည်း ယုံမှာမဟုတ်ဘူး၊ ပြီးတော့ ဒီလောက်ခင်မင်ရုံလေးနဲ့လည်း ကိုယ့်အတွင်းရေးတွေ ပြောမပြချင်ပါဘူး၊ ဒါပေမဲ့ . . . မင်းဟာ ဇီးကွက်လိုပဲ ငါ့အတွက် လာဘ်ကောင်လေးပဲ၊ မင်းနဲ့တွေ့ပြီးမှ . . . တို့ရဲ့ကံကြမ္မာတွေ အားလုံး ပွင့်လန်းသွားတယ်"

ရွှန်းသီရိ၏အသွင်က တကယ်ပဲ ကြည်လင်ရွှင်မြူးနေလျှင် စိုင်းဝေဟင် အံ့ဩရပါ၏။ မနေ့ကအထိ မှုန်ကုပ်ကုပ်နှင့် လောကကြီးအပေါ် အလိုမကျသည့် မမသည် ယခုကျတော့ ဖူးပွင့်စ ပန်းကလေးလို . . . ပွင့်လန်းလှပသွားပေပြီ။

"မမစကားတွေကို ကျွန်တော်တော့ လုံးဝနားမလည်နိုင်တော့ဘူးဗျာ"

"အဲဒါပဲ ကောင်းတယ်၊ နောက် . . . တို့တွေ တကယ့်ကို ခင်မင်ရင်းနှီးလာပြီဆိုတော့မှ အဲဒီအကြောင်းတွေ ပြောပြမယ်၊ ခုတော့ သွားတော့မယ်"

"နေ . . . နေပါဦးဗျာ၊ အဲဒီအကြောင်းဟာ . . . ကျွန်တော် ရင်ပူရမယ့်၊ ခံစားရမယ့် ပြဿနာတစ်ရပ်များ ဖြစ်နေမလားဆိုတာလည်း ပြောပြပါဦး"

"စိတ်ပူစရာ မဟုတ်ပါဘူး၊ ဒါတော့ စိတ်ချ၊ ကဲ . . . [illegible] . .



www.burmeseclassic.com

www.burmeseclassic.com



ကလပ် (စ) ရှိသေးတယ်၊ နောက်မှတွေ့မယ်"

သည်တစ်ခါတော့ ရွှန်းသီရိ တကယ်ထွက်လာခဲ့လျှင် စိုင်းဝေဟင်ကလည်း သူမ၏နောက်မှ ထက်ကြပ်ကပ်လိုက်လာဖို့ ကြိုးစားလေသည်။

"မလိုက်နဲ့ . . . ကျန်ခဲ့၊ တို့မှာ အတန်းတူ အမြွှာအစ်ကိုတစ်ယောက် ရှိသေးတယ်၊ သူ့နာမည် ရှိုင်းသီရိတဲ့၊ သူက မလွယ်ဘူး"

"ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ဗျာ . . . မမလည်း အထက်တန်းကျောင်းသူလေးမှ မဟုတ်တော့တာ၊ ဒီလောက်ထိ ချုပ်ချယ်နေစရာ မလိုပါဘူး၊ ဒီအရွယ်ဟာ ရည်းစားထားတဲ့အရွယ်ပဲ"

စိုင်းဝေဟင် ဆင်ခြေတက်နေလျှင် ရွှန်းသီရိ ရှင်းပြရလေသည်။

"မရဘူး . . . တို့မိသားစုရဲ့ ရည်တည်မှုက တစ်မျိုးလေ၊ တို့မောင်နှမနှစ်ယောက်စလုံး ဘွဲ့မရခင် ရည်းစားမထားရဘူး၊ အိမ်ထောင်မပြုရဘူး၊ ဒါ . . . တို့မိသားစုရဲ့ဥပဒေပဲ"

"ဟာဗျာ . . . လူဖြစ်ကျိုး နှုံးလိုက်တာ၊ ဘာပဲဖြစ်ဖြစ် . . ဘွိုင်းဖရန့်တော့ ထားကောင်းပါတယ်၊ ကိုရှိုင်းသီရိမှာလည်း ဂဲလ်ဖရန့်တွေ ရှိသားပဲဟာ"

"မင်းက သူငယ်ချင်းပဲ ဖြစ်ချင်တာလား"





စိုင်းဝေဟင် စကားမဆက်တတ်တော့ဘဲ တစ်လစ်လစ်ဖြစ်နေလျှင် ရွှန်းသီရိမှာ တိတ်တခိုးပြုံးရင်း . . . သူ့ကို ထားခဲ့ပါတော့သည်။

အတော် ရယ်ရတဲ့ ကောင်လေးပဲ။

ဘာပဲဖြစ်ဖြစ် . . . ပုစွန်တုပ်ကြီး နေ့တိုင်းစားရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အနှိပ်သည် ဆိုပေမယ့် အရိုးသင်ပေးထားသဖြင့်ရော၊ ကိုယ်တိုင်ဉာဏ်ပါးမှုကြောင့်ပါ ဘရဏီသည် အကြော၊ အရိုးတို့ကိုပါ နားလည်ပေသည်။

သို့သော် ခွမ်းဆန်ထဲ ကြွက်ချေးရော ဆိုသလို . . . သူမ က ရုပ်ချောပြီး၊ ငယ်ရွယ်နုနယ်သူဖြစ်နေသည့်အခါ သူမကို တကယ် လိုအပ်သူတို့အပြင် . . . ဇိမ်ခံချင်သူများကလည်း နှိပ်ခိုင်းချင်တတ် ကြပေသည်။

ဘရဏီကလည်း အဲဒါကို စိတ်အပျက်ဆုံးပါပဲ။ ယခုတလော အရိုးမှာ တရှောင်ရှောင်ဖြင့် ကျန်းမာရေးလည်း မကောင်းလှ သည့်အခါ . . . ဘရဏီမှာ သိပ်ပြီးဇီဇာမကြောင်နိုင်တော့သူလို ဖြစ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . . ရွှန်းသီရိတို့မောင်နှမအတွက် ကျောင်းစရိတ်မှာ ပူစရာမလိုတော့သဖြင့် အနည်းငယ် စိတ်အေးရပါသည်။

သူမဟာ . . . အိမ်လခ၊ စားစရိတ်နှင့် အထွေထွေစရိတ်တွေပဲ ရှာရပါသည်။ အင်း . . . ဒါလည်း လွယ်တော့ မလွယ်ပါဘူး။ အရိုးက အရင်လို အလုပ်မလုပ်နိုင်တော့သည့်အခါ . . . ဘရဏီမှာ ပိုပြီး ငွေရှာရပြန်သည်။

သည်နေ့လည်း . . . ထုံးစံအတိုင်း . . . သူမ နှိပ်နေကျ ရပ်ကွက်သို့ သွားဖို့ပြင်လိုက်စဉ် . . . အိမ်ရှေ့သို့ ကားတစ်စင်း ရောက်လာပြီး သူမတို့တိုက်ခန်းကြိုးကို ဆွဲလိုက်သည်။

ကြိုးမှ ဆည်းလည်းသံများကြောင့် ဘရဏီ ငုံ့ကြည့်လျှင် ကားထဲမှ လူကြီးတစ်ယောက် ဆင်းလာခဲ့လေသည်။ အသားနီနီ၊ ထောင်ထောင်မောင်းမောင်းနှင့်လူကြီးကို ဘရဏီ ကြည့်နေစဉ် . . ထိုလူက သူမတို့ တိုက်ခန်းသို့တိုင် တက်ရောက်လာခဲ့သည်။

ပြီးလျှင် ဖွင့်ထားသည့်တံခါးမှ သူဝင်လာခဲ့၏။

“မဘရဏီနဲ့ တွေ့ချင်လို့ပါ”

ဘယ်သူပါလိမ့် . . . သို့သော် အနှိပ်ခေါ်ဖို့ပဲ ဖြစ်မှာပေါ့။ ဘရဏီက ထိုသူ့ကို ဧည့်ခန်း ဖိုက်ဘာကုလားထိုင်လေးများမှာပဲ ထိုင်ဖို့ ညွှန်ကြားရပါသည်။





“ကျွန်တော့်အစ်မကြီး လေဖြတ်သွားတာ ငါးရက်လောက်ရှိပါပြီ၊ အင်္ဂလိပ်ဆေးအယူအဆနဲ့လည်း ကုပါတယ်၊ အိမ်မှာဆရာဝန်နဲ့အကျအန ကုသလို့ . . . အနှိပ်ပညာ၊ အကြောပညာနဲ့လည်း ကုကြည့်ချင်ပါတယ်၊ မဘရဏီ နှိပ်ပေးလို့ သက်သာသွားတဲ့ အန်တီစန်းက ညွှန်းလို့ လာပင့်တာပါ၊ ကျေးဇူးပြုပြီး . . .ကျွန်တော့်အစ်မကြီးကို လိုက်ကုပေးစေချင်ပါတယ်”

လူကုံထံတစ်ယောက်က လေးလေးစားစားနှင့် အနူးအညွတ်တွေ ပြောနေလျှင် ဘရဏီ အံ့သြနေရပါသည်။

“ဘယ်နေရာထိအောင် လိုက်ရမှာပါလဲရှင်”

“ရွှေတောင်ကြားမှာပါ၊ ဒါပေမဲ့ အန်ကယ်ကိုယ်တိုင် ပြန်ပြီးပို့ပေးပါ့မယ်လို့ ကတိပေးပါတယ်၊ အခြေအနေထူးခြားလို့ ဆက်ပြီးနှိပ်ရမယ်ဆိုရင်လည်း မဘရဏီကိုလာခေါ်၊ ပြန်ပို့ လုပ်ပေးပါ့မယ် စိတ်ချပါ၊ ငွေလည်း ထိုက်ထိုက်တန်တန် ပူဇော်ပါ့မယ် ခင်ဗျား”

“ငွေက အရေးမကြီးပါဘူး၊ လိုက်သင့် မလိုက်သင့် ကျွန်မ . . . အရိုးနဲ့ တိုင်ပင်လိုက်ပါဦးမယ်”

ရွှန်းသီရိရော၊ ရှိုင်းသီရိပါ ကျောင်းသွားကုန်ကြပြီမို့ . . . ရှိုင်းသီရိအခန်းထဲမှာ ဝင်ရောက်လဲလျောင်းနေရရှာသည့် အရိုးထံ ဘရဏီ သွားရောက်ပြီး အကျိုးအကြောင်း ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းသည့်ကြားမှပင် အရီးသည် သူမအတွက် စိုးရိမ်ပူပန်စွာဖြင့် ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

"သမီးနှိပ်ပေးရမယ့် လူနာက ဘယ်အရွယ်လဲ၊ သမီးက ဒီလို . . . အိမ်တွေမှာလိုက်ပြီး နှိပ်လေ့နှိပ်ထ မရှိပါဘူး၊ ထည့်လို့ မဖြစ်ဘူး ထင်ပါတယ်၊ ခါတိုင်းဆို သမီးနဲ့အတူ အရီးပါလိုက်နိုင်တယ်၊ အခုတော့ အရီးလည်း နေမကောင်းလို့ မထည့်နိုင်ပါဘူးကွယ်"

ဘရဏီကလည်း အရီးစကားအတိုင်း လိုက်နာရန် အသင့်ပါ။ သူမမှာ နှိပ်စရာတွေကတော့ အစဉ်ရှိမြဲ။ နှိပ်နေကျ အိမ်တွေမှာ သွားနှိပ်ရုံပေါ့။

သို့သော် . . . ထိုလူကြီးမှာ ပျာပျာသလဲ ဖြစ်သွားပြီး . . သူမတို့ကို အနူးအညွတ်တောင်းပန်ခဲ့သည်။

"ဒီလိုမဆုံးဖြတ်ပါနဲ့ဗျာ၊ ကျွန်တော်ဟာ ဂုဏ်သရေရှိလူကြီး လူကောင်းတစ်ယောက်ပါ၊ ကျွန်တော့်အစ်မအတွက် အကျိုးထူး မလားလို့ နှိပ်ကြည့်ပါရစေ၊ ဒီမှာ . . . ကျွန်တော့်လိပ်စာကတ်နဲ့ မှတ်ပုံတင်ပါ၊ အဲဒါတွေ ထားခဲ့ပါ့မယ်၊ ဘရဏီကို ပြန်ပို့ပြီးမှ အဲဒါ တွေ ပြန်ယူပါ့မယ်"

တကယ်ပင် ထိုသူက မှတ်ပုံတင်ပါ ထားပစ်ဖို့ပြင်လျှင် သူမတို့လည်း မနေသာတော့ပါချေ။





"ဒီလောက်တောင် အာမခံနေရင်လည်း ဘရဏီ လိုက်သွား ပါရစေ အရီး၊ အန်ကယ့်ကို တစ်ခုတော့ ပြောမယ်နော် . . . လူနာကို ကျွန်မ နှိပ်ပေးပါ့မယ်၊ ဒါပေမဲ့ . . ."

"လိုက်သာလိုက်ခဲ့ပါ မဘရဏီ၊ အကြောင်းထူးရင်လည်း အမြတ်ပေါ့၊ မဘရဏီဟာ ရွက်ပုန်းသီးပညာရှင်တစ်ယောက်လို့ အန် ကယ်တော့ ယုံကြည်မိပါတယ်"

နောက်ဆုံး . . . ထိုအန်ကယ်၏ အစ်မကြီးထံသို့ ဘရဏီ လိုက်သွားဖြစ်လေသည်။

ရှေးထုံးနည်းများအရ အရီးဖော်စပ်ထားသည့် ဆေးရည်ကို လိမ်းပြီး လူနာကို သူမ စနစ်တကျ နှိပ်ပေးခဲ့သည်။

တကယ့်အနှိပ်ပညာ၊ အကြောပညာဆိုတာလည်း ရှိခဲ့တာ ပါပင်။ မြန်မာတွေမှာလည်း လေဖြတ်သူ၊ အကြောတင်၊ အကြော ညပ်သူများကို ရှေးရှေးတုန်းကပင် အနှိပ်ပညာ၊ အကြောပညာဖြင့် ကုသပျောက်ကင်းခဲ့ကြသည် မဟုတ်ပါလား။

ခမ်းနားထည်ဝါသည့် အခန်းကြီးထဲမှာ . . အသက်ငါးဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်အရွယ် လူနာအမျိုးသမီးကြီးအား . . . ဘရဏီ ကုသ၊ နှိပ်နယ်ပေးနေလျှင် အနားမှာ အိမ်သူအိမ်သားများ ဝိုင်းဝန်းကြည့်ရှုနေကြလေ၏။

“ဟယ် . . . နှုတ်ခမ်းရွဲ့တာလေး နည်းနည်းတည့်လာပြီတော့”

“မေမေမြတ် ကြည့်ရတာ လန်းလန်းဆန်းဆန်း ရှိလာတယ်၊ ဒီအနှိပ်ဆရာမလေးဟာ အစွမ်းသားပဲ”

တစ်ယောက်တစ်ပေါက်အသံများက တီးတိုးတီးတိုး ထွက်ပေါ်နေကြ၏။ ဘရဏီကတော့ အရိုးကိုယ်တိုင် ဖော်စပ်ထားသည့် ဆေးရည်ကို လိမ်းလိုက်၊ လိုအပ်သည့်နေရာများကို နှိပ်နယ်ကုသလိုက် ရှိသည်။

သူမ၏ဝမ်းထဲမှလည်း လူနာကို မေတ္တာပို့သလျက်ရှိသည်။ သူမ၏ရင်ထဲမှာ မေတ္တာစိတ်တွေသာ ရှိခဲ့သည်။ ဒီလူနာ ပျောက်ရင်၊ သက်သာရင် ဘယ်လောက်တောင်းလိုက်မည်ဆိုသည့် စိတ်ကူးများ ဘယ်သောအခါမှ မရှိခဲ့ပါချေ။

ဒါဟာ . . . နံ့အမှုတော့ မဟုတ်ပါ။ သို့သော် ဘယ်အခါပဲဖြစ်ဖြစ် အရိုးနှင့် သူမသည် စေတနာကိုသာ ရှေ့တန်းတင်မြဲ။ မေတ္တာတွေသာ ရှေ့တန်းတင်စမြဲ။





ယခုလည်း . . . လူနာအန်တီကြီးအား မေတ္တာပို့သရင်း . ဘရဏီ နှိပ်နယ်ကုသပေးနေခဲ့သည်။

တစ်နာရီမျှ ကြာသွားခဲ့လျှင် လူနာလည်း သက်သောင့်သက်သာဖြင့် အိပ်ပျော်သွားခဲ့ပေပြီ။ သည်တော့မှ . . . အိမ်သားများလည်း ဘရဏီကို ဧည့်ခန်းဘက်သို့ ခေါ်လာကြပြီး ဝိုင်းဝန်းချီးကျူးကြပေ၏။

“တကယ်ပဲ ထူးခြားလာတယ်၊ ရွဲ့၊ ရုံနေတာတွေ လျော့သွားပြီ၊ မင်း . . . နေ့တိုင်း လာနှိပ်ပေးရင် သက်သာရုံမက ပျောက်ကိုပျောက်ရမယ်လို့ မမတော့ ယုံကြည်တယ်”

ဘရဏီကို လာခေါ်သည့် အန်ကယ်ကြီး၏ သားသမီးတွေက ဝိုင်းဝန်းချီးကျူးကြသည်။ သို့သော် ဘရဏီကတော့ ငြိမ်သက်စွာ စဉ်းစားနေမိသည်။

လူနာအန်တီကြီးသည် ဒီအိမ်မှာ တော်တော်အရေးပါပုံရသည်။ အန်ကယ်ကြီးနှင့် မောင်နှမတော်တာလား။ သူ့ဇနီးနှင့် ညီအစ်မ တော်တာလား။ သည်အိမ်မှာရှိသည့် လူတွေကလည်း အများအပြား။ ဘာတွေလဲ . . . ဘယ်လိုတော်စပ်ကြတာလဲ။

လူနာကလည်း သူမကိုတော့ ယုံကြည်အားထားပုံရသည်။ ဝူးဝူးဝါးဝါးနှင့် ဘာတွေပြောနေမှန်း မသိသော်လည်း မသန်



www.burmeseclassic.com

www.burmeseclassic.com



သည့်လက်ကလေးနှင့် သူမကို ကြိုးစားပြီး ဆုပ်ကိုင်သည်။ ဒါ . . . နေ့တိုင်းလာစေချင်သည့် သဘောဖြစ်မည်။

သည်စဉ် . . . အခန်းတစ်ခုထဲမှ အန်ကယ်ဦးစိမ်းအောင် ထွက်လာခဲ့သည်။

"နိုပ်လို့ပြီးသွားပြီလား . . . ထူးခြားလား"

"ဟာ . . . သိပ်ကို ထူးခြားတယ် ဖေဖေ၊ သူသာ ဆက်နှိပ်ပေးမယ်ဆိုရင် . . . မေမေမြတ် ထူးခြားပျောက်ကင်းသွားမှာ သေချာတယ်"

"မေမေ့မရှိတုန်း ဖြစ်သွားတော့ သမီးတို့လည်း ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြတာ။ ဒီလို လေငန်း၊ လေဖြတ်တာတွေဟာ အနှိပ်ကောင်းရင် ပြန်ကောင်းတတ်ကြတယ်လို့ သမီး ကြားဖူးတယ် ဖေဖေ၊ ဖေဖေ . . . သူ့ကိုခေါ်လာပေးတာ အရမ်းကောင်းတယ်"

"ဆရာဝန်နဲ့လည်း ကု၊ သူနဲ့လည်း နှိပ်ဆိုရင် မေမေ ပြန်မလာခင် မေမေမြတ် ပြန်ကောင်းသွားမှာပဲနော် ဖေဖေ"

"ဒါတော့ ဘယ်တတ်နိုင်မလဲကွယ်၊ တို့တွေလည်း အစွမ်းကုန်ကုနေကြတာပဲ၊ ကဲ . . . ဘရဏီကို ပြန်ပို့ပေးကြဦး . . . ဖေဖေ သွားစရာကိစ္စရှိလို့"





ဦးစိမ်းအောင်က . . . ဘရဏီ့ကို စာအိတ်တစ်အိတ် ပေးအပ်ပြီးလျှင် သူက အပြင်သွားဖို့ ပြင်လိုက်သည်။ ဘရဏီ နာရီလှမ်းကြည့်လိုက်ပါ၏။ ယခုမှ ဆယ့်တစ်နာရီခန့်သာ ရှိပါသေးသည်။

"ကျွန်မဘာသာ လိုင်းကားနဲ့ ပြန်ပါ့မယ်၊ အန်ကယ်ဦးစိမ်းအောင် သွားစရာရှိတာ သွားပါ"

"မဟုတ်ဘူးလေ . . . အငယ်မ လိုက်ပို့လိုက်၊ သားရော့ ဒီနေ့ သူ့ကို ကျောင်းမတက်ဖို့ ပြောထားတယ် မဟုတ်လား၊ ဒီကောင် ဘယ်ရောက်နေသလဲ"

ဘရဏီ့ကို လိုက်ပို့ဖို့ တော်တော်ပြဿနာဖြစ်နေလျှင်၊ အားလုံးကို နှုတ်ဆက်ပြီး . . . သူမ ထွက်လာခဲ့ပါသည်။

ပဟေဠိတော့ ပဟေဠိပါပဲ။

လူနာအန်တီကြီး သက်သာသွားပေမယ့် နောက်နေ့တွေလာဖို့ မည်သူကမျှလည်း မဖိတ်ခေါ်ကြပါချေ။ တကယ်ဆို . . . ဆက်လက်နှိပ်သင့်တာပဲ မဟုတ်လား။

အိမ်ရောက်လို့ စာအိတ်ကို ဖွင့်ကြည့်လိုက်တော့လျှင် ငွေတစ်သောင်း တွေ့ရပါလေ၏။

"ဟယ်"

ဒါ . . . သူမရဲ့ သက်တမ်းတစ်လျှောက်မှာ အများဆုံးငွေ



www.burmeseclassic.com

www.burmeseclassic.com



ပင် မဟုတ်ပါလား။

အရီးကတော့ စိုးရိမ်ပူပန်မှုတွေ၊ မယုံသင်္ကာမှုတွေနှင့် ဘုရားကို ညှိုးဖျော့စွာကြည့်လေ၏။

"သမီးရယ် . . . အခြေအနေကောင်းရဲ့လား၊ အဲဒီလူတွေ ဟာ . . . ရိုးမှရိုးကြရဲ့လား"

"ရိုးတော့ မရိုးသားကြဘူး အရီးရဲ့၊ သူတို့ မရိုးသားတာက ဘုရားအပေါ်မှာ မဟုတ်ပါဘူး၊ လူနာအမျိုးသမီးကြီးရဲ့အပေါ်မှာ ပါ။ ဘုရားကို မရ,ရအောင် လာခေါ်ပေမယ့် သက်သာမှန်းသိသွား တဲ့အခါ နောက်နေ့တွေလာဖို့ မပြောတော့ဘူး၊ ဒါ . . . မရိုးသားတာ ပေါ့။ တကယ် မပျောက်စေချင်တာ သိသာလွန်းတယ်"

"ဟင် . . . အဲဒါ . . . ဘာသဘောလဲ၊ သူတို့က အရမ်းချမ်း သာကြတာပဲလား"

"ချမ်းသာတယ်၊ နေတဲ့တိုက်ကြီးကလည်း အရမ်းကောင်း တယ်၊ ကားတွေလည်း ဘယ်နှစ်စီးတောင် ပိုင်တယ်မသိဘူး၊ အိမ် ပေါ်မှာလည်း လူတွေခြောက်ယောက်၊ ခုနစ်ယောက်လောက် ရှိကြ တယ်၊ လူနာအန်တီကြီးဟာ အဲဒီအိမ်မှာ အရေးပါပုံတော့ ရပါတယ်၊ ဘာတွေ ဘယ်လိုကောက်ချက်ချရမယ်တောင် မသိပါဘူး အရီးရယ်"

"ကဲ . . . ကဲ . . . ငါ့သမီးလည်း ပင်ပန်းလှပြီ၊ ဒီနေ့ ငွေ





တစ်သောင်းတောင် ရသွားပြီပဲ၊ အနားယူလိုက်တော့၊ ဒီနေ့ ဘယ်မှ သွားပြီး မနိုပ်နဲ့တော့၊ တို့ တူဝရီး . . . စကားစမြည်တွေပဲ ပြောနေ ကြရအောင်၊ မနက်စာ အရီးချက်ထားတယ် . . . သစ်သီးကုလား ဟင်းနဲ့ ငါးပိကြော်"

"ဟာ . . . အရမ်းထမင်းစားလို့ ကောင်းမှာပဲ၊ ကလေးတွေ ကိုရော ဘာနဲ့ထည့်ပေးလိုက်သလဲ အရီး"

"သူတို့အတွက်တော့ ဝက်သားနဲ့ ထည့်ပေးလိုက်ပါတယ် အေ"

"ကောင်းတယ် . . . ကောင်းတယ် . . . ဘုရား ဒီနေ့ အနားယူပစ်လိုက်မယ်"

ဧည့်ခန်းထဲမှ ဖိုက်ဘာကုလားထိုင်လေးများမှာ အားရပါးရ အနားယူဖို့ ပြင်စဉ် . . . အခန်းတံခါးခေါက်သံ ကြားရပြန်သည်။

တံခါးဖွင့်ပေးလိုက်သည့်အခါ . . . မမျှော်လင့်ဘဲ . . . အောင်နိုင်မိုးကို တွေ့လိုက်ရသည်။

"အမယ် . . . နင်တို့ တူဝရီး ထီများပေါက်ထားကြသလား၊ ကျားသားမိုးကြိုး . . . အိမ်မှာ အနားတွေ ဘာတွေ ယူလို့"

"လူကြီးမင်း . . . လွှတ်လိုက်တာလား၊ သူ အရမ်းသောက် နေပြန်ပြီလား၊ သူနဲ့ မတွေ့တာတောင် ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ဘရဏီမှာ မြင့်မှူးကို သတိရနေသည်မို့ ကိုယ့်ထင်ကြေး ဖြင့် မေးမိသည်။

"ဟုတ်တယ် . . . ဆရာ လွတ်လိုက်တာ၊ ဆရာ အိမ်မှာ ဖျားနေတယ်"

"ဟယ် . . . ဖျားတာ ဆေးခန်းသွားမှပေါ့၊ ဆရာဝန်ပင့်မှပေါ့၊ ငါက ဖျားတာတော့ ဘယ်ကုတတ်မလဲ"

"ငါသိပါတယ်၊ ဒါပေမဲ့ ငါ့ကို ဟိုနှိပ်ဒီနှိပ် . . . နှိပ်ခိုင်းပြီး ဗျစ်တောက်ဗျစ်တောက်နဲ့ ဆူနေတော့ ငါလည်း ကိုယ့်ဆရာအထာ ကိုယ်သိသွားတယ်လေ၊ တပည့်လိမ္မာ၊ ဆရာ အာပတ်လွတ် မဟုတ်လား၊ ကဲ . . . လိုက်ခဲ့ပေတော့"

အောင်ခိုင်မိုးဆိုတော့ အရီးကလည်း စိတ်ချသည်။ ဘရဏီကလည်း မြင့်မှူးထံသို့ သွားချင်မိပါသည်။ သူဟာ . . . သူမအပေါ် စေတနာထားသူ မဟုတ်ပါလား။

"ငါ ထမင်းမစားရသေးဘူး၊ ခဏစောင့်ဦး . . . ထမင်းစား လိုက်ဦးမယ်"

"စားမနေနဲ့တော့၊ ဆရာ့အလစ်မှာ ခဏထွက်လာရတာ၊ အိမ်ကျမှ စား၊ ဆရာလည်း ထမင်းမစားနိုင်တော့ဘူး"

အောင်ခိုင်မိုး ပြောလျှင် ဘရဏီ လျင်မြန်စွာ လိုက်လာရ





တော့သည်။

ကားပေါ်မှာ အောင်ခိုင်မိုးက သူ့ဆရာအကြောင်းတွေ ဖောက်သည်ချလျက်။

"ဆရာက အရမ်း သဘောကောင်းတာ၊ ဘယ်သူ့အပေါ် ဖြစ်ဖြစ် ကူညီတတ်တယ်၊ တကယ်လည်းဟာ ကမ္ဘာကြီးထဲမှာ ချမ်းသာတဲ့သူတွေက အရမ်းချမ်းသာကြပြီး ဆင်းရဲတဲ့သူတွေက စားစရာမရှိအောင် ဆင်းရဲကြပါတယ်၊ လိုအပ်တဲ့သူတွေကို ပေးကမ်းစွန့်ကြဲခြင်းဟာလည်း မင်္ဂလာတရားပါပဲ"

"အမယ် . . . နင့်အယူအဆတွေတောင် တော်တော်တိုးတက်နေပါလား၊ လူသားဆန်လာပြီ"

"ငါ့အယူအဆ မဟုတ်ပါဘူး၊ ငါ့ဆရာရဲ့ အယူအဆပါ၊ ငါ့ အဆင့်ကလည်း ပေးကမ်းစွန့်ကြဲနိုင်တဲ့အဆင့် မဟုတ်ပါဘူး"

စကားတပြောပြောနှင့်ပင် ရောက်ရှိသွားကြလျှင် မြင့်မှူး ကို ဧည့်ခန်းထဲမှာ နွမ်းဖတ်စွာ တွေ့ရှိကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မြင့်မှူး ခေါင်းတွေအရမ်းကိုက်နေသည်မှာ ဇက်ကြောထိုး ရှိလား။ ငယ်ငယ်တုန်းကတော့ သူဖျားနာနေတာကို အိမ်ဘေးက ဘာအောင် လာနှိပ်ပေးလျှင် သက်သာခဲ့တာ သူသွားပြီး သတိရသည်။

ဆရာဝန်က အိပ်ဆေးတွေ ထိုးပေးပြီး မသက်မသာနှင့် အိပ်ပျော်၊ အိပ်မက်ဆိုးတွေ မက်နေရတာမျိုး သူ မလိုချင်။

ဧည့်ခန်းထဲမှာ ထိုင်ပြီး ဘုရားကို မျက်စိမှိတ်စောင့်နေမိသည်။

ဘဝမှာ ဂုဏ်၊ ပကာသန၊ အဆင့်အတန်းတွေ လိုသလား။



www.burmeseclassic.com

www.burmeseclassic.com



အဓိက,က နှလုံးသားတွေ ဖြူစင်ငြိမ်းချမ်းဖို့ပဲ . . . မြင့်မှူး ခံယူသည်။

ကိုယ်ကလည်း ကြီးကျယ်မြင့်မြတ်သည့် အရာရှိကြီး မဟု ဘဲ ကိုယ်ပိုင်လုပ်ငန်းဖြင့် ရပ်တည်နေသူမို့ မျက်နှာပန်းလှသ မိန်းကလေးမျိုးထက်၊ စိတ်နှလုံးလှသည့် မိန်းကလေးမျိုးကိုပဲ အ ရှိပါသည်။

သူကလေးရဲ့ ငြိမ်းချမ်း၊ စာနာတတ်သည့်၊ လူ့သား သည့် အသွင်သဏ္ဍာန်လေးဟာ . . . မြင့်မှူး၏ ရင်ကို စွဲငြိလှပါ

သူကလေးအတွက် . . . သူ . . . တစ်ဖက်လှည့်ဖြင့် သိရှိမှုတစ်ဆင့် . . . လစဉ် ကျောင်းစရိတ်လည်း ထောက်ပံ့ခဲ့ပါ

အောင်ခိုင်မိုးပြောသည့် ဘရဏီ့ဇာတ်လမ်းထဲမှာ . . . သူ ဝင်ရောက်ဇာတ်ကရင်း ချော်လဲရောထိုင်သည့်အခါ ရှွန်းသီရိက မ သက်ာတွေဖြစ်၊ လောဘတွေ တက်နေသဖြင့် သူ့မှာ မနည်းဖြ သေးသည်။ စေတနာမရှိလို့တော့ မဟုတ်ပါ။

ငွေတွေ တစ်ပုံကြီးပေးလိုက်လျှင် အငယ်နှစ်ယော ပိုင်းဝန်းသုံးဖြုန်းပြီး ဒုံရင်းဒုံရင်းဆိုက်သွားမှာ သူစိုးရိမ်မိပါသည်

သည်တော့ လစဉ်လတိုင်း . . . ကလေးတွေ ကျော မပြီးမချင်း ထောက်ပံ့သည့်စနစ်ကိုပဲ သူ ကျင့်သုံးတော့မည်။





သူ့ဇာတ်လမ်းက ယုတ္တိမရှိ။ သေချာစဉ်းစားလျှင် ပြဇာတ် န်နေပေမယ့် အငယ်နှစ်ယောက်က လက်ခံလို့ တော်သေးသည်။

အောင်ခိုင်မိုးမှတစ်ဆင့် ဘရဏီတို့အကြောင်းကို မြင့်မှူး ားလုံးသိနေရသည်ပါပဲ။ သည်စဉ် . . .

"ဆရာ . . . ဘရဏီ ပါလာပြီ"

အောင်ခိုင်မိုး၏အသံကို ကြားနေရပေမယ့် မြင့်မှူးမှာ က်စိမဖွင့်နိုင်တော့ပါ။ တကယ့်ကိုပဲ မျက်ရိုးတွေကိုက်ပြီး . . . စ်ကိုယ်လုံး ပူလောင်ကျွမ်းနေခဲ့ရပါပြီ။

"အင်း . . . အင်း"

ဆိုဖာပေါ်မှာ အကျအန ထိုင်နေရင်းမှ သူ . . . ဘေးသို့ ကျသွားခဲ့ပေပြီ။ သူ့အနားသို့ ခြေသံလေးတစ်စုံ ဖွဖွကပ်လာတာ၊ နပ်ခါးရနံ့နှင့် ကိုယ်သင်းရနံ့ ယဉ်ယဉ်လေး မွှေးပျံ့လာတာကိုသာ . . . တဒင်္ဂ သိရှိလိုက်သည်။

တကယ်ပါပဲ။

တကယ့်ကို သူ နာဖျားသွားပါပြီ . . . နှလုံးသားရော၊ လူ ရော။

သူ့ခန္ဓာကိုယ်ကြီးလည်း ချုံးချုံးကျနေပါပြီ။

ဘာတွေ ဆက်လုပ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အနားယူလိုလှပါပြီ။ သို့သော် . . . သူချစ်မိသူလေ
က အချင်းသာရှိပြီး အဆင်းက လူ မဝင်ဆန့် သူ မဝင်ဆန့်။

အဲဒါက ထားပါဦး။ ယခု . . . သူကလေးဟာ . . . သူ့အ
နေမကောင်းသဖြင့် အိမ်တွေမှာ တစ်ယောက်တည်း လိုက်နှိပ်ပေး
သတဲ့။

ငွေကို အဓိကမထား၊ စေတနာကို အဓိကထားပေမယ်
သူမ၏စေတနာကို ကျားဆိုးတွေက မြင်မည်မထင်။

လောကကြီးမှာလည်း . . . သူတော်စင်တွေချည်းပဲ ရှိ
သည်မဟုတ်။ မသူတော်တွေရဲ့ စဉ်းလဲမှုမှာ သူကလေး လ
မြှောက်အရှုံးပေးလိုက်ရမှာ . . . မြင့်မှူး ဘဝပျက်မတတ် စိုးကြော
မိပါသည်။

အဘယ်ကြောင့်ဆိုသော် . . . သူက သည်ကျောက်ရိုင်းလေ
ကို . . . နှစ်သက်စုံမက်မိနေလို့ပါပဲ။

သည်စဉ် သူကလေး၏စီစဉ်ပေးနေမှုများကို မြင့်မှ
ကြားနေရပြန်သည်။

"အောင်ခိုင်မိုး . . . လူကြီးမင်းကို ကော်ဖီပူပူလေး တိုက်
အောင်၊ နင်တို့မှာ . . . သူ ခါတိုင်း ဖျားရင်၊ နေမကောင်းရင်ရော
. . . ဘယ်ဆရာဝန်ကို ပင့်လဲ၊ ဆရာဝန်ဆီ ဖုန်းဆက်လိုက်ပါ"





အောင်ခိုင်မိုး ဖုန်းဆက်ဖို့ ပြင်နေလျှင် သူ ကယောင်
ကတမ်းဖြင့် ဟန့်တားမိပါသည်။

"ဟင့်အင်း . . . ဆရာဝန်ဆေးထိုးတာ နာတယ်၊ ဘာဆေး
တွေမှန်းလည်း မသိဘူး၊ ကိုယ် . . . အိပ်ပျော်မသွားချင်ဘူး၊ အိပ်မက်
ဆိုးတွေလည်း မမက်ချင်ဘူး"

ကလေးဆိုးကြီးလို သူဂျီကျနေလျှင် သူမက ညင်သာစွာ
ဖျောင်းဖျခဲ့ပါသည်။

"မဟုတ်ဘူးလေ လူကြီးမင်းရဲ့ . . . ကျွန်မလည်း နှိပ်ပေး
ပါ့မယ်၊ ဒါပေမဲ့ ဆေးထိုးမှ ဆေးသောက်မှ လူကြီးမင်းရဲ့ရောဂါ
ပျောက်မှာပေါ့"

"မသိဘူးကွာ . . . လုပ်ချင်သလိုလုပ်ကြ"

တကယ်တော့ သူ သက်သက်ဆိုးနေခြင်းသာ ဖြစ်ပါသည်။
ငယ်ငယ်က မေမေ့ကို ဆိုးခဲ့နည်းမျိုးပေါ့။

သူကလေးထံမှ သက်ပြင်းတစ်ချက်ချသံကြားလိုက်ရပြီး
လျှင် . . . ဆက်လက်၍ ပိုင်နိုင်စွာ စီမံခန့်ခွဲသံများ ကြားနေရပါသည်။

"ကဲ . . . အောင်ခိုင်မိုး . . . ဆရာဝန်ဆီ ဖုန်းဆက်
ပြီးရင် ကော်ဖီသွားဖျော်၊ လောလောဆယ် တိုက်ထားရအောင်"

ပြီးလျှင် သက်သောင့်သက်သာမရှိသည့် သူ့ပုံကြီးအား



www.burmeseclassic.com

www.burmeseclassic.com



သူမက သက်သောင့်သက်သာဖြစ်အောင် ဖြည်းညင်းစွာ ပြုပြင်ပေးခဲ့သည်။

သူ့ကို ဆိုဖာပေါ်မှာ လှဲပေးလိုက်ခြင်း ဖြစ်သည်။

"အိုး . . . ကိုယ်တွေ အရမ်းပူနေတာပဲနော်၊ အပူတွေလှောင်နေပြီ၊ ကျွန်မ . . . အင်္ကျီတစ်ထပ် ချွတ်လိုက်မယ်"

"မလုပ်နဲ့ . . . ချမ်းတယ်၊ ရင်ထဲက စိမ့်ပြီးချမ်းနေတယ်"

သည်စဉ် ဖုန်းဆက်ရင်းမှ အောင်ခိုင်မိုး လှမ်းပြီး အစီရင်ခံနေသည်။

"ဘုရားရေ . . . ဆရာဝန်မရှိဘူး၊ ဆေးရုံသွားပြီတဲ့၊ ဘာဆက်လုပ်ရမလဲ"

"ဘာမှမလုပ်နဲ့ကွာ . . . ငါ့ကို အိပ်ရာထဲသာ တွဲပို့"

အပြန်အလှန် အော်ဟစ်ကြပြီးလျှင် . . . သူ့ကိုတွဲပြီး အိပ်ရာထဲသို့ ပို့ကြသည်။ သူ့မှာ မသိတစ်ချက်၊ သိတစ်ချက်။

"ဆရာဝန်ပဲ တစ်ယောက်မရှိ တစ်ယောက်ကို ဖုန်းဆက်ပါလား အောင်ခိုင်မိုးရယ် . . . နင် သိပ်ညံ့တာပဲ"

"ငါ ညံ့တာမဟုတ်ဘူးဟ၊ ဆရာက တော်ရုံတန်ရုံဆရာဝန်နဲ့ကုတာ မဟုတ်ဘူး"

"ဒါဆိုလည်း . . . ထပ်ဖုန်းဆက် . . . ဆေးရုံက ပြန်





ရောက်ရောက်ချင်း ဒီကိုလာပါလို့"

သူကလေး စီစဉ်နေပုံကို နားထောင်ပြီး မြင့်မှူး ပီတိဖြစ်နေမိပါသည်။ အိမ်ရှင်မ ကျနေတာပဲ။

အောင်ခိုင်မိုး . . . ကော်ဖီဖျော်ဖို့၊ ဖုန်းဆက်ဖို့ ထွက်သွားလျှင် သူမက သူ့ခုတင်ဘေးမှာရပ်ပြီး သူ့ကို နှိပ်ပေးနေခဲ့သည်။

သူများတွေကိုရော . . . ဒီလိုပဲ အခန်းထဲဝင်ပြီး နှိပ်ပေးသလား။

ဒီလိုပဲ . . . ယောကျ်ားကြီးတွေကိုလေ။

ဒါဟာ သဝန်တိုစိတ်မဟုတ်ဘဲ ဘုရားဆီအပေါ် မြင့်မှူး၏ စိုးရိမ်ပူပန်စိတ်သာ ဖြစ်ပါသည်။

သည်မေးခွန်းကို မေးရမှာ အားနာစရာကောင်းပေမယ့် မြင့်မှူး မချုပ်ထိန်းနိုင်စွာ မေးမိသည်။

"သူများတွေကိုရော . . . အခန်းထဲထိ ဝင်ပြီး နှိပ်ပေးသလား"

"အို . . ."

သူကလေး၏ တုန်ယင်သော အသံကို ကြားလိုက်ရပြီး . . . လက်ကလေးများပါ သူ့ခန္ဓာကိုယ်မှ ရုပ်သိမ်းသွားခဲ့လျှင် မြင့်မှူး ကိုယ့်မျက်လုံးများကို အနိုင်နိုင်ဖွင့်ကြည့်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘေးမှာ တွေတွေလေး ရပ်နေပြီး သူမ မျက်ရည်ကျနေပါလား။

"ဆောရီးကွာ . . . ကိုယ် ခေါင်းတွေ အရမ်းကိုက်နေတယ်၊ တစ်ကိုယ်လုံးလည်း ညောင်းညာကိုက်ခဲနေတာပဲ၊ ဘုရားသခင် ပြန်ချင်ပြန်ပါတော့၊ ကိုယ့်ကို စောင်လေးသာ ခြုံပေးခဲ့ပါတော့"

သူပြောပြီး တစ်ဖက်သို့ လှည့်၍ စောင်းအိပ်လိုက်ပါသည်။ ဖြစ်ချင်တာတွေ ဖြစ်ပါတော့။ လောလောဆယ် . . . သူ ကောင်းစွာ နားဖျားတော့မည်။

တဒင်္ဂနှင့်တော့ ကမ္ဘာကြီးလည်း ခေါက်ထိုးမိုးမျှော်ဖြစ်သွားမည်မဟုတ်။

တစ်စုံတစ်ယောက်ကို နှလုံးသားနှင့် ချစ်မိသွားတာဟာ တကယ်ပူပန်ရပါလား။ ဒါကိုပဲ ကိလေသာလို့ ခေါ်ကြတာလား။

သည်စဉ် အောင်နိုင်မိုး အခန်းထဲသို့ ကော်ဖီနှင့် ပြန်ဝင်လာသံ ကြားရပြန်၏။

"ဘာတွေ ဖြစ်နေကြတာလဲ၊ ဆရာ အိပ်ပျော်သွားပြီလား၊ ငါ့ဆရာလည်း မိန်းမ မြန်မြန်ပေးစားမှပါ၊ ဒါပေမဲ့ အနှိပ်သည်နဲ့တော့ သဘောမတူနိုင်ဘူးနော်၊ လူကြားလို့ မကောင်းဘူး၊ နင်လည်း အခုကတည်းက လူကြားလို့ကောင်းတဲ့အလုပ် ပြောင်းလုပ်ပေတော့"





အောင်နိုင်မိုးစကားကြောင့် မြင့်မှူး အားနာသွားရပေမယ့် သူကလေး၏ တုံ့ပြန်မှုကိုတော့ သူ သိချင်မိလေသည်။

သူမထံမှ ငိုရှိုက်သံများ ထွက်ပေါ်လာပြီး . . . စကားလုံးများလည်း တုန်ယင်ကြေကွဲစွာ ထွက်ပေါ်လာကြသည်။

"ဒါ . . . နင် ငါ့ကို စော်ကားတာပဲ၊ ငါ့စေတနာတွေကို အလွဲသုံးစားလုပ်ကြတာ၊ စောစောက လူကြီးမင်းကလည်း မေးတယ်၊ ဒီလိုပဲ ယောကျ်ားတွေကို အခန်းထဲထိ လိုက်နှိပ်ပေးသလား . . . တဲ့၊ ငါ ကြေကွဲနေတုန်း နင်ကပါ ထပ်ပြီး အထင်သေးစကား ပြောခဲ့တယ်၊ ငါ့ပုံစံက သိပ်ပြီးအပေါစားဆန်နေသလားဟင်၊ သိပ်ပြီး ငမ်းငမ်းတက်နေတဲ့ပုံစံ ပေါက်နေသလား"

"ဟာ . . . ဆောရီး ဘုရားသခင်ရယ် . . . ငါ မသိလို့ပါ၊ ဒီလိုတွေဖြစ်နေမှန်း ငါမသိလို့ပါ၊ ငါက ခါတိုင်းလိုပဲ ပျော်စေပျက်စေ ပေါ့ပေါ့ပြောမိတာပါ၊ နင် . . . ယောကျ်ားတွေကို အတတ်နိုင်ဆုံး နှိပ်မပေးမှန်း၊ အိမ်တွေကို အတတ်နိုင်ဆုံး မလိုက်မှန်း ငါသိပါတယ် သူငယ်ချင်းရယ်၊ အခုလည်း . . . ငါ့မျက်နှာနဲ့ လိုက်လာမှန်း ငါ သိပါတယ်၊ စိတ်ဆိုးပြီးတော့လည်း ပြန်မသွားပါနဲ့ဦးဟယ်၊ ငါ အနူးအညွတ်တောင်းပန်ပါတယ်"

အောင်နိုင်မိုး၏ တောင်းပန်သံကိုကြားရသည် မြင့်မှူး



www.burmeseclassic.com

www.burmeseclassic.com



သိချင်သည့် ပဟေဠိလည်း အဖြေထုတ်ပြီး ဖြစ်သွားခဲ့သည်။

သို့သော် သူမဟာ ယောကျ်ားတွေကို လိုက်မနှိပ်ပေမယ့် မိန်းမတွေကိုတော့ လိုက်နှိပ်ပေးတာပဲ မဟုတ်လား။ အန္တရာယ်ဆိုတာ ပရိယာယ်ဆိုတာ လောကထဲမှာ ရှိစမြဲ။

သူမကို လောလောဆယ် ချော့မော့ဖျောင်းဖျဖို့လည်း မြင့်မှူးမှာ အင်အားမရှိ။

ခေါင်းတွေတဖတ်ဖတ် ထိုးကိုက်ရင်းနှင့်ပင် . . . သူ . . . သတိလစ်သွားသလား၊ အိပ်ပျော်သွားမိသလားပါပင်။

သူ သတိရလာသောအခါ သူ့အခန်းထဲမှာ မီးတွေ ထိန်ထိန်လင်းနေကြပြီး . . . နူးညံ့သည့်လက်ကလေးတစ်စုံက သူ့ကို နှိပ်ပေးနေခဲ့သည်။

အလို . . . သူ့ရောဂါများ ရှင်းရှင်းပျောက်မတတ် ဖြစ်သွားစေတာ အဘယ်သူက၊ အဘယ်အရာက . . . ကုစားပေးလိုက်လို့ပါပဲ။

သူမျက်လုံးများကို . . . ညင်သာစွာဖွင့်ကြည့်လိုက်သည်။

“ဘရဏီ”





သူမက စကားပြန်မပြောပါချေ။ သို့သော် သူကလေး၏ မျက်ဝန်းမှာ၊ မျက်နှာမှာ သူ့အတွက် စိုးရိမ်ပူပန်မှုတွေက အထင်းသား။

“မင်း မပြန်ရသေးဘူးလား၊ ဘယ်အချိန်ရှိပြီလဲ”

“ကိုးနာရီ ထိုးပြီ၊ လူကြီးမင်း သတိရလာရင် ကျွန်မ ပြန်မလို့ပါ”

“အို . . . ကိုယ်သတိမရရင် မင်း မပြန်ဘူးပေါ့ ဟုတ်လား”

“ပြန်တော့ ပြန်ရမှာပေါ့လေ၊ ဒါပေမဲ့ . . . ကျွန်မ စိတ်မချ . . . အို . . . အခု လူကြီးမင်း သတိရလာပြီ၊ ကျွန်မ သွားတော့မယ်”

သူ့ခုတင်ဘေး၊ ခွေးခြေလေးမှ ဘရဏီ ညင်သာစွာ ထ, လိုက်လျှင် ကိုယ်နာဖျားနေသည်ကို မေ့ပြီး . . . မြင့်မှူး တားဆီးဖို့ အိပ်ရာမှ ကျုံးထမိသည်။

“အား . . . ကျွတ် . . . ကျွတ် . . . ကျွတ်”

သူ အိပ်ရာပေါ်သို့ ချည့်နဲ့စွာ ပြန်ကျသွားတော့လည်း . . သူမက စိုးရိမ်စွာ ဖေးမပေးသည်ပင်။

“အောင်နိုင်မိုးရော”

“ဟိုမှာ . . . အိပ်နေတယ်”

သူမ ညွှန်ပြမှ . . . သူ့ခြေရင်းဘက် ပက်လက်ကုလားထိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာ အားရပါးရဟောက်အိပ်နေသည့် အောင်ခိုင်မိုးကို တွေ့လိုက်ရသည်။

"သူ့ကို ကားနဲ့လိုက်ပို့ခိုင်းရမှာပေါ့၊ ဒီအချိန်ကြီး မင်း ဘယ်လိုလုပ်ပြန်မလဲ၊ သူများတွေအိမ်ဆိုရင်ရော . . . သူတို့လိုက်ပို့ကြသလား"

မြင့်မှူး၏စကားကြောင့် ဘရဏီ နာကျင်သွားမိပြန်သည်။ သူက ဒီလိုပဲ ထင်နေသလား။

"သူများအိမ်တွေမှာ ညဖက်ထိ အလုပ်မလုပ်ပါဘူး"

လူကြီးမင်းမို့ပါ။ လူကြီးမင်းမို့လို့ စိုးရိမ်ပြီး စောင့်ရှောက်နေမိတာပါ။

"ဆောရီးကွာ၊ ငါ့စကားတွေ ဖောင်းဖြစ်ကုန်ပြီ၊ ငါလည်း ဘယ်လိုဖြစ်နေတယ် မသိဘူး၊ ဒါပေမဲ့ ဖျားတာ၊ နေမကောင်းတာတော့ သက်သာသွားပါတယ်"

"အဲဒါ . . . ကျွန်မကြောင့် မဟုတ်ပါဘူး၊ လူကြီးမင်းကို ဆရာဝန် လာကြည့်သွားပြီးပါပြီ၊ ဆရာဝန် ကုပေးလို့ပါ"

"မဟုတ်ဘူး၊ ခါတိုင်း . . . ဒီလောက် အပျောက်မမြန်ပါဘူး"

မြင့်မှူးနှင့် ပြိုင်ပြီး . . . သူမ . . . ငြင်းခုံမနေတော့ပါချေ။ သူ စိတ်ချမ်းသာသလို ထင်ပါစေ။





"အောင်ခိုင်မိုးကို နှိုး၊ သူ့ကို ကားနဲ့လိုက်ပို့ခိုင်း"

"ကျွန်မဘာသာ လိုင်းကားနဲ့ပဲ ပြန်ပါ့မယ်၊ လူကြီးမင်း အနားမှာ သူရှိမှဖြစ်မှာပေါ့၊ တစ်ယောက်တည်း ဘယ်ဖြစ်မလဲ"

"ကိစ္စမရှိပါဘူး . . . ကိုယ် နေကောင်းသွားပါပြီ"

ပြောသော်လည်း . . . သူမက အောင်ခိုင်မိုးကို မနှိုးဘဲ တစ်ယောက်တည်း ပြန်ဖို့ပြင်လျှင် မြင့်မှူး မနေသာတော့ပါချေ။

တပည့်ကျော်ကြီးကို ဒယီးဒယိုင်ဖြင့် ဆွဲလှုပ်နှိုးပြီး ကား ထုတ်ခိုင်းရသည်။

"နေဦး ဘရဏီ . . . ငါလည်း အိမ်မှာ တစ်ယောက်တည်း မကျန်ရအောင် မင်းကို နှစ်ယောက်အတူ လိုက်ပို့မယ်"

သူနှင့်အောင်ခိုင်မိုး နှစ်ဦးသဘောတူစွာဖြင့် ဘရဏီ့ကို လိုက်ပို့ပေးခဲ့ကြလေသည်။ ကားပေါ်က အဆင်းမှာ . . . စာအိတ် တစ်အိတ်ပေးလိုက်ရင်း . . .

"မနက်ဖြန်လည်း . . . ကိုယ့်ကို လာကြည့်ပေးပါဦးနော်"

ဟု သူပြောမိလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဆေးကျောင်းသားနှစ်ယောက်ရဲ့ တစ်လစရိတ်များ တစ်သိန်းပဲပေးလို့ လောက်မလား၊ နှစ်သိန်းလောက်ပေးပါလို့ နင် မပြောဘူးလား မိရွှန်းရယ်"

မနက်စောစောစီးစီး အိမ်မှာ ပြဿနာတက်နေသံကို ဘရဏီ ကြားနေရပါသည်။ ကျောင်းရောက်အောင် လိုင်းကားတိုးစီးရမှာမို့ မိုးလင်းသည်နှင့် မောင်နှမနှစ်ယောက်စလုံး အိမ်မှထွက်ရစမြဲ။

ယခုလည်း မောင်လေးရှိုင်းသီရိ ငွေလိုပြန်ပြီထင်သည်။ ငွေတွေတောင်းရလွန်းသည့်အခါ သူ့စတိုင်၊ သူ့ထုံးစံအတိုင်း . . . မောင်လေးသည် ဟိုရမ်းဒီရမ်း။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲမှာ သူတို့အတွက် ထမင်းချိုင့်အမီ၊ ချက်ရင်းပြုတ်ရင်းမှ ဘရဏီ . . . ဧည့်ခန်းဆီသို့ ခေါင်းပြူကြည့်လိုက်ပါသည်။

ဒုတိယနှစ် ဆေးကျောင်းသားကျောင်းသူတွေပီပီ ရှိုင်းသီရိနှင့် ရွှန်းသီရိတို့အသွင်က ရှင်းသန့်ဝင်းပလျက်။

"ဟဲ့ . . . သူက တစ်သိန်းပဲပေးတာ၊ ငါက အခုတစ်ခါတည်းပေး၊ ဖေဖေတို့ မေမေတို့ဆီက ယူထားသမျှ ပိုက်ဆံ အခုအကုန်ပေးခဲ့လို့ တောင်းသားပဲ၊ နင့်အဘိုးအေကမှ မပေးတာ"

"နောက်လကျရင်ရော လာပေးမှာလား၊ တော်ကြာ လာမပေးရင် ဘယ်နေရာသွားတောင်းရမလဲ၊ နင်ဟာလေ . . . သိပ်အ,တာပဲ၊ အဲ . . . ဒီတစ်ခါ အဲဒီလူ ငွေလာပေးရင် ငါ့ကို လာခေါ် . . . သိလား၊ ငါပါ ဝင်မှ ဖြစ်မယ်"

"အေး . . . ကောင်းတယ်၊ လာခေါ်မယ် . . . အဆင်သင့်သာ ပြင်ထား"

သူတို့မောင်နှမ စကားပြောနေရာသို့ . . . ဘုရားခန်းထဲမှာ ဆွမ်းတော်ကပ်ပြီးသွားသည့် အရီးကြင် ဝင်ပါရပါသည်။

"ပုံပြင်ထဲကလိုလည်း ဖြစ်နေကြဦးမယ်၊ ရွှန်းသီရိ အပြောအရဆိုရင် . . . အဲဒီလူက သူ့စေတနာနဲ့သူ လာပြီးပေးတာ၊ အဲဒါကို မင်းတို့မောင်နှမက အတင်းအကျပ် တောင်းဆိုလို့ ဖြစ်ပါ့မလား"





"အရီးပုံပြင်က ဘယ်လိုမို့လဲ"

"ရွှေဟင်္သာမင်း အကြောင်းလေ၊ ရွှေဟင်္သာမင်းဟာ သူ့အရင်ဘဝက သမီးနဲ့ဇနီးထံ ခဏခဏ လာပြီး သူ့ရဲ့ရွှေအတောင်ပံတွေ ပေးသတဲ့၊ အဲဒီအခါ . . . သူ့ဇနီးက လောဘတွေတက်ပြီး . . ဟင်္သာဆိုတာ တိရစ္ဆာန်ပဲ၊ နောက် . . . သူမလာဒတော့ရင် ခက်မယ်ဆိုပြီး . . . ရွှေဟင်္သာမင်းကြီးလည်း လာရော၊ တစ်ခါတည်း အတောင်တွေ အကုန်နှုတ်ထားပြီး ခြင်းတောင်းနဲ့ အုပ်ထားသတဲ့၊ နောက် . . . အတောင်တွေ ပြန်ပေါက်တော့လည်း ရွှေအတောင်တွေ မဟုတ်တော့ဘူးတဲ့။

နောက်ဆုံး . . . ရွှေဟင်္သာကြီးကို သမီးတွေက သနားလို့ ပြန်လွှတ်ပေးတဲ့အခါ ရွှေဟင်္သာကြီးလည်း ဘယ်တော့မှ ပေါ်မလာတော့ဘူး . . . အဲဒီပုံပြင်လိုလည်း ဖြစ်နေဦးမယ်၊ ဘာမှအခြေအမြစ်မရှိတဲ့ မခိုင်လုံတဲ့ ကြွေးကို . . . သူပေးချင်သလောက် ပေးပါ စေ"

အရီးကြင်ပြောနေသည့်စကားက သဘာဝကျသည်မို့ ဘရဏီလည်း စိတ်ထဲမှာ ထောက်ခံမိပါသည်။ သို့သော် ထိုမောင်နှမက လက်မခံချေ။

အိမ်မှာ အရီးကြင်နှင့် သူမတို့က ရှာဖွေကျွေးမွေးနေရပေမယ့် . . . ဩဇာလည်း မရှိကြ။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကတော်' ညွှန့်မေနှင့် မနှိုင်းရက်ပေမယ့် သူတို့လေးတွေကို အရိပ်တကြည့်ကြည့်နှင့် ကြင်နာသနားလွန်းသောကြောင့် ပေပဲလား။

ရွှန်းနှင့်ရှိုင်းသည် အရီးနှင့်အစ်မကို ရိုသေလေးစားခြင်း မရှိလှပါချေ။

"ဟာ . . . အရီးပုံပြင်က ဒိတ်အောက်နေပါပြီ၊ ကျွန်တော်တို့ကတော့ ခေတ်နဲ့စနစ်နဲ့အညီ . . . ဒီလူ့ကို လုပ်ရမှာပဲ၊ ကဲ . . . လောလောဆယ်လည်း ငွေတစ်သောင်းလောက် မ,စပါဦး ကျေးဇူးရှင်တို့ရယ်၊ ဆရာဝန်ဖြစ်မှပဲ မမနဲ့အရီးကျေးဇူးကို ပြန်ဆပ်မယ် . . . ဟုတ်လား၊ ခုတော့ ကျောင်းစရိတ်လေး ပေးပါဦး"

"ကျောင်းစရိတ် ကျောင်းစရိတ်နဲ့ . . . ကိုရှိုင်းနော်၊ သီရိတောင် ဘယ်မှာ နင့်လောက်ကုန်လို့လဲ"

"ဒါတော့ နင်နဲ့ငါက ဘာသာရပ်ချင်း၊ အခန်းချင်း တူတာမဟုတ်ဘူးလေ၊ ဒီတော့ ကုန်တာချင်းလည်း ဘယ်တူမလဲ၊ နင်လည်း မကျေနပ်ရင် ငါတောင်းတိုင်း လိုက်တောင်းပါလား"

ထုံးစံအတိုင်း မောင်နှမနှစ်ယောက် စကားတွေ များနေကြလျှင် ဘရဏီ ဝင်ရောက်ဖြန်ဖြေရပါသည်။

"ကဲ . . . ကဲ . . . တော်ကြပါတော့ကွယ်၊ ရော့ . . .





ကိုရှိုင်း ငွေတစ်သောင်း၊ ကျောင်းစရိတ်လိုရင် ကြိုပြောထားကြနော်၊ မမမှာ အဆင်သင့်မရှိရင် ခက်မှာစိုးလို့ပါ၊ ပြီးတော့ ကိုရှိုင်းကို ပြောထားရဦးမယ်"

"မမနဲ့အရီး . . . မင်းတို့ကို ကျောင်းထားနေတာ . . . မျှော်လင့်ချက်နဲ့ မဟုတ်ဘူး၊ မင်းတို့ ဘဝတွေ မြင့်မားကောင်းစားဖို့ ပဲဖြစ်တယ်၊ စေတနာကို စော်ကားတဲ့စကားမျိုးတွေ မပြောမိဖို့ မမ . . . တောင်းပန်ပါတယ်"

ငွေတစ်သောင်းကို လှမ်းယူရင်း . . . ရှိုင်းသီရိ ပခုံးတစ်ချက်တွန့်လိုက်လျှင် ဘရဏီ ရင်နာသွားမိသည်။

မောင်နှင့်ညီမကို ဘရဏီ ဘဝနာစေချင်သည်။ ဘဝအသိတွေ ရစေချင်ပါသည်။

ယခုတော့ . . . အရီးနှင့်အစ်မက လူ့အောက်ဆုံးအလွှာမှ ရပ်တည်ပြီး သူတို့ကို ထမ်းတင်ပေးထားသည်မို့ ဒုက္ခတွေသည် သူတို့နှင့် မဆိုင်သလို။

ရှိုင်းသီရိ . . . အခန်းထဲမှ ထွက်သွားဖို့ပြင်လျှင် ဘရဏီ သူ့မောင်လေးကို ငေးကြည့်နေမိ၏။

စတိုင်ဘောင်းဘီ မီးခိုးရောင်နှင့် ရှပ်လက်ရှည်အဖြူတို့ကြောင့် ရှင်းသန့်ဝင်းပနေသည့် ရှိုင်းအသွင်က တကယ့်ကို ရှင်



www.burmeseclassic.com

www.burmeseclassic.com



စဖွယ်။

အေးလေ . . . ဒီမောင်နဲ့ဒီညီမ လောကမှာ အခြေကျသွားရင် ပြီးတာပါပဲ။ သူမနှင့် အရီးက . . . အရီးရဲ့ ငြိမ်းချမ်းသော ရွာကလေးမှာ သွားပြီး နေထိုင်ကြမည်လေ။

သည်စဉ် . . . ရွှန်းသီရိက ပြုံးစိစိနှင့် ဘရဏီ့အနားသို့ နွဲ့နွဲ့လေး ကပ်လာခဲ့ပြန်လျှင် သူမ ရင်ထိတ်ရပြန်၏။

ဒီကောင်မလေးဟာ . . . သူ့ တောင်းဆိုစရာရှိလျှင် ဒီလိုပဲ ပြုမူချွဲနွဲ့စမြဲ။

"အပဲ . . . မမရေ . . . ဘရဏီတို့အဖွဲ့တွေ ဆရာဆရာမတွေပါ ချောင်းသာကို သွားရမယ်၊ မမကို အားနာပါတယ်၊ ဒါပေမဲ့ မလိုက်မဖြစ်မို့ လိုက်ရလိမ့်မယ်၊ အဲဒါ . . . ကြိုပြောထားတာ"

"ငွေဘယ်လောက်တောင် ကုန်မှာလဲ၊ ဘယ်တော့လဲ"

"နောက်အပတ်ထဲမှာ သွားဖြစ်ကြမယ်၊ ငွေကမများပါဘူး နှစ်သောင်းလောက်ပါ၊ ဒါ . . . အဖွဲ့နဲ့ သွားတာမို့ သက်သာတာ၊ ကိုယ့်ဘာသာဆို ဘယ်သွားနိုင်မလဲ"

"ဈေးတော်လှပြီပေါ့လေ . . . ဟုတ်လား"

အကြားမတော်သဖြင့် အရီး ကြားဝင်လျှင် . . . ရွှန်းသီရိ အသွင်က တင်းခနဲ။





"အရီးကြင် . . . ဘာစကားပြောတာလဲ၊ ဒါ . . . ညီအစ်မကြားထဲမှာ သွေးခွဲတဲ့စကားလား။ ငွေရှာပေးနေရတဲ့ အစ်မကတောင် ကြည်ဖြူနေရင် . . . အရီး ဘာမှဝင်ပါစရာမလိုဘူး၊ ကိုယ် အလုပ် မလုပ်နိုင်လည်း အေးအေးထိုင်စား၊ ဘိန်းစားချင်း တစ်မူးပိုမရှုပါနဲ့"

ရွှန်းသီရိစကားကို ကြားရလျှင် အရီးကြင်မှာ ပါးစပ်အဟောင်းသားဖြင့် ကြောင်အသွားသော်လည်း ဘရဏီမှာ မျက်လုံးပင် ပြာခနဲ ဖြစ်သွားခဲ့ပြီး . . . တစ်သက်လုံးက လက်ဖျားနှင့် မထိခဲ့သည့် ညီမကို . . . ကျောပြင်သို့ ဖျောတင်ထုရိုက်မိလေသည်။

နှုတ်မှလည်း . . . ဆုံးမစကားတို့က တဖွဖွ။

"နင် . . . မိကောင်းဖခင်သားသမီးဖြစ်ပြီး ရိုင်းလှချည်လား၊ အရီးဟာ နင်တို့၊ ငါတို့ရဲ့ကျေးဇူးရှင် . . . သိရဲ့လား၊ မိဘတွေ သေဆုံးသွားကတည်းက အနှိပ်သည်မကြီးဘဝနဲ့ ရှာဖွေကျွေးမွေးခဲ့ တာ သိရဲ့လား၊ အခုမှ . . . အရီး နေမကောင်းလို့ အလုပ်မလုပ်နိုင်တာ ဆယ်ရက်လောက်ပဲ ရှိသေးတယ်၊ ဒီလိုကျေးဇူးကန်းစကားတွေ မပြောနဲ့"

ရွှန်းသီရိကလည်း သည်းမခံခဲ့ပါချေ။

"ကျေးဇူးတင်ပါတယ် . . . ဒါပေမဲ့ အရီးဟာ ကျွန်မတို့ကို အရှက်ခွဲနေတာပဲ၊ အနိမ့်ကျဆုံး အလုပ်နဲ့မှ ဘာဖြစ်လို့ ညီမတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးရတာလဲ၊ အရီးကြောင့် အခု . . . မမလည်း အနှိပ်သည် ဘဝကို ရောက်သွားရတာ မဟုတ်လား၊ သူသာ လူကြားကောင်းတဲ့ အလုပ်လုပ်ခဲ့ရင် . . . မမလည်း အနှိပ်သည်ဖြစ်မှာ မဟုတ်ဘူး"

"ကိုယ့်ကို ထမင်းကျွေးနေတဲ့ အလုပ်ကို မစော်ကား၊ မပုတ်ခတ်နဲ့ မိရွှန်း၊ ငါ အနှိပ်သည်ဖြစ်တော့ရော ဘာရှက်စရာရှိသလဲ၊ စိတ်ချ . . . နင်တို့ ဆရာဝန်ဖြစ်တဲ့အခါ ငါတို့ကို ဒါ . . . အစ်မ၊ ဒါ . . . အရီးရယ်လို့ လက်ညှိုးထိုးပြစရာမလိုပါဘူး၊ ကဲ မိရွှန်း . . . ကျောင်းချိန်နီးပြီ . . . သွားတော့၊ အေး . . . ဒါပေမဲ့ မသွားခင် အရီးကို ကန်တော့သွားရမယ်၊ နင် . . . ကျေးဇူးရှင်ကို မပစ်မှားရဘူး၊ ကျေးဇူးရှင်ကို ပစ်မှားရင် နင့်ဘဝ မလှမပဖြစ်ရလိမ့်မယ်"

"မမက . . . ညီမကို ကျိန်စာတိုက်နေတာလား"

ဧည့်ခန်းထဲမှာ ညီအစ်မနှစ်ယောက် စကားအချေအတင် ပြောနေကြလျှင် အရီးကြင် . . . သူတို့ကြားသို့ ဖြည်းညင်းစွာ ဝင်ရပ်လာခဲ့သည်။

"သမီးရယ် . . . အရီးကြင် မှားတာပါ၊ ကလေးတွေက သမီးကို ညှာရမှန်းမသိဘဲ ငွေတွေလိမ့်တောင်းနေတဲ့အခါ အရီး မခံမရပ်နိုင်ဖြစ်ရပြီး လူကြီးစကားမဟုတ်တဲ့၊ ထွေငေါ့တဲ့စကားကို ပြောဖြစ်သွားပါတယ်၊ ဒါ . . . အရီးမှားတာပါ"





"တကယ်ဆိုရင် . . . အရီးက လူကြီးပီပီ ကလေးတွေ နားဝင်အောင် ပြောဆိုဆုံးမရမှာပါ . . . အရီး မှားတာပါ၊ သမီးလေး ရွှန်းသီရိ မမှားပါဘူးကွယ်၊ ကဲ . . . ကဲ . . . သမီးလေး ကျောင်းသွားတော့နော်၊ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ မနက်ဖြန်လောက်ဆို အရီးပါ ကူရှာပေးမှာပေါ့၊ မနက်ဖြန်လောက်ဆို အရီးလည်း နေကောင်းသွားပါပြီ၊ တူဝရီးနှစ်ယောက် ငွေရှာရရင် . . . သမီးလေးတို့ ပိုပြီး အဆင်ပြေသွားမှာပေါ့ကွယ်"

အရီးကြင်၏ စကားကို ကြားရလျှင် ရွှန်းသီရိမှာ မုန်ယိုနေသည့် ဆင်ရိုင်းမလေး သတိတရား ရသွားသလို သူ့ရင်ထဲမှာ အသိဝင်လာလေ၏။ သည်စဉ် ဘရဏီကလည်း ဆက်လက်သွန်သင်ဆုံးမခဲ့သည်။

"အရီးဟာ ငါတို့မောင်နှမတွေရဲ့ ဒုတိယအရိပ်ပါ၊ မိဘနှစ်ပါး မရှိကတည်းက အခုထိ ပြုစုစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးတွေကို မဆပ်နိုင်ရင်နေပါ၊ စော်ကားသလိုတော့ မဖြစ်ပါစေနဲ့၊ ပြီးတော့ . နင်တို့ မောင်နှမဟာ . . . ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်သေးပါဘူး၊ လှေပြိုင်ပွဲတွေမှာလို . . . နည်းနည်းလေး သာခြေရှိရုံနဲ့ တက်ထောင်ရင် မှားသွားလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် . . . မမနဲ့အရီးရဲ့ ခွန်အားတွေကို စုပ်ယူနင်းချေပြီးမှ နင်တို့ လူဖြစ်ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ သမီးရယ် . . . ကလေးတွေကို ဒီလောက်ကြီး မပြောပါနဲ့ကွယ် . . . အရီး ကျေနပ်ပါတယ်၊ အရီးတို့ ဘာကိုမှ မမျှော်လင့်ခဲ့ကြဘူး မဟုတ်လား၊ မေတ္တာစေတနာသန့်သန့်နဲ့ ကလေးတွေကို ပြုစုစောင့်ရှောက်နေကြတာမို့ သူတို့ အသိတရားရလာတဲ့ တစ်ချိန်ချိန်မှာ အမှတ်ရနေကြမယ်ဆိုရင် ပြီးတာပါပဲကွယ်၊ ကဲ . . . သမီးလေး . . . ကျောင်းသွားတော့၊ စာပဲ ကြိုးစား . . . ဘာကိုမှ မတွေးနဲ့တော့နော်"

ရွှန်းသီရိ၏ကျောလေးကို ပွတ်သပ်ပြီး အရီး နှစ်သိမ့်လျှင် သူမရင်မှာ နှောင်တဖြစ်မိသည်။

ငါ မှားသွားပါပေါ့လား။

အရီးနဲ့မမဟာ ဘာကိုမှ မမျှော်လင့်ဘဲနဲ့ . . . သူတို့ခွန်အားတွေနဲ့ ငါတို့ကို ထမ်းပိုး . . . တင်ပေးနေခဲ့တယ်။

ရွှန်းသီရိ . . . အရီးရှေ့မှာ ပျပ်ဝပ်ရိုကျိုးစွာ ကန်တော့ရင်း . . . မျက်ရည်များ စီးကျလာခဲ့သည်။

"သမီး မှားသွားပါတယ် အရီးရယ်၊ သမီး ချောင်းသာကိုလည်း မလိုက်တော့ပါဘူး၊ ဟုတ်တယ် . . . ပိုက်ဆံရှိတဲ့လူတွေနဲ့ လိုက်တုနေလို့ ဘယ်ဖြစ်မလဲ၊ လူဆိုတာ ကိုယ့်ဘဝကိုယ် နားလည်ရမယ်၊ သမီးကို . . . ခွင့်လွှတ်နော် အရီး၊ ချောင်းသာကို လိုက်ချင်





လွှန်းမိလို့ တားစကားဆိုတဲ့ အရီးကို သမီး ရန်လုပ်မိတာပါ"

"အေးပါကွယ် . . . အရီး ခွင့်လွှတ်ပါတယ်၊ ကဲ . . . ကဲ . . ငါ့သမီးလေး သွားလေရာ လာလေရာ . . . ခလုတ်မထိ၊ ဆူးမငြိစေနဲ့ကွယ် . . . သာဓု . . . သာဓု . . . သာဓု"

အရီး၏ရင်မှာ ငြိမ်းချမ်းသွားလေလျှင် ဘရဏီလည်း သက်ပြင်းချမိသည်။ ရွှန်းသီရိလေး အမြင်မှန်ရသွားသည်ကိုလည်း ဘာပဲဖြစ်ဖြစ် သူမ ဝမ်းသာမိပါသည်။

ကလေးနှစ်ယောက်က ကိုယ့်ဘဝကိုယ် နားမလည်ဘဲ ကိုယ့်ဘဝကိုယ် အမြဲမကျေနပ်၊ ငွေတွေ အလွဲသုံးနေကြလျှင် သူမနှင့် အရီးမှာ ဘယ်တော့မှ ရှာလို့လောက်နိုင်တော့မည်လည်း မဟုတ်ပါ။

ထွက်ခွာသွားသည့် ရွှန်းသီရိ၏ကျောပြင်လေးကို ငေးကြည့်နေကြတုန်း၊ အိမ်သို့ ဘရဏီမသိသည့် ကောင်လေးတစ်ယောက် ဝင်လာခဲ့လေသည်။

"မမက . . . ဘရဏီနော်၊ ကျွန်တော်က မေမေမြတ်ရဲ့တူပါ၊ အန်ကယ်ဦးစိမ်းအောင်နဲ့တော့ ဘာမှမတော်ဘူးပေါ့၊ အခု . . . သူမသိတုန်း မမကို တိတ်တိတ်လာခေါ်ရတာပါ"

"ဘာ . . . ဘယ်လို . . . ဟိုနေ့တုန်းက မင်းကိုလည်း ငါ မတွေ့ခဲ့ရပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် . . . အဲဒီနေ့က ကျွန်တော် ကျောင်းတက်နေလို့ပါ။ အိမ်မှာ အုပ်စုနှစ်စု ရှိတယ်လေ၊ မေမေမြတ်ရဲ့ ညီမအကြီး . . . မေမေလတ်နဲ့ဦးစိမ်းအောင်တို့ကမွေးတဲ့ ကလေးတွေက လေးယောက်၊ နောက် . . . ကျွန်တော်တို့ မောင်နှမနှစ်ယောက်က အငယ်ဆုံးညီမ ဒေါ်ခင်မေထွေးက မွေးတာပါ"

"ဪ . . . ဒါထက် . . . အန်ကယ်ဦးစိမ်းအောင်က မမ . . . နှိပ်ပေးတာကို မကြိုက်ဘူးလား"

ဘရဏီမေးလျှင် ကောင်လေးက သဘောကျသလို တစ်ချက်ပြုံးပြပြီး . . . ဧည့်ခန်းထဲရှိ ဖိုက်ဘာထိုင်ခုံလေးတစ်ခုမှာ ဝင်ထိုင်လိုက်သည်။

"သူက . . . မေမေမြတ်ကို ဟန်ပြလောက်ပဲ ကုချင်တာလေ၊ အများအမြင်မှာတော့ ဂရုစိုက်သလိုလို ပျာယာခတ်ပြပြီး . . တကယ်ကျ . . . မေမေမြတ်ကို မြန်မြန်သေစေချင်နေတာ"

"အို"

"ဟုတ်တယ် မမ . . . ဒါကြောင့် အခု . . . သူမရှိတုန်း ကျွန်တော် လာခေါ်တာ . . . သွားကြစို့၊ သူ့သဘောကတော့ မေမေမြတ် မြန်မြန်သေမှ . . . သူတို့ အမွေတွေ မြန်မြန်ရအောင်လေ"

"အမွေရရင် မင်းတို့ရော . . , မရဘူးလား"





"မရနိုင်ဘူး၊ မေမေက မိဘတွေ သဘောမတူတဲ့သူနဲ့ ယူတာမို့ အမွေပြတ်ပြီးသား . . . တဲ့၊ အခု . . . မေမေသေတော့မှ မေမေမြတ်က သနားပြီး ကျွန်တော်တို့မောင်နှမနှစ်ယောက်ကို သူ့အနားမှာ ခေါ်ထားပြီး တာဝန်ယူပေးနေတာ"

"မင်း ဖေဖေရော"

"ဖေဖေက နောက်မိန်းမ ယူသွားပါပြီ၊ မေမေမြတ်သာ တစ်ခုခုဆို ကျွန်တော်တို့ မောင်နှမတွေလည်း သောင်ပြင်လွှတ်တဲ့ ခွေးတွေဖြစ်မှာပဲ"

သူတို့မိသားစု၏အတွင်းရေးကို ပြောနေသည့်ကောင်လေး၏အသွင်က ညှိုးနွမ်းနေပါ၏။

ဪ . . . လူတိုင်းမှာ ပြဿနာကိုယ်စီနဲ့နော်။

ဒါပေါ့လေ . . . လူတိုင်းကို လောကဓံက စိန်ခေါ်နေတာပဲ။ ဒီစိန်ခေါ်ပွဲမှာ အနိုင်ရတဲ့သူသာ လောကအလည်မှာ ဝံ့ထည်နိုင်မှာပေါ့။

ဘရဏီမှာ အဝတ်လဲပြီး . . . ထိုကောင်လေး၏နောက်သို့ လိုက်မိသည်မှာ . . . မေမေမြတ်ဆိုသည့် အန်တီကြီးကို သနားကြင်နာလို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မေမေမြတ်ကို . . . ဘရဏီ ဆေးလိမ်းပြီး ညင်သာစွာ၊ အကြောနှိပ်ပေးနေလျှင် သူမကို လာခေါ်သည့် စိုင်းအာကာက အခန်းဝမှ လူရိပ်လူခြည် ကြည့်ပေးနေရ၏။

ဘရဏီကတော့ စိတ်ဖြောင်ဖြောင့်ပင် နှိပ်ပေးနေခဲ့သည်။ ဦးစိမ်းအောင် တွေ့သွားတော့ရော ဘာဖြစ်သလဲ။ 'ကျွန်မက လူနာကို ပျောက်ကင်းတဲ့အထိ နှိပ်ပေးလေ့ရှိတယ်' လို့ ပြောပေးလိုက်ရုံပေါ့။

ကံကောင်းထောက်မစွာပင် . . . ထိုနေ့က ဘရဏီ တစ်နာရီခန့် နှိပ်ပေးပြီးသော်မှ ဦးစိမ်းအောင် ပြန်မလာခဲ့ပါချေ။

ရွှေစာအားစာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေမြတ်၏အနားမှာ သူမကို ကူညီဖို့ မိန်းမချောလေး တစ်ယောက်လည်း ရှိနေခဲ့သည်။ စိုင်းအားကာနှင့် ရုပ်ချင်းဆင်သူမို့ သူ့ညီမပင် ဖြစ်ပေမည်။

သူတို့မောင်နှမနှစ်ယောက်ကတော့ မေမေမြတ်ကို စိတ်ပါ၊ လက်ပါ ပြုစုပေးကြပြီး ရောဂါသက်သာလာသည့်အတွက်လည်း အားရဝမ်းသာဖြစ်နေကြပါ၏။

"နောက်နေ့တွေလည်း ဆက်ဆက်လာခဲ့ပါ မမရယ် . . . ဝတီတို့ မျှော်နေမယ်နော်၊ ကိုကိုကြီးကတော့ အန်ကယ်ဦးစိမ်းအောင်ရဲ့ အရိပ်အခြည်ကိုလည်း ကြည့်ရသေးတာမို့ ကားနဲ့နေ့တိုင်းလာခေါ်ရဲမှာ မဟုတ်ဘူး၊ အိမ်မှာက သူ့လူ၊ ကိုယ့်လူတွေလည်း ရှိသေးတယ်"

နန်းဝတီပြောနေလျှင် ဘရဏီ သက်ပြင်းချရပါ၏။ လာတာကတော့ လိုင်းကားနှင့်လာလို့ဖြစ်ပါသည်။ သို့သော် . . . နိုးကြောင်နိုးဝှက် လုပ်နေရပုံကြီးကို သူမ . . . မနှစ်သက်နိုင်။

"အန်ကယ်ကြီးနဲ့ တိုးသွားတော့ မမ ဘယ်လိုပြောရမလဲ၊ ဘယ်သူက ခေါ်ထားလို့ . . . လို့ ပြောရမှာလဲ"

"လူနာတစ်ယောက်ကို . . . ကောင်းတဲ့အထိ တာဝန်ယူပြီး ကုပေးတယ်လို့ ပြောလိုက်ပေါ့ မမရယ်၊ ဘယ်သူ့ကိုမှ မထိခိုက်





တော့ဘူးပေါ့၊ ဝတီလည်း အိမ်မှာ အမြဲရှိနေမှာပါ"

"မင်းက ကျောင်းတွေ၊ ဘာတွေ မတက်ရဘူးလား"

"ဝတီ ဆယ်တန်းအောင်ပြီးပါပြီ၊ လောလောဆယ် အားနေပါတယ်၊ ဆက်ဆက်လာခဲ့ပါ မမရယ်၊ ဝတီတို့မောင်နှမကြွေမှာ မေမေမြတ်ပဲ အားကိုးရှိပါတယ်၊ မေမေမြတ်သာ တစ်ခုခုဆိုရင် . . ဝတီတို့လည်း တွေးရဲစရာ မရှိတော့ဘူး"

အိပ်ပျော်နေရှာသည့် မေမေမြတ်၏အနားမှ သူတို့ ညင်သာစွာ ထွက်လာခဲ့ကြသည်။ သူတို့ပြောသလို . . . ဒီအိမ်မှာ သူ့လူ၊ ကိုယ့်လူတွေ ရှိကြပေလိမ့်မည်။ မြင်နေရသည့် မျက်နှာထားတွေက အသွင်အမျိုးမျိုး။

စောစောက စောင့်ကြည့်ပေးနေသည့် စိုင်းအာကာကို ယခုကျ . . အရိပ်ပင် မမြင်ရတော့ချေ။ သို့သော် . . . ဘရဏီ နားလည်ပေးနိုင်ပါသည်။ သူတို့မောင်နှမတွေခမျာ . . . နိုးပြီးလှုပ်ရှားပေးနေရတာ မဟုတ်ပါလား။

နန်းဝတီက . . . ဘရဏီကို ခြံပေါက်ဝထိ လိုက်ပို့ပေးရင်းမှ သူမ၏လက်ထဲကို ဘူးလေးတစ်ခုကို ထည့်ပေးလိုက်သည်။

"ဝတီတို့က အိမ်မှာ ငွေကိုင်ရတာ မဟုတ်လို့ ငွေပေးစရာ မရှိပါဘူး၊ ဒါပေမဲ့ အဲဒါလေးကို မမ . . . ယူသွားပါ၊ မေမေမြတ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ပျောက်တဲ့အထိ တာဝန်ယူပေးပါနော်၊ ဆရာဝန်နဲ့လည်း ဆေးကု၊ မမကလည်း အကြောနှိပ်ပေးမယ်ဆိုရင် . . . မေမေမြတ် . . . လုံးဝ ပြန်ကောင်းသွားမှာပါ"

ဘရဏီ . . . ငြင်းဆန်ပြီး အဟာင်းပြန်ပေးနေပေမယ့် . . . သူမအနားမှာ ကြာကြာမနေရဲသည့် နန်းဝတီမှာ အိမ်ပေါ်သို့ ပြန်တက်ပြေးသွားပေပြီ။

နောက်ဆုံး . . . သူပေးခဲ့သည့် ဘူးလေးကို ကိုယ်အိတ်ထဲသို့ ထည့်ရင်း . . . လိုင်းကားတိုးစီးဖို့ ဘရဏီ လျှောက်လာခဲ့ရသည်။

❖

BURMESE CLASSIC .com

"ဟင် . . . ဘရဏီ . . . ဘယ်ကိုလာတာလဲ"

အနားမှာရပ်သွားသည့် ကားထဲမှ မေးခွန်းတစ်ခုကြောင့် ဘရဏီ လှည့်ကြည့်လိုက်လျှင် . . . မြင့်မှူးကိုတွေ့ရလေ၏။

"ဟင် . . . လူကြီးမင်း . . . နေကောင်းသွားပြီလား၊ ဘာလို့ ကားကို ကိုယ်တိုင်မောင်းနေရတာလဲ . . . အောင်ခိုင်မိုးရော"

သူမ၏မေးခွန်းတွေထဲမှာ သူ့အတွက် စိုးရိမ်ကြင်နာမှုတွေ ရာနှုန်းပြည့်နေခဲ့လျှင် . . . မြင့်မှူး ကျေနပ်သွားခဲ့သည်။





"လာ . . . တက်၊ ဘာလို့ တစ်ယောက်တည်း လျှောက်သွားနေတာလဲ၊ ခေတ်ကြီးက ကောင်းတာမဟုတ်ဘူး"

သူ့စကားက ရှေးအဘိုးကြီး လေသံပေါက်နေလျှင် စောစောက စိတ်ရှုပ်နေသည့် ဘရဏီမှာ ရယ်ချင်သွားမိသည်။

သူမ ကားပေါ်သို့ တက်လိုက်လျှင် ကားလေးက စတင်ထွက်ခွာသည်။

"ကမ္ဘာပေါ်မှာ အနှိပ်သည်အလုပ်ဟာ အကောင်းဆုံးလား"

"ရန်စကားတွေ မပြောပါနဲ့ရှင်၊ ကျွန်မတို့မှာ ငွေအရင်းအနှီးမရှိတာရယ်၊ တာဝန်တွေက များတာရယ်ကြောင့်ပါ"

"ကောင်းပြီ . . . ကိုယ် . . . မင်းကို အလုပ်ပေးမယ်၊ ဂုဏ်ရှိတဲ့ အလုပ်သာ လုပ်ပေတော့"

"ဂုဏ်ရှိတဲ့အလုပ် . . . ဟုတ်လား၊ ဘရဏီက ရှစ်တန်းပဲ ပညာတတ်တယ်၊ ပညာခေတ်ထဲမှာ ပညာသင်ခွင့်မရခဲ့ဘူးလေ"

"ပညာဆိုတာ စာသင်ခန်းထဲကမှ ရတာမဟုတ်ပါဘူး၊ လောကကြီးတစ်ခုလုံးက မကုန်ခန်းနိုင်တဲ့ ပညာတွေကို ပေးနိုင်တယ်၊ မင်းကို . . . အခု . . . ကိုယ်ပိုင်အလုပ်တစ်ခု ပေးမလို့"

"ကိုယ်ပိုင်အလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဂုဏ်လည်းရှိတယ် . . . အနှိပ်သည်အလုပ် ထက်တော့ ကောင်းမှာချည်းပဲ"

မြင့်မှူး၏စကားကို ဘရဏီ နားမလည်။ သူနဲ့ဘာဆိုင်လို့ ဒီလောက်တောင် ဖြစ်နေရတာတဲ့လဲ။ သို့သော် မိန်းမပီဧအရ . . . သူ ဘာဖြစ်နေသည်ကို သိနေသလိုလို။ ဒါပေမဲ့ . . . ဒါတွေဟာ အိပ်မက်တွေပါ။ မဖြစ်နိုင်ပါဘူး။

"ကျွန်မကလည်း . . . အနှိပ်သည်အလုပ်ကို လုပ်ချင်လွန်းလို့ မဟုတ်ဘူးဆိုတာ လူကြီးမင်း သိမှာပါ၊ အခြေအနေအရ ဖြစ်ခဲ့ရတာပါ၊ ဒါပေမဲ့ . . . ကျွန်မအတွက် ဒီလောက် ပူပူပင်ပင်ဖြစ်နေတာကြီးကိုတော့ အံ့သြမိတယ်ရှင်"

သူမ၏စကားကို . . . မြင့်မှူး ချေပမနေတော့ပါ။ မကြာမီ . . . သူ၏အိမ်သို့ ကားလေးပြန်ရောက်လာခဲ့သည်။ သူက . . . ဘရဏီဘက်မှ ကားတံခါးကို လှမ်းကျော်ဖွင့်ပေးလိုက်သေး၏။

"ကဲ . . . ဆင်း၊ ကိုယ်တို့ အခု ဆွေးနွေးကြရအောင်၊ ပြီးတော့ . . . နည်းနည်းပါးပါးလည်း နှိပ်ပေးဦးပေါ့၊ ခုချိန်ကစပြီး . . . မင်းဟာ . . . ကိုယ့်ကိုပဲ နှိပ်ပေးရမယ်၊ ကိုယ်တစ်ယောက်တည်းအတွက် မူပိုင်ပဲ၊ သူများကို လုံးဝ . . . လုံးဝ နှိပ်မပေးရတော့ဘူး။ ဒါ . . . အမိန့်ပဲ၊ ဒါ . . . ကိုယ်ရဲ့ မင်းအတွက် ဥပဒေ"





ဘုရားရေ . . . သူ ဘာဖြစ်သွားတာလဲ။ ဘရဏီ အံ့သြစွာဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေလျှင် သူက သူမ၏နဖူးကို မချင့်မရဲပုံစံနှင့် ထုလေ၏။

"ဆင်းကွာ . . . ကိုယ်လေ . . . ညက တစ်ညလုံး စဉ်းစားတယ်၊ လောကကြီးမှာ အရေးကြီးဆုံးဟာ . . . ဘာလဲ . . . ဂုဏ်လား၊ ပကာသနလား၊ ရွှေငွေဥစ္စာပစ္စည်းလားပေါ့လေ"

သူမတို့နှစ်ယောက်လုံး အောက်သို့ရောက်လျှင် အောင်နိုင်မိုးက အိမ်တံခါးဖွင့်ပြီး အပြင်သို့ ပြေးထွက်လာခဲ့၏။

"အာစရိရေ . . . ကျွန်တော်မှာတာတွေ ပါလား"

"ဟာ"

သူက သူ့နဖူးသူရိုက်ပြီး ရယ်မောလိုက်လျှင် ဘရဏီတို့မှာ ကြောင်တောင်တောင်။

"အဲဒီကောင်မလေးကြောင့်ကွ၊ သူ့ကို လမ်းပေါ်မှာတွေ့တာနဲ့ ကောက်တင်လာခဲ့ပြီး စကားတွေ ပြောလာလိုက်တာ . . . မင်း ဘာတွေမှာမှန်း လုံးဝကိုသတိမရတော့ဘူး"

"လွန်တာပေါ့ အာစရိရယ်၊ ဒါဆို . . . ခု ညစာ ဘာတွေချက်ရမှာလဲ"

"မင်းပြေးဝယ်လိုက်ကွာ၊ မနက်စာတော့ ချက်ပြီးပြီ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ နာရီဝက်အတွင်း အရောက်ပြန်ခဲ့၊ ငါတို့ သွားစရာ ရှိသေးတယ်"

"ဟုတ်ကဲ့ပါ . . . ဆရာ"

အောင်ခိုင်မိုး ကားဖြင့်ထွက်သွားလျှင် သူတို့နှစ်ယောက်တည်း ဧည့်ခန်းမှာ ထိုင်လိုက်ကြသည်။ ဘရဏီမှာ ကြောင်ငေးငေး။

ခါတိုင်းက . . . သူမဘဝမှာ အောက်ကျနောက်ကျနိုင်လွန်းခဲ့ရသဖြင့် စိတ်အားတွေ ငယ်လွန်းခဲ့ရသည် မဟုတ်ပါလား။

ယခုလို သူက အထူးဂရုစိုက်နေသည့်အခါ . . . သူမမှာ အိပ်မက်မက်နေသလိုလို။

သူက . . . ကိုယ်တိုင်ပင် ကော်ဖီသွားဖျော်ပြီး မုန့်တွေနှင့် ပြင်ဆင်ယူလာခဲ့ပြန်လျှင် ဘရဏီ့မှာ ငေးနေရုံတင်မက မျက်ရည်များပါ ဝဲလာခဲ့ပြန်သည်။

တော်ပါတော့ လူကြီးမင်းရယ် . . .

ဒါဟာ . . . ဖြားယောင်းမှုတစ်ခုလို့ ဘရဏီ မထင်ရက်ပါဘူး။

မတန်တရာ . . . လို့ပဲ ထင်မှတ်မိပါတယ်။

"ကဲ . . . စား . . . မုန့်၊ မနက်ကတည်းက ဘာမှမစားရသေးဘူး မဟုတ်လား၊ ထမင်းကတော့ အောင်ခိုင်မိုးပြန်လာမှ စားရမယ်"

သူက . . . ငွေလင်ပန်းထဲမှ မုန့်တစ်ခုကို ကောက်ပေးလိုက်ပြီး ကော်ဖီကိုလည်း ခွက်ထဲသို့ ငှဲ့ပေးလိုက်သေးသည်။

ဘရဏီမှာ အထူးဧည့်သည်တော်ကြီးသဖွယ်။

"ကလေးကို မုန့်ကျွေးပြီး ရည်းစားစကားပြောတယ်လို့တော့ မမှတ်နဲ့ပေါ့ကွယ်၊ ကိုယ်ပြောမှာတွေဟာ ဘဝနဲ့ ချီပြီးတော့ကို လေးနက်ပါတယ်"

"ရှင်"

သူ့စကားကြောင့် ဘရဏီ လန့်ဖျပ်သွားလျှင် မြင့်မှုးက ကြင်နာစွာ ပြုံးပြလိုက်သည်။

"ကိုယ့်စိတ်ကိုယ် ဆန်းစစ်ကြည့်ပြီးပြီ၊ ကိုယ်ဟာ ရိုးသားတဲ့ တောင်သူလယ်သမား၊ ကုန်သည်လူတန်းစားကပါ၊ မင်းကို လက်ထပ်လို့ ကန့်ကွက်မယ့်သူ မရှိလောက်ပါဘူး"

"ဟာ . . . မဖြစ်နိုင်တာ . . . မတန်ပါဘူးရှင်၊ လူကြီးမင်း အနေနဲ့ ဘွဲ့ရပြီး ပညာတတ်၊ ရုပ်ချောတဲ့ မိန်းကလေးတွေကိုပဲ ရွေးချယ်ပါ ရှင်၊ ဘရဏီက နိမ့်ကျလွန်းပါတယ်၊ ပွဲလယ်မတင့်ပါဘူး၊ ဟင့်အင်း . . . ကျွန်မ . . . လူကြီးမင်းကို အားနာတယ်"

သူကလေး . . . လန့်ဖျပ် ငြင်းဆန်နေပုံက သူမ၏ [illegible]







www.burmeseclassic.com

www.burmeseclassic.com



စေတနာကို ဖော်ပြနေလျှင် မြင့်မှူး ပိုလို့ပင် သဘောကျနေမိလေ၏။

“မင်းဟာ ငတုံးမလေးပဲ၊ သူများမိန်းကလေးတွေများ ကိုယ့်လိုလူမျိုးကို ရဖို့ မာယာတွေနဲ့ သိမ်းသွင်းနေချိန်မှာ မင်းကတော့ ခါးခါးသီးသီးပဲနော်”

“ကျွန်မ . . . ကိုယ်ချင်းစာလို့ပါ၊ ကျွန်မ မောင်လေးဆိုရင်လည်း ဒီလို အနှိပ်သည်မမျိုးနဲ့ဆို ဘယ်သဘောတူနိုင်မလဲ၊ လောကမှာ ဂုဏ်မမက်ဘူးဆိုပေမယ့် . . . ကျွန်မက နိမ့်ကျလွန်းပါတယ်ရှင်၊ ကျွန်မမှာ လက်ညှိုးထိုးပြစရာကောင်းတဲ့ အရည်အချင်း တစ်ခုမှ မရှိပါဘူး”

မျက်ရည်များပင် စီးကျလာပြီး ဘရဏီ ရှင်းပြနေလျှင် မြင့်မှူး ကြင်နာစွာ၊ စိတ်ရှည်စွာ ပြုံးပြလိုက်ပါသည်။

“ရှိတာပေါ့ကွယ် . . . မင်းရဲ့ အရည်အချင်းတွေကို ကိုယ်မြင်တယ်၊ မင်းဟာ ရုပ်ရည် ချောမောလှပတယ်၊ စိတ်နှလုံး နူးညံ့တယ်၊ မိသားစုအပေါ် အနွံ့အတာခံတယ်၊ လူတွေအပေါ် စိတ်ကောင်းထားရှိတယ်၊ နောက် . . .”

“တော်ပါတော့ရှင်၊ ကျွန်မတော့ ဆင်ကျီစားရာ ဆိတ်မခံနိုင် ဖြစ်နေပြီ၊ လူကြီးမင်းစကားတွေက ကျွန်မအတွက် အိပ်မက်





ဆန်လွန်းပါတယ်၊ ကဲ . . . ကျွန်မ လူကြီးမင်းကို နှိပ်ပေးမယ်”

သူထိုင်နေရာ ဆိုဖာနောက်သို့ ဘရဏီ ကပ်သွားခဲ့လျှင် မြင့်မှူး သူကလေးကို ကိုယ့်အနားသို့ ထိုင်ဖို့ဆွဲခေါ်လိုက်သည်။

“ကိုယ် ညက စဉ်းစားတဲ့အခါ လောကမှာ အရေးအကြီးဆုံးဟာ စိတ်ချမ်းသာဖို့ပါပဲ၊ အခုဆိုရင် . . . ကိုယ့်မှာ ဥစ္စာဓနလည်း ရှိသင့်သလောက်ရှိပြီ၊ မိဘညီအစ်ကိုများကိုလည်း ထောက်ပံ့ကြည့်ရှုနိုင်ခဲ့ပြီ၊ စိတ်နှလုံး နူးညံ့ချောမွေ့တဲ့ အိမ်ရှင်မလေးပဲ လိုတော့တယ်”

“ဒါ . . . အကြမ်းဖျင်းရွေးချယ်မှုပေါ့”

သူ့စကားက . . . သင်္ချာပုစ္ဆာတွက်သလိုချည်းမို့ ဘရဏီ မေးခွန်းမေးလိုက်မိလေသလား။

“မဟုတ်ဘူး . . . အနုစိတ် ရွေးချယ်လိုက်တာ၊ ဘရဏီ့ကို အရမ်းသနားတယ်၊ အရမ်းချစ်တယ်ကွာ၊ ကိုယ့်ဘဝကလည်း ကိုယ်ကြိုက်သလို ရွေးချယ်ခွင့်၊ လုပ်ပိုင်ခွင့် ရှိတာမို့ ဘရဏီ့ကို ကိုယ်ရွေးချယ်တယ်၊ ငြင်းဆန်မနေပါနဲ့တော့ အချစ်ရယ်၊ အနှိပ်ကောင်းလွန်းတဲ့ ဒီလက်ကလေးတွေနဲ့ ကိုယ့်ကို တစ်သက်လုံး ပြုစုယုယပါတော့နော်”

သူ့ဆိုဖာမှာ တစ်တောင်လောက်ခွာပြီး ထိုင်နေရသည့် ဘရဏီကို ပူးကပ်သွားအောင် ‘မြင့်မှူး ဆွဲပွေ့လိုက်စဉ် အိမ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်မိုး၏ကားလည်း ပြန်ဝင်လာခဲ့သည်။

မြင့်မှူးမှာ ဘရဏီကို ပြန်လွှတ်ပေးလိုက်ပြီးလျှင် သူ့တပည့်ကိုလည်း ချီးမွမ်းလိုက်ပါ၏။

“တော်တော်စကားနားထောင်တဲ့ကောင် . . . နာရီဝက်ဆို နာရီဝက်ပဲ၊ ဒီမှာဖြင့် အဖြေတောင်မရသေးဘူး၊ ကဲ . . . ပြောကွာ . . . ကိုယ့်ကိုချစ်တယ် မဟုတ်လားဟင်၊ လက်ထပ်မယ် မဟုတ်လားဟင်”

ဘရဏီကတော့ သူ့အနားမှာ ထိုင်နေရာမှ သူ့နောက်သို့ ရောက်သွားပြီး သူ့ကို ပခုံးကြောများ လျှော့ပေးနေလိုက်သည်။ သူမ၏လက်ကလေးများမှာ တုန်တုန်ယင်ယင်။ ဒါကို . . . သူလည်း သိမှာပင်။

“ကျွန်မမှာ တာဝန်တွေအများကြီး ရှိသေးတယ်၊ ပြီးတော့ ကျွန်မမှာ ပန်းတိုင်ရှိတယ်”

“တာဝန်တွေက ကိုယ်သိပါတယ်ကွာ၊ ဒါ . . . အပန်းမကြီးပါဘူး၊ ပန်းတိုင်ကတော့ ဘာလဲ၊ ဘာဖြစ်ချင်လို့လဲ”

သည်စဉ် . . . ဧည့်ခန်းထဲသို့ အထုပ်အပိုးများဖြင့် အောင်ခိုင်မိုး ဝင်လာခဲ့၏။

“ဆရာရေ . . . နာရီဝက်အတွင်း ပြန်ရောက်ပြီနော်၊





ဘရဏီရော နှိပ်ရတာ လက်အံ့သေနေပြီလား၊ မဖြစ်ပါဘူး . . . ငါလည်း နင့်ဆီမှာ အနှိပ်ပညာ သင်ထားဦးမှ၊ ဒါမှ ငါ့ဆရာ ညောင်းရင် ပြုစုပေးရအောင်၊ မဟုတ်ရင် . . . နင့် လိုက်ရှာနေရတာနဲ့ ငါ မောတယ်”

တော်တော်စကားများသည့် အောင်ခိုင်မိုးပါပဲ။ အထုပ်အပိုးများကို မီးဖိုခန်းဘက်သို့ သယ်ဆောင်သွားရင်းမှပင် . . . သူ့အသံများက လွှင့်ကျန်ခဲ့သေးသည်။

ဘရဏီကတော့ မြင့်မှူးကို သေသေချာချာ နှိပ်ပေးဖို့သာ စိတ်ကူးနေခဲ့သည်။ ကျန်တာတွေ ဘာမှစဉ်းစားမနေချင်။

အချစ်ဆိုတာ နှလုံးသားထဲမှာ ပွင့်ဖူးနေတာပဲ။ ထာဝစဉ် နိုင်မြဲတယ်။ လှပနေပါတယ်။

“လူကြီးမင်း . . . ခေါင်းခဲသေးလား၊ ဇက်ကြောတွေလည်း တင်းတောင့်နေတာပဲ၊ သက်သောင့်သက်သာနဲ့ နောက်ကို မှီလိုက်ပါ၊ စိတ်တွေ လျှော့ချထားလိုက်ပါ၊ အရာရာဟာ သူ့သဘောသူ ဆောင်ပါလိမ့်မယ်၊ ကျွန်မ သေသေချာချာ နှိပ်ပေးမယ်”

“ကြိုက်သလိုသာ လုပ်ပါတော့၊ ကြိုက်သလိုသာ ဆုံးဖြတ်ပါတော့ ဒေါ်ဘရဏီရယ်၊ ကိုယ့်ဘဝကြီးတစ်ခုလုံး . . . မင်းကို ပုံအပ်လိုက်ပါတယ်၊ မင်းကို ဆွေးနွေးရတာ ကျွဲပါးစောင်းတီး၊



www.burmeseclassic.com

www.burmeseclassic.com



ကျောကုန်း ရေပက်နေရသလိုပါပဲ"

မြင့်မှူး စိတ်တို၊ အားမလိုအားမရ ဖြစ်နေပုံကြီးကိုကြည့်ပြီး ဘရဏီကတော့ ခပ်ပြုံးပြုံး။

"ဟုတ်ပြီလေ . . . ဒါ ကျွန်မက လူကြီးမင်း လမ်းမှားမှာ စိုးလို့ စေတနာနဲ့ ငြင်းပယ်နေခဲ့တာပါ၊ ကဲ . . . ငြိမ်ငြိမ်သာ နေပါတော့၊ စကားလည်း မပြောနဲ့တော့"

ဘရဏီပြောလျှင် တဒင်္ဂတော့ မြင့်မှူး ငြိမ်သက်ပေးလိုက်ပါသည်။ ကိုယ်လည်း တကယ်ပင် စိတ်မောလူမောပြီး ခေါင်းတွေခဲ၊ ဇက်ကြောတွေ တက်သွားလို့ပါပင်။

သူမ၏လက်ချောင်းကလေးများက မြင့်မှူး၏ နားနောက်၊ နားထင်ရိုး၊ ပခုံးများနှင့် လည်ကုပ်နောက်ဘက်တို့သို့ ကျွမ်းကျင်စွာ နှိပ်နယ်ပေးနေလျှင် သူ့စိတ်ထဲမှာ တင်းကျပ်မှုများ လျော့ပါးပြီး သက်သာပျောက်ကင်းသွားခဲ့သည်။

အတန်ကြာလျှင် မီးဖိုခန်းဘက်မှ အောင်ခိုင်မိုး ထွက်လာပြီး ထမင်းစား ခေါ်လိုက်သည်။

"ကဲ . . . ဆရာ ကျွန်တော် ထမင်းပွဲပြင်ပြီးပါပြီ၊ ဆယ့်နှစ်နာရီလည်း ထိုးတော့မယ်၊ ဘရဏီရော ဒီမှာ တစ်ခါတည်း စားသွားပေါ့"





"ငါ မစားတော့ဘူး အောင်ခိုင်မိုး၊ အရီး မျှော်နေတော့မယ်၊ အိမ်ကျမှ စားတော့မယ်"

တကယ်ပင် . . . ဘရဏီ အိမ်ပြန်ဖို့ပြင်လျှင် မြင့်မှူး . . . စိတ်တိုရပြန်သည်။ ဒီကောင်မလေးကို သနားရတာ၊ ချစ်ရတာ . . . ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိသာပါပဲ။

"နေဦး ဘရဏီ . . . စီစဉ်စရာတွေ ရှိသေးတယ်၊ မင်းကို ဇီကုပ်ပြီး နတ်ပြည်တင်ပေးရဦးမယ်"

"ဘယ်လို ဆရာ . . . ဘရဏီ့ကို အတင်း သီလရှင်ဝတ်ခိုင်းမလို့လား"

အောင်ခိုင်မိုးက အူကြောင်ကြောင် ဝင်မေးလျှင် မြင့်မှူး၏ စိတ်တိုမှုတွေအားလုံး သူ့အပေါ် စုသွားလေ၏။

"မင်းကြီးဒေါ်ကြီးကို ဝတ်ပေးမှာဟေ့၊ မင်းအမေကို သီလရှင် ဝတ်ပေးမှာ"

"ဟာ . . . ဆရာကလည်း ကျွန်တော်က နားမလည်လို့ မေးတာပါ"

"သွား . . . မင်းအလုပ်က ထမင်းပွဲသာ အဆင်သင့်ပြင်ထား၊ ဘရဏီ . . . ဒီမှာ ထမင်းစားရမယ်၊ ငြင်းဆန်ဖို့ စိတ်မကူးနဲ့ . . . လာ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မှူးက သူမကို လက်ဆွဲခေါ်နေလျှင် ဘရဏီ ဘာမှ မတတ်နိုင်တော့ပါချေ။ သူ့အလိုကျ . . . သူနှင့်အတူ ထမင်းစားခန်းသို့ လိုက်ပါလာခဲ့ရရှာသည်။

"ထိုင် . . . ဘရဏီလေးရယ်၊ ခုနစ်နှစ်လုံးလုံး မင်းဘဝလေး အမှောင်ကျခဲ့ပြီးပါပြီ၊ ခုအချိန်ကစပြီး မင်းဘဝ လင်းရောင်ခြည် လာပါပြီ၊ ကိုယ် . . . ဖြူဖြူစင်စင် ကူညီမှာပါ၊ ကိုယ် . . . မင်းကို အရမ်းသနားမိ၊ ချစ်မိပေမယ့် မင်း စိတ်မပါ ရင် အကျပ်မကိုင်ပါဘူး၊ ကိုယ့်ကို ပြန်ချစ်ချင်မှ ချစ်ပါ၊ လက်ထပ်ချင်မှလည်း လက်ထပ်ပါ၊ ကိုယ် စီစဉ်ပေးမယ့်အလုပ်ဆိုတာကို နားထောင်ကြည့်ပါဦး"

သူ လေးနက်စွာ ပြောနေလျှင် . . . ဘရဏီမှာ ထမင်းစားရင်း နားထောင်နေရသည်။ လောကမှာ . . . တစ်ဦးနဲ့ တစ်ဦး . . . ကူညီတယ်၊ ကယ်မတယ်ဆိုတာ သံယောဇဉ်ချစ်ခြင်းက စမှာပဲ၊ သူ့သံယောဇဉ်များကို ဘရဏီ ငေးကြည့်နေရပါ၏။

"ဒီလမ်းထိပ်က နာမည်ကြီး . . . အမျိုးသမီးစက်ဆိုင်ကို မြင်ခဲ့လား ဘရဏီ . . . အပ်ချုပ်ဆိုင်ကြီးလေ"

"ဟုတ်ကဲ့ . . . ကျွန်မ သတိထားမိပါတယ်၊ အဲဒါ . . ."

"အဲဒီစက်ဆိုင်ပိုင်ရှင် . . . တရုတ်မကြီးက . . . အခု . . . သူ့သမီးရှိရာ မန္တလေးကို ပြောင်းမယ်၊ အဲဒီလုပ်ငန်းကြီးတစ်ခုလုံးကို





ကိုယ်ဝယ်လိုက်ပြီ၊ ဆိုင်ရှင်နေရာမှာ ဘရဏီလုပ်ပေတော့"

"ရှင် . . . ဘရဏီမှ စက်မချုပ်တတ်တာ၊ ဘာမှလည်း နားမလည်ပါဘူး လူကြီးမင်းရယ်"

တကယ်ပင် . . . သူမ မျက်စိလည်ရပါသည်။ အပ်ချုပ်စက်တွေ အများကြီးနှင့် စက်ဆိုင်ကို . . . သူမက ဘယ်လို အုပ်ချုပ်ရမှာလဲ။

"မလိုပါဘူး . . . ဘရဏီ စက်မချုပ်တတ်လည်း ကိစ္စမရှိဘူး၊ ဒီဆိုင်က နာမည်ရပြီးသား၊ လက်ခစားတွေလည်း ရှိပြီးသား၊ မင်းက အုပ်ချုပ်ရုံပဲ၊ အထည်လာအပ်တဲ့သူတွေကို ဘောက်ချာဖြတ်တာတို့၊ လာရွေးတဲ့သူတွေဆီက ငွေလက်ခံတာတို့၊ နောက် . . . လိုအပ်တာပေါ့၊ လုပ်ရင်းကိုင်ရင်းနဲ့ မင်း . . . နားလည်သွားမှာပါ၊ စက်အကြောင်း သိချင်ရင်လည်း . . . နည်းနည်းပါးပါး လေ့လာပေါ့၊ မကြာခင် တတ်သွားမှာပါ"

သူ့စေတနာနှင့် သူ့ထက်သန်မှုတို့ကို အံ့သြတကြီး မော့ကြည့်ပြီး . . . ဘရဏီ ထမင်းစားဖို့ မေ့နေလျှင် မြင့်မှူးက ပြုံးပြုံးကြီးနှင့် သတိပေးပါ၏။

"ကဲ . . . ဒေါ်ဘရဏီ . . . ထမင်းလည်း စားလိုက်ပါဦး၊ ကိုယ်ကတော့ မင်းအတွက် အဆင်ပြေအောင် အားလုံးစီစဉ်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ငြင်းဆန်ဖို့တော့ စိတ်မကူးနဲ့နော်”

“ဘရဏီတော့ အိပ်မက်မက်နေသလိုကြီးပါပဲ၊ ကိုယ့်အပေါ် ဒီလိုမျိုး . . . ကောင်းမယ့်သူဆိုတာ ရှိလာလိမ့်မယ်လို့ မထင်မိပါဘူး”

“တစ်သက်လုံး အနှိပ်သည်ဘဝနဲ့ အရိုးထုတ်ရလိမ့်မယ်လို့ပဲ တွေးထင်ထားတယ်ပေါ့ . . . ဟုတ်လား၊ ဒါတော့ မင်း . . . နုံအလို့ပါကွယ်၊ ရှေးရှေးတုန်းက . . . ဇီးသီးသည် မဗျိုင်းလေးဟာလည်း ရှင်ဘုရင်က ကောက်တော့ မိဖုရားဖြစ်သွားတာပဲ မဟုတ်လား”

“အမယ် . . . ကျွန်မကိုတော့ မဗျိုင်းနဲ့ မနှိုင်းပါနဲ့နော်၊ ဘရဏီတို့က လောကကြီးအပေါ်မှာ အမှန်အတိုင်း မြင်ပြီးသားပါ၊ လောကထဲမှာ . . . အရာအားလုံးကို အမှန်အတိုင်း မြင်ထားမယ်ဆိုရင် လောဘ, ဒေါသ, မာနတို့ဆိုတာ ဘာရှိစရာလိုသလဲ”

ဘရဏီ့အပြောကို မြင့်မှူး နှစ်သက်ကျေနပ်နေမိသည်။ ဘာပဲဖြစ်ဖြစ် သူမသည် လောကကြီးနှင့် အသားကျပြီး အသားမာတက်ပြီးသည့် အကြမ်းခံ ပန်းပုရုပ်တုလေးတစ်ခုဖြစ်သည်။

“ကဲ . . . ဒီတော့ မနက်ဖြန်က စပြီး အဲဒီ ‘ဘရဏီ’ . . . စက်ဆိုင်ကို မင်းအုပ်ချုပ်ရမယ်၊ ရတဲ့အကျိုးအမြတ်ကို ယူ၊ အဲလေ . . . ကြိုက်သလို လုပ်ပေါ့၊ မင်းရဲ့ဆိုင် ဖြစ်သွားပြီပဲ၊ ဆိုင်ရဲ့ တိုးတက်ကြီးပွားဖို့၊ တည်မြဲဖို့အားလုံး . . . အစွမ်းရှိသလိုလုပ်ပေါ့၊ အရှိန်





အတိုင်း ဆက်လိမ့်သွားရုံပါလေ”

“ကျွန်မ ကြိုးစားပါ့မယ်၊ ဒါပေမဲ့ . . ဒီလောက်လုပ်ငန်းကြီး တစ်ခုလုံးကို ကျွန်မရဲ့လက်ထဲ အပိုင်လွှဲပေးတာမျိုးကြီးတော့ မလုပ်ပါနဲ့၊ ကျွန်မ စိတ်မလုံဘူး၊ ပိုင်ရှင်ကတော့ လူကြီးမင်းပဲပေါ့နော်၊ ကျွန်မက ရတဲ့အကျိုးအမြတ်ကို တစ်ဝက်ပဲ သုံးမယ်၊ လူကြီးမင်းက တစ်ဝက်ယူ၊ ဒါမှ ကျွန်မ စိတ်ဖြောင့်မှာ”

ဘရဏီ့အသွင်က အတွေးများဖြင့် စိုးရိမ်ကြောက်ရွံ့နေလျှင် မြင့်မှူး . . . နှစ်သိမ့်ပြုံးဖြင့် အားပေးရသည်။

“ကြည့်လုပ်ကြတာပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် . . . ကိုယ်ကတော့ မင်း . . . အနှိပ်သည်ဘဝက လွတ်သွားအောင် လုပ်ပေးတာပါ၊ မင်းတို့မိသားစု အဆင်ပြေရင် ပြီးတာပါပဲ၊ ကဲ . . . ဒီနေ့ ဒီအချိန်ကစပြီး မင်း . . . အနှိပ်သည် မလုပ်ရတော့ဘူးနော်၊ အနှိပ်သည် မဟုတ်တော့ဘူးနော်၊ မနက်ဖြန်ကစပြီး လုပ်ငန်းပိုင်ရှင်ကြီးဖြစ်ပြီ၊ ဟုတ်ပြီနော် . . . ကိုယ့်အလုပ် ကိုယ်လည်းမှတ်ထားဦး”

သူမအတွက် . . . မြင့်မှူး အရမ်းစိတ်ချမ်းသာနေခဲ့လျှင် ဘရဏီ့ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရပါသည်။

ဒါဟာ . . . ဖြူစင်တဲ့ မေတ္တာရဲ့ ပြယုဂ်တစ်ခုနေမှာပါ။ သို့သော် . . . သူမ၏မျက်ဝန်းထဲမှာ မေမေမြတ်၏အားကိုးတကြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းများကို မြင်ယောင်နေမိပြန်သည်။

ခက်လိုက်တာ။

မနက်ဖြန်ကစပြီး အနှိပ်သည် မလုပ်ရတော့ဘူးဆိုလျှင်ဖြင့် မေမေမြတ်ကို သူမ ကျောခိုင်းရပေတော့မည်။

● ○ ●

## အခန်း (၁၂)

"ဝမ်းသာလိုက်တာ သမီးရယ်၊ အဲဒါ . . . သူတော်ကောင်းမို့ နတ်ကောင်းမတာ၊ စိတ်ကောင်းရှိတဲ့သူ၊ နှလုံးသားဖြူစင်တဲ့သူဆိုတာ ဘယ်တော့မှ အချိုးနှိုး မဖြစ်ပါဘူးကွယ်၊ ခုပဲ ကြည့် . . . ကိုယ့်ကို စောင့်ရှောက်မယ့်သူဆိုတာ မိုးပေါ်ကကျလာသလိုကို ပေါ်လာတော့တာပဲ"

အိမ်မှာတိုင်ပင်စရာ အရိုးပဲ ရှိသဖြင့် ဘရဏီ . .လူကြီးမင်း ပြောသမျှ ဖွင့်ဟတိုင်ပင်လျှင် အရိုးကြင်မှာ . . . အလွန်ဝမ်းသာနေလေသည်။ သို့သော် . . . ဘရဏီ့အသွင်က တွေးတွေးဆဆ။

"ဘရဏီတော့ ရင်လေးနေတာပါပဲ၊ သံသယတွေမှာပြား



www.burmeseclassic.com

www.burmeseclassic.com



လွန်းတယ်ပဲပြောပြော၊ လောကကြီးက ဘရဏီတို့အပေါ် ဒီလောက် မျက်နှာသာပေးမယ် မထင်ပါဘူး၊ ဘာတွေဖြစ်လာဦးမှာပါလိမ့်"

"ဘာတွေဖြစ်လာစရာ ရှိမလဲကွယ်၊ သူဟာ လူမျိုးတစ်ယောက် မဟုတ်လား၊ သူလက်ထပ်ချင်တယ်ဆိုတာ သမီးက လက်ခံလိုက်ရင် ပြီးတာပဲ မဟုတ်လား"

"အဲဒီလောက် လွယ်မယ်မထင်ပါဘူး အရီးရယ်၊ သူ့အသိုင်းအဝိုင်းက ဘရဏီ့အကြောင်း စုံစမ်းတဲ့အခါ ဘရဏီဟာ ဂုဏ်မရှိ၊ သရေမရှိ၊ အနှိပ်သည်ဖြစ်ခဲ့ဖူးတာ သိသွားရင် သဘောတူနိုင်ပါ့မလား"

"ဩော် . . . သမီးက ဒါကို စိုးရိမ်နေတာကိုး၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ သမီးဟာ ဖြူစင်တဲ့ အပျိုစင်လေးပါ၊ ရုပ်ရေလည်း ချောမောလှပတယ်၊ မိန်းမတို့ရဲ့ဓနဟာ အဆင်းတဲ့၊ အခုလည်း မောင်မြင့်မှူးက စက်ဆိုင်မှာ အလုပ်လုပ်ခိုင်းတော့မယ် မဟုတ်လား၊ ကြာတော့လည်း သမီး . . . အနှိပ်သည်လုပ်ခဲ့ဖူးတာ ဘယ်သူမှ မှတ်မိမှာ မဟုတ်တော့ပါဘူးကွယ်၊ ဒီအတွက် . . . ဒီလောက်ကြီး ပူပင်မနေပါနဲ့၊ လောလောဆယ် ရှဉ့်လည်းလျှောက်သာ ပျားလည်း စွဲသာ . . . စက်ဆိုင်အလုပ်သာ လုပ်ပေတော့၊ ကျန်တာတွေ . . . နောက်မှ အရီးနဲ့ တိုင်ပင်ကြတာပေါ့"





အခန်းထဲမှာ ရွှန်းသီရိနှင့် ရှိုင်းသီရိ မောင်နှမက စာကြည့်လျက်။ ဧည့်ခန်းမှာ တီးတိုးတိုင်ပင်ဆွေးနွေးနေရသည့် အရီးကြင်နှင့် ဘရဏီမှာ ထိုမောင်နှမ၏ ရှေ့ရေးအတွက်ကိုလည်း များစွာထည့်သွင်းစဉ်းစားရပါသည်။

"စက်ဆိုင်ကရတဲ့ ဝင်ငွေဟာ သူတို့မောင်နှမ စရိတ်အတွက် ကာမိပါမလား၊ ဒီတော့ . . . သမီးက စက်ဆိုင်မှာ အလုပ်လုပ်၊ အရီးက တစ်ဖက်တစ်လမ်းက အနှိပ်သည် ဆက်လုပ်မယ်"

"ဟာ . . . ဒီလိုကြီးလည်း မကောင်းပါဘူး အရီးရယ်၊ ဘရဏီတစ်ယောက်တည်း ဒီဘဝက လွတ်ပြီး၊ အရီး ကျန်ခဲ့တာ . . ဘယ်စိတ်ကောင်းနိုင်မလဲ၊ နောက်နေ့မှ . . . လူကြီးမင်းနဲ့ အသေးစိတ်ဆွေးနွေးတိုင်ပင်ကြတာပေါ့နော်၊ ကဲ . . . အိပ်ကြစို့"

သည်စဉ် . . . သူမတို့နှစ်ယောက်အနားသို့ ရွှန်းသီရိ ကပ်လာခဲ့သည်။ သူ့အသွင်က တစ်စုံတစ်ခုကို ပြောချင်နေသည့် ဟန်ဖြင့် ချီတုံချတုံ။

"ပြောလေ ညီမလေး . . . ကျောင်းစရိတ်လိုလို့လား"

ဆေးတက္ကသိုလ်ဆိုတော့ ကျောင်းစရိတ်ကလည်း ကြီးပေမည်။ ခဏခဏ တောင်းရလွန်းလျှင် ကလေးတွေကလည်း အားနာပေမှာပေါ့၊ ဘရဏီ လမ်းဖွင့်မေးပေးမှ . . . သူ့ခမျာ ပြောရဲပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။

"ဟိုလေ . . . ချောင်းသာကိစ္စပါ မမ၊ မမနဲ့ အရီးပြောလို့ သမီး . . . မလိုက်တော့ဘူးလို့ ဆုံးဖြတ်ပေမယ့် . . . သူငယ်ချင်းက သူ စရိတ်ခံမယ်ဆိုပြီး ပိုက်ဆံထည့်ပေးလိုက်ပါတယ် . . . အဲဒါ"

"ဒါဆို . . . ညီမ လိုက်ရတော့မှာပေ့ါ . . . ဟုတ်လား၊ ဘယ်တော့ သွားကြမှာလဲ၊ ဘာပဲဖြစ်ဖြစ် . . . ကိုယ့်မှာလည်း ပိုက်ဆံပါရဦးမှာပဲပေ့ါ"

"ထည့်လိုက်ပါကွယ် . . . ဆရာဆရာမတွေလည်း ပါတာပဲလေ၊ ဗဟုသုတလည်း ရတာပေ့ါ၊ ငွေလေး . . . ဘာလေးလည်း ပေးလိုက်ပေ့ါကွယ်၊ ကျောင်းသားဘဝမှာသာ ပြင်ပဗဟုသုတတွေ၊ ဒေသန္တရလေ့လာရေးတွေ ရှာအားကြတာ မဟုတ်လား"

အရီးက ဝင်ပြီး ဖိအားပေးနေလျှင် ဘရဏီ သဘောတူရပေတော့သည်။ သို့သော် . . . ညီမငယ်ကို စိုးရိမ်မိတာတော့ အမှန်ပင်။

"ညီမကို စိုက်ပေးတဲ့ သူငယ်ချင်းက ယောက်ျားလေးလား၊ မိန်းကလေးလား၊ ကိုရှိုင်းတို့ရော . . . မလိုက်ရဘူးလား၊ ဘယ်နှစ်ရက် ကြာမှာလဲ၊ ဘယ်တော့ သွားကြမှာလဲ"

"မမကလည်း . . . အဘွားကြီးကျလို့ . . . စိုးရိမ်တတ်





လိုက်တာ၊ သွားမှာက ရွှေ့အပတ်ထဲမှာ သွားမှာ၊ ကိုရှိုင်းလိုက်လည်း ရတာပဲ၊ ဒါပေမဲ့ မမပေးရမှာပေ့ါ၊ ပြီးတော့ . . . မမမောင်က ဒီလို သွားဖို့ထက် သူက ကျောင်းထဲမှာပဲ ဟေးလားဝါးလား ပျော်ပျော် ပါးပါးနေချင်တာ"

"ငွေပေးရကာမှ ပေးရရောပေ့ါကွယ်၊ မမသဘောကတော့ မောင်နှမနှစ်ယောက် သွားအတူ လာအတူ ဖြစ်စေချင်တာပေ့ါ"

"အမလေး မမရယ် . . . မောင်နှမ နှစ်ယောက်ပေါင်း လမ်းစရိတ် ငါးသောင်းလောက် အလဟဿကုန်မယ့်ကိစ္စကြီး၊ အခု လည်း . . . ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဆို ညီမ . . . မလိုက်ဖြစ်ပါဘူး၊ သူများ စရိတ်ခံလို့ လိုက်ဖြစ်မှာပါ"

နောက်ဆုံး . . . အရွယ်ရောက်နေပြီဖြစ်သည့် ညီမကို ချောင်းသာခရီးထည့်ဖို့ ဘရဏီ ခွင့်ပြုရပါသည်။

● ၀ ●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဘရဏီမှာ လူက မေမေမြတ်ကို သွေးကြောလေကြော များ ပွင့်အောင် နှိပ်နယ်ကုသပေးနေရပေမယ့် စိတ်က သောက ရတက်မအေး ဖြစ်နေရသည်။

အနှိပ်သည် မလုပ်ရဘူးဟု . . . လူကြီးမင်းက တစ်ချက် လွှတ်အမိန့်ဖြင့် ရာဇသံချမှတ်ခဲ့ထားသည် မဟုတ်ပါလား။ ယခု . . . သူမ . . . လူကြီးမင်း၏အမိန့်ကို လွန်ဆန်သလို ဖြစ်ခဲ့ရပေပြီ။

မနက်က မိုးလင်းစမှာပင် . . . မေမေမြတ်၏တူကလေး အူယားဖားယား ပြေးလာပြီး ကားနှင့် အတင်းလာခေါ်ခဲ့သည်။ မေမေမြတ်၏ အခြေအနေကလည်း . . . တိုးတက်နေသည် မဖုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလား။

ဘရဏီမှာ . . . အနှိပ်သည်ဆိုပေမယ့် အကြောနားလည်သည့် အဆင့်မြင့်ပညာရှင်လည်း ဖြစ်ရာ ကိုယ့်လူနာကို တိုးလိုးတန်းလန်းလည်း ပစ်မထားခဲ့ချင်ပါ။

လူကြီးမင်းကတော့ စိတ်ဆိုးနေမှာပဲ။ ချေးထဲက လောက်ချေးထဲ ပျော်တယ်လို့ ထင်တော့မှာပဲ။ အဖေတွေးများနှင့်ပင် ဘရဏီ မေမေမြတ်၏အကြောများကို ပြုပြင်နှိပ်နယ်ပေးနေရပါသည်။

"ဟော"

ရွှံ့နေသည့်ပါးစပ်ကလေးက လုံးဝဟည့်သွားသည့်အပြင် စကားတောင် အာလေးလျှာလေးဖြင့် တစ်လုံးစ၊ နှစ်လုံးစ ပြောလို့ရလာခဲ့ပေပြီ။

"သ . . . မီး"

သူမကို . . . အားကိုးတကြီးဖြင့် လှမ်းခေါ်နေပါချေပြီကော။ အခန်းပေါက်ဝမှ စိုင်းအာကာကို ဘရဏီ ဝမ်းသာအားရ လှမ်းခေါ်လိုက်လျှင် သူကလည်း စိုးရိမ်တကြီး ပြေးဝင်လာခဲ့သည်။

"မမ . . . ဟိုလူကြီး အိမ်ပေါ်တက်လာပြီ၊ သူ . . . ဘာပဲပြောပြော . . . မမ သည်းခံပါနော်၊ ကျွန်တော်တို့ကို သနားသောအားဖြင့် စိတ်လည်းပျက်မသွားပါနဲ့နော်၊ မေမေမြတ်ကို ပျောက်





အောင် ကုပေးပါလို့ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်ဗျာ"

စိုင်းအာကာက ပြောပြောဆိုဆိုဖြင့်ပင် သူ မေမေမြတ်၏ လက်ကလေးတစ်ဖက်ကို . . . ယုယစွာကိုင်ဆုပ်ပြီး ခုတင်ပေါ်မှာ ညှိုးငယ်စွာ ထိုင်လိုက်သည်။

ဘရဏီမှာ ယခုဆို ကိုယ်က စေတနာဖြင့် ကုသပေးနေသည် ဖြစ်သဖြင့် သိမ်ငယ်စိတ်၊ အားငယ်စိတ်များက လုံးဝမရှိ။ ထို့ကြောင့် ဦးစိမ်းအောင် ခြေသံပြင်းပြင်းဖြင့် အခန်းထဲဝင်လာသော်လည်း သူမ မကြောက်ရွံ့ပါ။

ဦးစိမ်းအောင်က မေမေမြတ်ကိုပင် အရေးမစိုက်တော့လေသလား မသိချေ။

"စိုင်းအာကာ . . . ဒီနေ့ ကျောင်းမသွားဘူးလား၊ ကျောင်းစရိတ်တွေက နည်းတာမဟုတ်ဘူး၊ ကျောင်းမတက်ချင်ရင်လည်းပြော၊ ငါ့အလုပ်ထဲမှာ သွင်းထားမယ်"

သူ အပြစ်ရှာနေလျှင် စိုင်းအာကာမှာ မျက်နှာငယ်ငယ်ဖြင့် ပြန်ဖြေရသည်။

"ကျွန်တော် မေမေမြတ်နိုင်းလို့ ဒီ . . . မမကို သွားခေါ်"

သူ့စကားတောင် မဆုံးသေး ဦးစိမ်းအောင်၏အသံက ဒေါသတကြီး ထွက်ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ မပြောနဲ့ကွာ၊ ဒီအိမ်မှာ အိမ်ထောင်ဦးစီးက ဘယ်သူလဲ၊ မင်း . . . ဘယ်သူ့စကားကို နားထောင်ရမှာလဲ၊ မမမြတ်က ဘာစကားမှ ပြောနိုင်တာ မဟုတ်တော့ဘူး၊ ခြေလည်း မလှုပ်နိုင်၊ လက်လည်း မလှုပ်နိုင်တော့ဘူး၊ လူမမာကို အကြောင်းမပြနဲ့၊ သွား . . . ကျောင်းတက်ဖို့ပြင်"

ဦးစိမ်းအောင်၏ အမိန့်ပေးသံအဆုံးမှာ စိုင်းအာကာကလည်း မလွဲမကင်းသာတော့သဖြင့် အခန်းပြင်သို့ ထွက်သွားရန် ပြင်ရလေသည်။ ဦးစိမ်းအောင်၏ဒေါသမြားဦးက ဘရဏီဘက်သို့ လှည့်လာပြန်၏။

"နင်ကရော . . . တော်တော်မှ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်နေသလား၊ အလကား . . . ဘာမှလည်း မတတ်ဘဲနဲ့ လူတွေကို ဟိုဖျစ်ဒီဖျစ်၊ ဟိုနှိပ်ဒီနှိပ်နဲ့ ပိုက်ဆံ မတရားလိုချင်၊ ရချင်နေတယ်၊ သွား . . . နင့်လို အချောင်သမားမျိုးကိုလည်း အလိုမရှိဘူး"

ဦးစိမ်းအောင်၏စကားကို ကြားရလျှင် ဘရဏီ ဒေါသတွေ အရမ်းထွက်ရပါ၏။ သို့သော် . . . အခြေအနေတွေကို သူမ ကြိုတင်သိထားပြီးမို့ သည်းခံလိုက်ပါသည်။ မေမေမြတ်ကိုသာ ဣန္ဒြေမပျက် ဆက်လက်နှိပ်ပေးနေလိုက်နိုင်သည်။

"ဟဲ့ . . . ငါပြောနေတာ နင် မကြားဘူးလား၊ နင့်ကို





ငွေတစ်ပြားမှလည်း မပေးနိုင်ဘူး၊ နင့်ထက်သာတဲ့ တတ်သိနားလည်တဲ့သူနဲ့ ကုမလို့ လိုက်ရှာနေတယ်၊ အလကား . . အတုအယောင်တွေ၊ ငါတို့ အခု . . . သမားတော်တွေနဲ့ ကုသပေးမလို့"

သည်တစ်ခါတော့ ဘရဏီ မခံတော့ချေ။ အတွန့်ကြီးလွန်းသူကြီးကို ပြန်လည်တုံ့ပြန်စကားပြောရပါတော့မည်။

"ဒီမှ ဦးစိမ်းအောင်ရဲ့ . . . ဘယ်ရောဂါပဲဖြစ်ဖြစ် ကုလို့ရနိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်၊ မြန်မာ့ဆေးပညာ၊ အနှိပ်ပညာနဲ့ ကုသလို့ ပျောက်ကင်းသွားတာတွေလည်း အများကြီးရှိပါတယ်၊ ဒီလို . . . လေဖြတ်တာတို့ ဘာတို့ဆိုတာ အကြောနှိပ်ခြင်းနည်းနဲ့လည်း ပျောက်ကင်းသက်သာနိုင်တယ်၊ ကျွန်မ . . . ခုလိုလာကုပေးနေတာ ငွေကြောင့်၊ ငွေရလိုမှုကြောင့် မဟုတ်ပါဘူး၊ ကျွန်မရဲ့လူနာကို သက်သာတဲ့အထိ ကုသပေးချင်တဲ့ စေတနာကြောင့်ပါ၊ ဦးစိမ်းအောင်တို့ . . . ကုသချင်တဲ့ ပုံစံနဲ့ကုပါ၊ ကျွန်မကို ပြဿနာမရှာပါနဲ့"

"ဒါတော့ မင်း လူလည်ကျတာပဲ၊ ငါတို့က . . . သမားတော်တွေနဲ့ ကုလို့ ပျောက်တဲ့အခါ မင်းက မင်းနှိပ်ပေးလို့ပဲ ပျောက်သလိုလို ဝါဒလျှောက်ဖြန့်ဦးမှာ မဟုတ်လား"

"ဒါတော့ ဦးစိမ်းအောင် အထင်မှားနေပြီ၊ အခု . . . ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အနှိပ်သည် မဟုတ်တော့ဘူး၊ ဒီအလုပ်ကိုလုပ်တာ ဒါနောက်ဆုံးပဲ၊ မေမေမြတ်ဟာ ကျွန်မအတွက် နောက်ဆုံးလူနာပဲ"

"မင်းက . . . ဘာအလုပ် လုပ်မှာမို့လို့လဲ"

"ဒါကတော့ ကျွန်မကိစ္စပါ၊ ရှင်နဲ့ မဆိုင်ပါဘူး၊ ကဲ . . . ရှင် ပိုက်ဆံပေးပေး၊ မပေးပေး . . . အခု ရောက်လက်စနဲ့ ကျွန်မ . . . မေမေမြတ်ကို နှိပ်ပေးလိုက်ဦးမယ်၊ ကျွန်မ . . . ခုလို ကုသပေးတဲ့အတွက် ဦးစိမ်းအောင်ရဲ့အကျိုးစီးပွားကို ဘာမှမထိခိုက်ဘူး မဟုတ်လား"

ဦးစိမ်းအောင်ကို ကျောခိုင်းလိုက်ပြီး ဘရဏီ မေမေမြတ်ကို စိတ်ပါလက်ပါ ကုသပေးနေလိုက်ပါသည်။

"မငိုပါနဲ့ မေမေမြတ်ရယ် . . . ပြန်ကောင်းလာမှာပါ"

မျက်ရည်များနှင့် မေမေမြတ်ကို ဘရဏီ ဖျောင်းဖျပေးနေလျှင် ဦးစိမ်းအောင် အခန်းထဲမှ ဒေါသတကြီး ထွက်ခွာသွားခဲ့သည်။

ကြောင်ကြီးသွားတော့ ကြွက်ကလေး ပေါ်လာသလိုပင် စိုင်းအာကာလည်း တစ်နေရာမှနေပြီး အခန်းထဲသို့ လှစ်ခနဲ ပြန်ရောက်လာပြန်၏။

"မမ . . . ဒီလူကြီး ဘယ်လောက်ဆိုးဆိုး . . . မေမေမြတ်နဲ့ ကျွန်တော်တို့မောင်နှမနှစ်ယောက်ရဲ့မျက်နှာကိုတော့ ထောက်ပါ၊





သနားပါနော်၊ သူကတော့ သူဆင်တဲ့အကွက်ထဲ မမကို ဝင်စေချင်မှာပေါ့"

"နန်းဝတီရော ဘယ်သွားလဲ . . . သူအနားမှာရှိနေရင် မမ . . . နည်းနည်းအားရှိတာပေါ့"

"သူ့ကိုလည်း အန်ကယ်ဦးစိမ်းအောင် အလုပ်ခိုင်းထားတယ်၊ မေမေမြတ်က မကျန်းမာနေတော့ လောလောဆယ် . . . ကျွန်တော်တို့မှာ သူ့ကိုကြောက်နေရပါတယ်"

"ခက်တာပဲကွာ . . . မမကလည်း အခုဆို အနှိပ်သည် မလုပ်တော့ဘူး၊ စက်ချုပ်တော့မလို့၊ မင်းတို့တွေနဲ့ မေမေမြတ်ကို သနားလို့သာ လိုက်လာ၊ ပြုစုကုသပေးနေတာ၊ မမလည်း ဘယ်လိုတွေ ရင်ဆိုင်ရဦးမယ်တောင် မသိတော့ပါဘူးကွာ"

ဘရဏီ ညည်းညူလိုက်လျှင် စိုင်းအာကာမှာ ပိုမိုပြီး မျက်နှာငယ်သွားရှာတော့သည်။

"အားနာလိုက်တာ မမရယ် . . . ဒါပေမဲ့ မမအကြောနှိပ်ပေးလို့ မေမေမြတ် သက်သာလာတာလည်း အမှန်ပါပဲ၊ နှစ်ရက်သုံးရက်အတွင်း အခြေအနေတွေ ထူးခြားမှုဖြစ်မယ် . . . မမ"

စိုင်းအာကာက လေသံတိုးတိုးဖြင့် အရေးတကြီး ကျိုးကန်း တောင်မှောက်ပြောလျှင် ဘရဏီ နားမလည်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ . . . နှစ်ရက် သုံးရက်အတွင်း ကောင်းချင်လည်း ကောင်းလာမှာပါ၊ ဒါပေမဲ့ ဘယ် . . . ကြိုတင်အာမခံနိုင်မလဲ၊ ဒီထက်ပိုပြီး အရေးကြီးတာက မမရဲ့လူကြီးမင်း . . . အဲ . . . အုပ်ထိန်းသူက မမကို အနှိပ်သည် လုံးဝမလုပ်စေချင်တော့တာပဲ"

"အနှိပ်သည်လို့ မပြောပါနဲ့ မမရယ်၊ မမက တကယ့်ပညာရှင်ပါ၊ အကြောပညာရှင်ပါ၊ နှစ်ရက် သုံးရက်အတွင်း ထူးခြားအောင် ကုနိုင်းတာက အဲဒီရက်ပိုင်းအတွင်းမှာ ဦးစိမ်းအောင်ကြီး အကောက်ကြံမှာမို့ပါ"

"ဘယ်လို . . . အကောက်ကြံမှာ ဟုတ်လား"

"ဟုတ်တယ် မမ . . . သူ့အကြံက မေမေမြတ်ရဲ့ရှေ့မှာ ရှေ့နေရှေ့ရပ်တွေနဲ့ . . . လုပ်ငန်းအားလုံး၊ အမွေအားလုံး သူ့ညီမကို လွှဲဖို့"

"ဟင် . . . သူ့ညီမက ဘယ်မှာမို့လဲ၊ မေမေလတ်ဆိုတာလား၊ တစ်ခါမှလည်း မတွေ့ရဘူး၊ သူကရော . . . အဲဒီလိုလုပ်မှာလားကွယ်၊ ကိုယ့်တူ ကိုယ့်တူမတွေကို မသနားဘူးတဲ့လား"

ဘရဏီ အံ့ဩနေခဲ့လျှင် စိုင်းအာကာမှာ စိတ်နှလုံး ညှိုးနွမ်းစွာဖြင့် သက်ပြင်းချနေခဲ့သည်။

"မေမေလတ်မှာ သားသမီးတွေရှိတာပဲ မမရယ်၊ လူဆို





တာ ကိုယ့်သားသမီးထက် ပိုပြီး တူ၊ တူမကို ဘယ်ချစ်မလဲ၊ မေမေမြတ် . . . ကျွန်တော်တို့ကို ချစ်တာကလည်း သူ့မှာ သားသမီး မရှိလို့ပါ၊ ဘာပဲဖြစ်ဖြစ်လေ ခုရက်ပိုင်းအတွင်းမှာ မေမေမြတ် . . . စကားပြောနိုင်၊ ထနိုင်ထိုင်နိုင်၊ ကန့်ကွက်နိုင်မှ အမွေတွေ၊ ပစ္စည်းတွေအားလုံး . . . သူတို့ လက်ဝါးကြီး မအုပ်နိုင်မှာ၊ ကျွန်တော် လောဘကြီးနေတာတော့ မဟုတ်ပါဘူး မမရယ်၊ ဒါပေမဲ့ လူသားပီပီ ကိုယ် သောင်ပြင်လွတ်တဲ့ခွေး ဖြစ်မှာလည်းစိုးတယ်၊ မေမေမြတ်ကိုလည်း အသက်ရှည်စေချင်တဲ့ စေတနာပါ,ပါတယ်"

စိုင်းအာကာ၏စကားများကို နားထောင်ရင်းနှင့်ပင် ဘရဏီ မေမေမြတ်ကို အကြောဖြောင့်လို့ ပြီးသွားခဲ့သည်။

"ကဲ . . . ဒီဘက် ညာလက်က တော်တော်ပဲ လှုပ်ရှားနိုင်လာပါပြီ၊ လက်လေ့ကျင့်ခန်းအဖြစ် ဒီ . . . ကြိုးကွင်းလေးကို . . . လွှဲ . . . လွှဲ ပေးနေပါ၊ မေမေမြတ်ရဲ့အနားမှာ မင်းတို့နေပေးပြီး လက်ကလေးကို လှုပ်ယမ်းပေး . . . သိလား"

ခုတင်တန်းမှာ ကြိုးကွင်းလေး ဆွဲပေးထားပြီး မေမေမြတ်၏ လက်ကလေးများကို ကိုင်စေ၊ လွှဲစေရန် ပြသပေးပြီးနောက် . . အိမ်ပြန်ဖို့ ဘရဏီ ပြင်လိုက်သည်။

စိုင်းအာကာမှာ အပြင်သို့ ခေတ္တထွက်သွားပြီးလျှင် ချက်



www.burmeseclassic.com

www.burmeseclassic.com



ချင်းပင် ပြန်ဝင်လာခဲ့သည်။ သူ့နောက်မှာ နန်းဝတီပါလာခဲ့၏။ သူမ၏ မျက်နှာလေးမှာလည်း ညှိုးနွမ်းလျက်။

"ကိုကိုရယ် . . . အန်ကယ်ကြီးက သိပ်စိတ်ပုပ်တာပဲနော်၊ ဝတီတို့မောင်နှမတွေကို တာဝန်မယူချင်တော့ဘူးလား မသိဘူး၊ ဒီနေ့မနက် . . . ဝတီ့ကို သူ့ကုမ္ပဏီခေါ်သွားပြီး အလုပ်ဝင်ခိုင်းတာ၊ ဝတီ့ကို ကျောင်းဆက်မထားချင်တော့ဘူး ထင်ပါတယ်"

"ကဲပါဟာ . . . မေမေမြတ်ရှေ့မှာ သိပ်ညည်းမနေပါနဲ့ကဲ . . . ကိုကြီး . . . ဒီမမကို ပြန်ပို့ပေးလိုက်ဦးမယ်၊ မေမေမြတ် အနားမှာ ဝတီနေခဲ့၊ လာ . . . မမ"

စိုင်းအာကာမောင်းသည့်ကားဖြင့် ဘရဏီ ပြန်လာခဲ့လျှင် ကိုယ့်အိမ်သို့ မပြန်တော့ဘဲ လူကြီးမင်းရှိရာ သူ့အိမ်သို့သာ ပို့ခိုင်းရပါတော့သည်။

လာမယ့်ဘေး . . . ပြေးတွေ့ရမှာပဲ။

သူ . . . ဘယ်လိုများဖြစ်ပြီး ဘယ်လောက်များ ဒေါပွနေမှာပါလိမ့်။

● ㅇ ●

အခန်း (၁၅)

စိုင်းအာကာကို ချက်ချင်း လှည့်ပြန်ခိုင်းသော်လည်း . . . လျှာရှည်လှသည့် စိုင်းအာကာက ကားတံခါးဖွင့်ပေးခြင်း၊ နောက်နေ့တွေ ဆက်ဆက်လာဖို့ မှာကြားခြင်းများ ပြုလုပ်နေခဲ့သည်။

ကားထွက်သွားပြီးလျှင်ပြီးချင်း . . . အိမ်ထဲသို့ ဘရဏီ ဝင်လိုက်သည်။ ဧည့်ခန်းထဲမှာ သူ့ကို အသင့်ထိုင်စောင့်နေသည့် လူကြီးမင်းကို တွေ့ရလျှင် ဘရဏီ့ရင်ထဲ နင့်ခနဲ ဖြစ်သွားရလောက်အောင် သူ့အသွင်က ကြေကွဲနေလေသည်။

"လူကြီးမင်း"

သူ့ဘေးနားသို့ သူမ ပြေးကပ်ပြီး . . . သူ့ဒူးနှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လျက် ဒူးထောက်ချလိုက်မိသည်မှာ . . .ဘရဏီ့ရင်ထဲမှာ အရမ်း ခံစားသွားရလို့ဖြစ်သည်။ ကျန်တာတွေ သူမ . . . မမှုပါ။ သူ အထင် လွဲသွားမှာ၊ သူခံစားနေရတာတွေကိုသာ ဘရဏီ ဂရုစိုက်ပါသည်။

"ကျွန်မ . . . အရေးကြီးတဲ့လူနာကို ပြီးဆုံးအောင်လိုက် ကြည့်ပေးနေတာပါ၊ လူကြီးမင်း . . . အထင်မလွဲပါနဲ့နော်"

သူ့ဒူးနှစ်ဖက်ကို . . . တင်းကျပ်စွာ ကိုင်လှုပ်မိလေသလား။ လူကြီးမင်း၏မျက်လုံးထဲမှာ မျက်ရည်များ ရစ်သိုင်းနေခဲ့လျှင် ဘရဏီ အသည်းနှလုံးတွေ . . . ပြောင်းဆန်၊ ပြောင်းပြန်လှန်သွားသလို ခံစားရလေ၏။

ဘုရားရေ . . . ကျွန်မ . . . သူ့ကို ဘယ်တုန်းက ချစ်သွား မိခဲ့တာလဲ။

ကျွန်မ . . . သူ့ကို နည်းနည်းလေးမှ မခံစားစေချင်တာ သူ့အပေါ် ထားမိတဲ့ မေတ္တာတွေပါ။

"လူကြီးမင်း . . . ကျွန်မကို တစ်ခုခု အပြစ်တင်လိုက်ပါ၊ ရိုက်ချင်လည်း ရိုက်ပစ်လိုက်ပါနော်၊ ကျွန်မ လူကြီးမင်းရဲ့စေတနာ တွေကို နားလည်ပါတယ်၊ တန်ဖိုးလည်း အရမ်းထားပါတယ်၊ ဒါပေမဲ့ . . . ထောက်ထားညှာတာစရာတွေရှိတဲ့လူနာမို့ လိုက်သွားမိတာပါ၊ ကျွန်မကို . . . အရမ်းစိတ်ဆိုးသွားပြီလား၊ စိတ်ပျက်သွားပြီလားဟင်၊





ပြောပါဦး"

ဘရဏီ . . . မျက်ရည်တွေ လျှံကျလာပြီး အားရပါးရ ငို ရှိုက်မိသည်မှာ သူ့အသွင်ကိုကြည့်ပြီး ကြေကွဲလွန်းလို့ဖြစ်ပါသည်။

ကိုယ် ဘာကြီးပဲဖြစ်သွားသွား၊ သူ့ကို အနာတရတွေ ကင်း စင်စေချင်တာ . . . အချစ်ပဲ ဖြစ်လိမ့်မည်။

သူ့အနားမှာ ခေါင်းငိုက်စိုက်ဖြင့် ထွက်ခွာဖို့သာ ပြင်ဆင် လိုက်ပါသည်။

ကောင်းပါတယ်။ အနှိပ်သည်လေးကို မတန်မရာ ချစ်ရတဲ့ ဘဝကနေ . . . လူကြီးမင်း လွတ်မြောက်သွားတာပေါ့။

သူမကို စိုင်းအာကာ . . . ကားနှင့်လိုက်ပို့တာကို သူမြင် သွားပြီး အထင်လွဲသွားသည်ဆိုလျှင်လည်း ဘရဏီ မဖြေရှင်းလို တော့ပါ . . . ရှိပါစေတော့။

ကိုယ်က မြေကြီးမှ လာသည့်သူပီပီ . . . ဆင်းရဲနိမ့်ကျခြင်း ကို မမှုတော့ပါ။ ရင်ထဲမှာတော့ ကြေကွဲပါသည်။

သူ့စေတနာ၊ သူ့မေတ္တာတွေကို သူမ . . . အလွဲသုံးစား လုပ်ခဲ့မိသလို ဖြစ်သွားလေသလား။

သူက ဘာစကားတစ်ခွန်းမျှ မပြောဘဲ ယခုထိ ငေးကြည့် နေမြဲဖြစ်လျှင် . . . မချိပြုံးဖြင့် ဘရဏီ နှုတ်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ခွင့်လွှတ်ပါ၊ လူတချို့ဟာ အမြင့်ကိုကြောက်တတ်ကြပါတယ်၊ အနိမ့်မှာပဲ နေလိုက်တော့လည်း . . .ထပ်ပြီး လိမ့်ကျစရာမလိုတော့ဘူးပေါ့၊ ကျွန်မ . . . သွားတော့မယ်နော်"

အိတ်ကလေးကိုလွယ်ပြီး သူမ ဖြည်းညင်းစွာ ထွက်ခွာလာခဲ့သည်မှာ အိမ်တံခါးဝကိုကျော်ပြီး ခြံတံခါးဝသို့ရောက်လုလျှင် အိမ်ထဲမှ ဗုန်းခနဲအသံတစ်ခု ကြားလိုက်ရသည်။

"လူကြီးမင်း"

အောင်နိုင်မိုးကလည်း ဘယ်ပျောက်သွားနေပါလိမ့်။ စိုးရိမ်တကြီးဖြင့် ဘရဏီ . . . အိမ်ထဲသို့ ပြန်ပြေးဝင်ခဲ့လျှင် ဆိုဖာပေါ်မှ လဲကျနေသည့် လူကြီးမင်းကို သူမ တွေ့လိုက်ရပါသည်။

"လူကြီးမင်း"

သူ . . . အရမ်းခံစားသွားရသလား။ အခြေအနေကို အကဲမခတ်တတ်သည့် မိမိကိုယ်ကိုယ် . . . အပြစ်တင်ရင် . . . ဘရဏီ လူကြီးမင်းကို ပွေ့ထူကိုင်လှုပ်ရပါသည်။

"လူကြီးမင်း . . . လူကြီးမင်း"

"အင့် . . . အင်း"

သူ့နလုံးသားကို လက်ဖြင့် ဖိလှုပ်ပြီး သွေးကြောလေကြောများပွင့်အောင် သူမ နှိပ်နယ်ကုသလိုက်လျှင် လူကြီးမင်း သတိရလာ





ခဲ့သည်။

"ဘရဏီ"

"လူကြီးမင်း . . . သတိရလာပြီနော်၊ ကျွန်မ မှားပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါနော်၊ ကျွန်မကို ပေးချင်တဲ့အပြစ်ပေးပါ"

မျက်ရည်များနှင့် ဘရဏီ တောင်းပန်နေလျှင် လူကြီးမင်း မျက်လုံးများ မှေးမှိတ်လိုက်ပါသည်။ သို့သော် . . . မှိတ်ထားသော မျက်လုံးများမှ . . . မျက်ရည်စများ စီးလျှံကျလာလျက်။

"မင်း . . . ငါ့ခံစားချက်တွေကို နားမလည်ဘူး၊ ငါ့စေတနာတွေကို နားမလည်ဘူး"

သူ့အသွင်က . . . သူရှုံးနှယ်။ တစ်ယောက်တည်း တဖွဖွ ရေရွတ်လျက်။

ဘရဏီ . . . သူ့ကို နားလည်ပါသည်။ သူ့မေတ္တာ၊ သူ့စေတနာတွေကို နားလည်ပါသည်။ သို့သော် . . . သူ့ကို ဘယ်လိုပြောရမှာလဲ။

မဖြေရှင်းဘဲနေလျှင်လည်း သူ ခံစားရလိမ့်မည်။

သူ့အပေါ်မှာ သူ့ထက် မလျော့သော မေတ္တာများဖြင့် ဆုတ်ခွာထွက်ပြေးလိုက်ချင်သည်မှာ သူမ၏ အဆုံးစွန်သောအချက် ဖြစ်သည်။ သို့သော် သူနားလည်မှာ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ကိုယ့်အနာတရ၊ ကိုယ့်ဒဏ်ရာကိုမှ နာကျင်တတ်ကြသူ။

သူက ဆိုဖာဘေး . . . ကြမ်းပြင်မှာ လဲလျောင်းလျက် ဘရဏီ သူ့ကို ညင်သာစွာဖေးမထားသော်လည်း တုံ့ပြန်စကားတွေ မဆိုချင်တော့ပါ။ ထုချေလွှာတွေ မတင်ချင်တော့ပါ။

နာကျင်သော မျက်ဝန်းအသေများဖြင့်သာ သူ့ကို ငေးကြည့်နေမိပါတော့သည်။

ကျွန်မကို . . . စိတ်ပျက်လိုက်ပါတော့ လူကြီးမင်းရယ်။

ဟို . . . မိုးကောင်းကင်နဲ့ မြေသားလို ကျွန်မတို့တွေ ဝေးကွာလှပါတယ်။

"အောင်ခိုင်မိုးရောဟင်၊ လူကြီးမင်းရော နေသာရဲ့လား၊ ကျွန်မ . . . ဆရာဝန်ဆီ ဖုန်းဆက်ပေးခဲ့ရမလား"

ကိုယ့်ရင်ထဲမှ ဆန္ဒတွေကို ကျောခိုင်းလျက် ဘရဏီ ခွဲခွာစကားတွေပဲ ဆိုခဲ့သည်။

သံယောဇဉ်ဆိုတာ . . . နေမြင့်လေ . . . အရူးရင့်လေ။

"ကိုယ် ဘာဖြစ်နေတယ် . . . ဘာတွေခံစားနေရတယ်ဆိုတာ . . . မင်း . . . တကယ်ပဲ မသိဘူးလားကွယ်"

သူ့အသံတိုးတိုးက ကြေကွဲညည်းညူလျက် သူ့လက်များ





က တုန်ယင်စွာဖြင့် သူမ၏လက်နှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လာခဲ့သည်။

"အောင်ခိုင်မိုး မရှိဘူး၊ မင်းအိမ်မှာ မင်းပြန်လာတဲ့အထိ စောင့်နေပြီ၊ ဒီကိုခေါ်လာခဲ့ဖို့ အမိန့်ပေးထားတယ်"

"ဩော်"

သူမရင်ထဲမှာ ခံစားမှုတွေဖြင့် တုန်လှုပ်ချောက်ချားယိမ်းယိုင်လျက်။

သို့သော် . . . သူ့အသွင်ကို လှမ်းကြည့်တော့လည်း ဖြူစင်အေးမြသည့် အရိပ်တွေသာ ဖြာထွက်လျက်။

သူဟာ . . . သူမအတွက် . . . အအေးဓာတ်တွေပဲ ဖြာပေးမယ့်သူ။

လရိပ်ဖြာတဲ့ သစ်ပင်ကလေးပါ။

"ကျွန်မ . . ."

သူမ၏စကားသံတွေက လည်ချောင်းဝမှာ ဆို့နင့်သွားခဲ့သော်လည်း လူကြီးမင်းက နားလည်သည်။

"မကြောက်ပါနဲ့ ဘရဏီရယ် . . . ကိုယ်ဟာ မင်းအပေါ် အေးမြတဲ့မေတ္တာဓာတ်တွေပဲ ဖြန့်ဝေပေးမှာပါ၊ ကဲ . . . ကိုယ့်[illegible] အပေါ်တွဲတင်၊ ကိုယ် အရမ်းခံစားသွားခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်မှ ဆိုဖာပေါ်သို့ လူကြီးမင်းကို ဘရဏီ တွဲတင်ပေးလိုက်သည်။ ပြီးမှ သူမက သူ့ရှေ့၊ သူညွှန်ပြရာ ဆိုဖာပေါ်မှာ ထိုင်ရသည်။

"ကိုယ့်စေတနာတွေ၊ ကိုယ့်မေတ္တာတွေ များသွားတယ်"

'ဟုတ်တယ် . . . ကျွန်မနဲ့ မတန်ဘူး၊ လူကြီးမင်းရဲ့ မေတ္တာစေတနာတွေကို နောက်ဆုတ်လိုက်ပါ"

သူ့စကားကို . . . သူမ ထောက်ခံလိုက်ပါသည်။ သူ့ကို သံယောဇဉ်ကြိုးများဖြင့် မနှောင်ဖွဲ့ချင်။

သို့သော် သူက ခေါင်းခါလိုက်ပါသည်။

"ကိုယ်ပြောတာကို သေသေချာချာနားထောင်ပါ ဘရဏီ၊ ကိုယ်ထင်ရာတွေ လျှောက်မပြောပါနဲ့၊ တောင်ကျချောင်းရေတွေလို များပြားလှတဲ့ ကိုယ့်စေတနာတွေကို မင်းဆန့်ကျင်ဖို့ မကြိုးစားနဲ့၊ လိုက်နာဖို့ပဲ ကြိုးစားပါ"

"ဒီနေ့မနက် . . . မင်းအိမ်ကို ကိုယ်သွားခေါ်တယ်၊ ကိုယ့်မှာတော့ စိတ်ကူးတွေနဲ့ ကြည်နူးလို့ပေါ့လေ၊ အနိုပ်သည်ဘဝနဲ့ သိမ်ငယ်နိမ့်ကျလှတဲ့ ကောင်မလေးကို စက်ဆိုင်ပိုင်ရှင်ကြီးအဖြစ်နဲ့ ထည်ထည်ဝါဝါ မြင်ရတော့မယ်ပေါ့၊ ဒါပေမဲ့ပေါ့ . . . ဒါပေမဲ့ မင်းက . . . "





သူ့စကားက ဒီနေရာတွင်ပင် နစ်ဝင်သွားခဲ့လျှင် ဘရဏီ စိုးရိမ်တကြီး ဖြေရှင်းမိပြန်သည်။ သူ အထင်လွဲမှာ စိုးသည်ထက် သူ ခံစားနေရတာကို မကြည့်ရက်လို့ ဖြစ်ပါသည်။

တစ်ခါတလေ . . . ချစ်ခြင်းမေတ္တာဆိုသည်မှာ ကိုယ့်အတွက်ထက် သူ့အတွက်ကို ပိုပြီးစဉ်းစားပေးဖြစ်သည် မဟုတ်ပါလား။

"လူကြီးမင်းရယ် . . . ကျွန်မရှင်းပြတာကို အရင်နားထောင်လိုက်ပါနော်၊ ကျွန်မလည်း မလွဲမရှောင်သာလို့ စာနာနားလည်မိလို့လိုက်သွားတာပါ"

သူ . . . ငြိမ်သက်စွာ နားထောင်နေလျှင် ဘရဏီ စိုင်းအာကာတို့မောင်နှမနှစ်ယောက်၏ဒုက္ခနှင့် မေမေမြတ်၏အကြောင်း ရှင်းလင်းပြမိလိုက်ပါသည်။

သူမ၏စကားဆုံးလျှင် . . .

"အခု . . . မင်းပြောနေတာ ပုံပြင်တစ်ပုဒ်တော့ မဟုတ်ပါဘူးနော် . . . မင်း . . . ကိုယ့်ကို လှည့်စားနေတာ မဟုတ်ပါဘူးနော်"

လူကြီးမင်း၏စကားကို ကြားရလျှင် ဘရဏီ ကြေကွဲရင်နင့်ရပါ၏။ ဒီလောက်ဖြူစင်ရိုးသားတဲ့ သူမကို . . . သူ အဘယ်ကြောင့် မဟုတ်တရုတ်တွေ ထင်ရသတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com

ဘရဏီ . . . မယုံနိုင်သည့်မျက်ဝန်း၊ နာကျင်အံ့သြသည့် မျက်ဝန်းများဖြင့် သူ့ကို ငေးကြည့်မိလျှင် မြင့်မှူးကလည်း သူမ၏ ခံစားမှုကို နားလည်နိုင်ပါသည်။

သူက . . . သူ့လက်နှစ်ဖက်ကို ဆန့်တန်းပြီး နေရာမှ ရင် ဖွင့်ကြိုလျှင် . . . ဘရဏီ . . . တုန်ယင်စွာဖြင့် သူ့ရင်ခွင်ထဲသို့ ရောက်သွားမိပါသည်။ သူမ၏မျက်ဝန်းများမှ မျက်ရည်များလည်း အဆက်မပြတ်စီးကျလျက်။

"ကျွန်မကို မယုံကြည်တာ အံ့သြတယ်၊ ကျွန်မ . . . ဒီအသက်အရွယ်ထိ ဘယ်သူ့ကိုမှ မလိမ်ညာဖူးဘူး၊ ကျွန်မပုံစံက ကလိမ်ကကျစ်ပုံ ပေါက်နေလို့လား၊ အလိမ်အညာတွေနဲ့ ပလီတတ် တဲ့ရုပ် ပေါက်နေလို့လား"

ငိုရှိုက်သံ . . . ဗလုံးဗထွေးနှင့် ဘရဏီ သူ့ရင်ဘတ်မှာ ခေါင်းစိုက်ပြီး ကြေကွဲညည်းညူနေလျှင် မြင့်မှူးရင်ထဲမှာ သံသယ တွေ ကင်းစင်ပြီး ကြည်နူးချမ်းမြေ့ရပြန်သည်။

ချစ်ခြင်းဟာ . . . စိတ်ကို အမျိုးမျိုးပြောင်းလဲစေ၊ ချမ်းမြေ့ စေသလားကွယ်။

"တိတ်ပါ ကလေးရယ်၊ ကိုယ် လူကဲခတ်မှားတာပါ၊ မင်း ဘယ်လောက်ပဲ ဖြူစင် . . . ဖြူစင် ကိုယ့်လိုပဲ မင်းကို သနားကြင်နာ





သွားမယ့် ရန်သူတော်တွေ ပေါမှာစိုးတယ်လေ၊ မင်းကို အရမ်းချစ် သနားတော့ စိတ်မချနိုင်ဘူးပေါ့"

"ရိုင်းရိုင်းပြောရရင် . . . အမဲရိုးနဲ့ခွေးလိုပေါ့၊ အမဲရိုးပဲ ဖြစ်လင့်ကစား ခွေးလေးအတွက်တော့ ဒါ . . . သူ့ကမ္ဘာလေ၊ အခု လည်း ကိုယ့်အမဲရိုးလေးကို သူများခိုးဝှက်သွားမှာ စိတ်ပူတာပါ၊ ဒီကြားထဲ မင်းက ကောင်ချောလေးတစ်ယောက်မောင်းတဲ့ကားနဲ့ ပြန်လာတော့ ရည်းစားလူလု အူနုကျွဲခတ် . . ."

"တော်ပါ . . . လူကြီးမင်းနဲ့ ကျွန်မ ဘာမှလည်း မဟုတ်ဘဲ နဲ့"

ဘရဏီရှက်သွားပြီး သူ့ရင်ဘတ်ကြီးကို ခေါင်းနှင့်ဝှေ့မိပါ သည်။

သည်အခါ . . . သူ့ပုံစံက အလန့်တကြား။ သူ့လက်များ ကလည်း ဘရဏီ့ကို ပိုမိုပွေ့ဖက်တင်းကျပ်လျက်။

"ဟင် . . . ခုထိ ဘာမှ မဟုတ်သေးဘူးလား၊ ဘာမှ မတော်သေးဘူးလား၊ အခု . . . အချစ်က ကိုယ့်ရင်ခွင်ထဲမှာလေ၊ ဒါ . . . ချစ်သူတွေပေါ့၊ ဘာလဲ . . . မင်းကို မမွေးရသေးလို့လား၊ ဟုတ်တယ် . . . ဟုတ်တယ် . . . ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်အဖြစ် ဖွင့်ပွဲ ကျင်းပရဦးမယ် . . . နဖူးလေးဖြစ်ဖြစ် ပါးလေးဖြစ်ဖြစ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . တော်ပြီ . . . တော်ပြီ"

လှစ်ခနဲနေအောင် . . . သူမ ထွက်ပြေးခဲ့လျှင် လူကြီးမင်းက လည်း သူ့နေရာမှာပင် ထိုင်ရာမထ ရယ်မောနေခဲ့ပါသည်။

"ရပါတယ် . . . ခုတော့ ပြေးလေ၊ နောက် . . . လက်ထပ်ပြီးတဲ့အခါကျရင်တော့ ကမ္ဘာကြီးဆုံးအောင်ပြေးလည်း မိအောင်ဖမ်းမှာပဲ"

"အာ . . . လူကြီးမင်း အရမ်းဆိုးတာပဲ၊ ကဲ . . . အခု ကျွန်မ ဘာလုပ်ပေးရဦးမလဲ၊ အောင်နိုင်မိုးကိုလည်း ဖုန်းလှမ်းဆက်ပါဦး၊ သူ့ခမျာ ကျွန်မ ပြန်မလာမချင်း အိမ်မှာသောင်တင်နေရှာတော့မယ်"

"ရပါတယ် . . . ကိုယ် ဖုန်းဆက်ပေးပါ့မယ်၊ ဘာရဏီ ဘာလုပ်ရမလဲဆိုတော့ . . . အခု စက်ဆိုင်ကို သွားကြမယ်လေ၊ လုပ်ငန်းသဘောတွေ နားလည်အောင် အမြန်ဆုံးကြိုးစား၊ သူတို့ကလည်း ကူညီသင်ပြပေးပါလိမ့်မယ်၊ ကိုယ်စိတ်ကူးထားတာက အထည်ဆိုင်ပါ တွဲဖွင့်လိုက်မယ်လေ၊ ဒါဆို အရီးကြင်လည်း အလုပ်ရရောပေါ့"

"ကောင်းတယ် . . . ဒါပေမဲ့ . . ."

"ဘာလဲ . . . အားနာလို့လား၊ အားမနာပါနဲ့ကွာ၊ သင့်တော်တဲ့ တစ်ချိန်ကျတော့ ကိုယ့်ကို လက်ထပ်ပြီး . . . ကြင်ကြင်နာနာနဲ့



ပြုစုယုယသွားဖော်ရမယ်ဆိုရင် တော်ပါပြီ"

လူကြီးမင်းက . . . ပြုံးပြုံးကြီးဖြင့် သူ့ဆန္ဒများကို ထုတ်ဖော်လှစ်ဟနေလျှင် ဘရဏီမှာ သူ့ဆန္ဒများကို ချက်ချင်းပင် ဖြည့်ဆည်းပေးမိချင်တော့သည်။

သို့သော် . . . သူမ ရင်ထဲမှာ လောကကြီးသည် ဒီလောက်သဘောကောင်းလိမ့်မယ်ဟု မထင်။

သူ့မှာ အသိုင်းအဝိုင်းရှိတာပဲ။

မိုးနဲ့မြေလို အလွှာခြား၊ ဘဝ ခြားသူချင်း . . . လွယ်လွယ်နဲ့ ပေါင်းစပ်လို့ရမည်လည်း မထင်ပါ။

လောလောဆယ် . . . သူ့သဘောအတိုင်း စက်ဆိုင်မှာ အလုပ်လုပ်လိုက်ဦးမည်။

"ကဲ . . . လာ . . . ဆိုင်ကို သွားကြစို့"

"နေဦး . . . ထမင်းစားပြီးမှ သွားကြမယ်"

လူကြီးမင်းနှင့်အတူ ထမင်းစားပြီးမှ စက်ဆိုင်သို့ သွားကြသည်။

စက်ဆိုင်မှာ အလုပ်သမား ခြောက်ယောက်နှင့် အရှိန်ရနေသည့် ဆိုင်ကြီးဖြစ်သည်။

မူလပိုင်ရှင် တရုတ်မကြီးကလည်း သူ မန္တလေးသို့မသွားခင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်နှစ်ရက်ခန့် လုပ်ငန်းသဘောတွေကို သင်ပြပေးမည်ဖြစ်သဖြင့် စက်ချုပ်လုပ်ငန်းကတော့ အဆင်ပြေပေမည်။

မေမေမြတ် ပြဿနာသာ ဘရဏီမှာ ရှိတော့သည်။

● ၀ ●

## အခန်း (၁၅)

ဘဝမှာ . . . တစ်ခါမှ ခုလောက်မပျော်ဖူးပါဘူး။

သူနှင့်အတူ လေ့လာရေးခရီးထွက်ခွင့်ရတာ ရွှန်းသီရိအတွက် . . . ကမ္ဘာလောကကြီးတစ်ခုလုံး ပန်းတွေပွင့်နေသည့်နှယ်။

သူမတို့ လေ့လာရေးခရီးမှာ အုပ်ချုပ်သူ ဆရာနှစ်ယောက်သာပါပြီး ကျန်သည့် ဆယ့်ငါးယောက်က မိန်းကလေး ခုနစ်ယောက်၊ ယောက်ျားလေး ရှစ်ယောက်။

"မင်းတို့တွေ ပြဿနာတော့ မရှာကြနဲ့နော်၊ ကိုယ့်သိက္ခာကိုယ်ထိန်းကြ၊ ငါတို့မျက်နှာလည်း အိုးမည်းမသုတ်နဲ့"

"ငါတော့ မျက်ခုံး ခပ်လှုပ်လှုပ်ရယ်ဟေ့၊ နင်တို့ စရိတ်ခံလို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့ရပေမယ့် ပြန်ပြေးချင်ပြီ”

ဆရာနှစ်ယောက်မှာ ခပ်ငယ်ငယ်တွေဖြစ်သဖြင့် စိတ်ညစ်မခံလိုကြ။ သို့သော် အပျော်ခရီးပီပီ ပျော်ရွှင်စရာတွေ့တော့လည်း ပျော်ရွှင်သွားကြပါသည်။ တပည့်များကလည်း အာမခံချက်တွေ ပေးကြတာပေါ့။

“ကျွန်တော်တို့ ကဲချင်လို့ ခရီးထွက်လာတာ မဟုတ်ဘူး ဆရာ၊ ဘုရားပဲ ဖူးမှာ၊ လိပ်ဥ မတူးဘူး”

“ဟုတ်တယ် . . . ဟုတ်တယ် လိပ်ဥက ဘယ်အချိန်တူးတူး ရပါတယ်၊ အချိန်တွေ နေရာတွေ အများကြီး ရှိပါတယ်”

“ယောက်ျားလေးတွေကတော့ အာမခံကုန်ပြီ၊ ညည်းတို့ ကရော . . .”

ကားပေါ်မှာ အားလုံး စိတ်တွေ လွတ်လပ်ပေါ့ပါးနေကြသဖြင့် အသံတွေက ညံညံစီစီ။ လက်ပံပင် ဆက်ရက်ကျနေသည့်နှယ်။

“သူတို့ အသံကောင်းလွှင့်နေတာပါ ဆရာ၊ လိပ်ဥမတူးပါဘူးလေး . . . ဘာလေးနဲ့၊ သူတို့မှာ လိပ်မကြီးလည်း မရှိပါဘူး”

“ဟေ့ . . . ဟေ့ . . . အထင်မသေးကြနဲ့၊ ဒါ . . . စိန်ခေါ်တာလား၊ စိန်ခေါ်ရင် အိမ်ပေါ်ထိ လိုက်ခဲ့မှာနော်”

မျက်မှန်နှင့် အရုပ်ဆိုးဆိုး အသားမည်းမည်း မြင့်ဦးမောင်





၏ စကားကြောင့် အားလုံးဝိုင်းရယ်ကုန်ကြ၏။

“မလုပ်ပါနဲ့၊ မလိုက်ပါနဲ့ ရှင်၊ အမေက တော်ကြာ ဘယ်က သရဲခေါ်လာသလဲ အောက်မေ့နေပါဦးမယ်”

“ပြောပြလိုက်ပေါ့ . . . အသားမည်းပေမယ့် အသည်းက”

“ပုပ်စော်နံတယ် မဟုတ်လား . . . ဒါကြီးများ”

“အေး . . . ကြည့်နေ ငါဆရာဝန်ဖြစ်မှ ကိုမြင့်ဦးမောင်ရယ် . . . ဘာရယ် . . . လာ မလုပ်နဲ့”

“အောင်မယ် . . . သေနာ . . . ဒီကားပေါ်မှာ ပါလာသမျှ ဆေးတက္ကသိုလ်ကျောင်းသူတွေချည်းပါပဲနော်၊ အကုန်လုံး ဆရာဝန်ဖြစ်မယ့်သူတွေချည်းပဲ၊ ဘယ်သူမှ ငါးစိမ်းသည်မဟုတ်ဘူး”

“ဒါဆိုလည်း ပြီးရော . . . စိတ်ချ လက်ချ ကြိုးစားရတာ ပေါ့”

ဩော် . . . လူငယ်တွေချည်းဆိုတော့လည်း သစ်ရွက်လှုပ်သမျှ ရယ်ကြသည့်အရွယ်။ ခါတိုင်းက စာမေးပွဲတွေနှင့် နေကြရသမျှ ကျောင်းပိတ်ရက်ကလေးမှာ ဦးနှောက်လည်း ဆေး၊ ဒေသန္တရ ဗဟုသုတလည်း ရှာသည့်အနေနှင့်ပေါ့ . . . ချောင်းသာခရီးထွက်ဖြစ်ခဲ့ရကြခြင်း ဖြစ်သည်။

ကားရှေ့ခန်းထောင့်လေးမှာ ရွှန်းသီရိနှင့် စိုင်းဝေမောင်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကြွက်ကလေးနှစ်ကောင်လို ငြိမ်ကုပ်လျက် လိုက်ပါလာကြသည်။ ယခုအဖွဲ့က စိုင်းဝေဟင်တို့နှစ်မှ အဖွဲ့ဖြစ်သဖြင့် ရွှန်းသီရိမှာ ဧည့်သည်တော်လို ဖြစ်နေရပါသည်။

ဆရာနှစ်ယောက်ကတော့ သူမနှင့်လည်း သိကျွမ်းသဖြင့် တော်ပါသေးသည်။

ရွှန်းသီရိမှာ ခရီးဝေးတွေ၊ ဘာတွေတစ်ခါမှ မထွက်ဖူးသည့်မို့ ကားစီးရတာ ကြာလာလျှင် ခေါင်းတွေ ငြီးစီစီဖြစ်လာသဖြင့် . . . ကားထောင့်လေးမှာ မှီပြီး မျက်စိမှိတ်လိုက်လာခဲ့၏။

ထိုအခါ သူမကို အရိပ်တကြည့်ကြည့်ရှိနေသည့် စိုင်းဝေဟင်မှာလည်း ခြေမကိုင်မိ လက်မကိုင်မိနှင့် နေမထိ ထိုင်မသာ။

“မမ . . . ဘယ်လိုနေလဲဟင် . . . ဒီမှာ ကျွန်တော့်မှာ ကားမူးပျောက်ဆေးပါလာတယ်၊ ကော်ဖီပူပူလေးနဲ့ သောက်လိုက်နော်”

“ကားသွားရက်ကြီးနဲ့ ဆေးမသောက်တတ်ပါဘူးကွာ”

“ဟာ . . . မမကလည်း ဆေးသောက်မှ ပျောက်မှာပေါ့။ ရော့ပါ . . . မျက်စိဖွင့် . . . ဆေးသောက်တာ မကြောက်ပါနဲ့ကွာ . . . ကိုယ်က ဆရာဝန်လုပ်မယ့်သူပဲ”

သူမတို့နှစ်ယောက်ကို . . . ကျန်သူတွေက သတိမထားမိ





သဖြင့် တော်သေးသည်။ ကျန်သူများမှာ ကိုယ့်အပျော်နှင့်ကိုယ်။ သီချင်းတွေ ဆိုသူဆို၊ စကားတွေ ပြောသူပြော၊ လမ်းခရီးကို ကြည့်သူကြည့်နှင့် ကားတစ်စီးလုံးမှာ ခါချဉ်အုံကို တုတ်နှင့်ထိုးထားသည့်နှယ်။ ရွှန်းသီရိ ဆေးသောက်လိုက်မှ သူ့မှာ နေသာထိုင်သာရှိသွားပုံရလေ၏။ ရွှန်းသီရိမှာလည်း ဆေးသောက်လိုက်သဖြင့် အမူးသက်သာသွားပါသည်။

နံနက် ကိုးနာရီခန့်တွင် စားသောက်ဆိုင်တစ်ခုမှာ ကားရပ်နားကြသည်။

“လာဟေ့ . . . ဝေဟင် . . . မင်းကတော့ ဘုရားမဖူးဘဲ . . . လိပ်ဥစပါယ်ရှယ်တူးမယ့်ကောင်”

စိုင်းဝေဟင်၏သူငယ်ချင်းများက . . . မျက်စိစပါးမွေးစူးဟန်ဖြင့် သူ့ကိုပြောလျှင် စိုင်းဝေဟင်မှာ သူငယ်ချင်းများကို ရှိခိုးဦးချဟန် လုပ်ပြခဲ့သည်။

“ငါ့ကို မနောက်ကြပါနဲ့ကွာ၊ မမခမျာ . . . ငါ ဖိတ်ခေါ်လို့ ငါ့အဖွဲ့ထဲမှာ ပါလာရရှာတာပါ၊ ငါတို့နှစ်ယောက်ကို ချမ်းသာပေးကြပါ၊ ဘေးမဲ့ပေးကြပါနော်”

“ဒါဖြင့် မင်းက ငါတို့နဲ့မတွဲဘူးပေါ့၊ မကဲဘူးပေါ့ . . . ဟုတ်လား၊ ကျားသားမိုးကြိုးပဲ၊ ဒီကောင် လိမ္မာသွားပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်တုန်းကရော မိုက်လို့လဲကွာ . . . ဖေဖေလက်ညှိုး ညွှန်ရာ ရေဖြစ်ရတဲ့သူပါ၊ လူငယ်ပီပီ ပျော်ပျော်ပါးပါး၊ ပေါ့ပေါ့ပါးပါး နေရတာတောင် မနည်း ..."

"အေးပါ . . . အေးပါ . . . ကဲဟေ့ . . . သူ့ကိုလွှတ်ထား လိုက်ကြတော့ . . . သူ့နဖားကြိုးနဲ့သူ၊ သူ့ချည်တိုင်နဲ့သူ ရှိပါစေ"

သူ့သူငယ်ချင်းများအားလုံး ရယ်ရယ်မောမောနှင့် ဆိုင်ထဲသို့ ဝင်သွားကြလျှင် ကားပေါ်မှာ ရွှန်းသီရိနှင့် စိုင်းဝေဟင်တို့သာ ကျန်ခဲ့သည်။

"မင်းသူငယ်ချင်းတွေ စိတ်ဆိုးသွားကြပြီလား မသိဘူးနော်၊ မမက ရပါတယ် . . . မင်း လိုက်သွားပါလား၊ မင်းပြန်လာရင်တော့ မမအတွက် ပဲပလာတာတစ်ချပ်လောက် ဝယ်ခဲ့ပါ . . . ရော့ ပိုက်ဆံ"

နှစ်ရာတန်လေး တစ်ရွက်ကို ထုတ်ပေးပြီး ရွှန်းသီရိ မှန့်မှာလျှင် စိုင်းဝေဟင်မှာ ရင်ထဲ ဆို့နင့်သွားရလေသည်။

"ဘယ်လိုပြောလိုက်တာလဲ မမရယ်၊ ကျွန်တော့်သူငယ်ချင်းတွေက နားလည်မှုရှိပြီးသားပါ၊ အိုဗျာ . . . ကျွန်တော့်ဘဝမှာ . . . မမက အရေးကြီးဆုံးပါ၊ အဲဒီပိုက်ဆံက ထားစမ်းပါ၊ ကျွန်တော့်မှာ ငွေပါပါတယ်၊ မမအတွက် အားလုံးကျွန်တော် တာဝန်ယူတယ်လေ၊ မမကို ကျွန်တော် ဖိတ်ခေါ်ခဲ့တာပါ၊ အဲဒီလို ခွဲခြားခွဲခြားတွေ မပြော





စမ်းပါနဲ့၊ မလုပ်စမ်းပါနဲ့ မမရယ်၊ ကျွန်တော့်ရင်တွေ နာလွန်းလို့ပါ"

"ဘာဆိုင်လို့လဲ . . . မင်းက စရိတ်ပေးပြီးပြီလေ၊ စားတာ သောက်တာ ကုန်တာကျတာ . . .တို့မှာ တာဝန်ရှိတာပေါ့"

"ပြောလေ ဆိုးလေပါလားဗျာ . . . အားလုံး တာဝန်ယူပါ တယ်ဆိုမှ၊ ပြောထားမယ်နော် . . . ဒီတစ်လမ်းလုံး မမ ကလေးလေး လိုပဲနေ . . . အားလုံး ကျွန်တော်ရှင်းသွားမှာ၊ အဲဒါမှ မနာခံဘူးဆိုရင် ကျွန်တော့်အဆိုးမဆိုနဲ့"

"အမယ် . . . ဘာဗိုလ်ကျတာလဲ၊ ခေါ်လာပြီးမှ ဗိုလ်မကျပါနဲ့နော်"

"ဒါ . . . ဗိုလ်ကျတာ မဟုတ်ပါဘူး မမရယ်၊ လူရှင်းတုန်း ရှိနိုးဦးချတောင်းပန်နေတာပါ၊ နားလည်မှုတွေ ယူနေတာပါ၊ မဟုတ်ရင် မမက . . . သူ့ပိုက်ဆံအိတ်ကလေးဖွင့် . . . ဖွင့်ပြီး ငါးတောင်စင်းလေးတွေ၊ ပုစွန်ဆိတ်ကလေးတွေနဲ့ ထုတ်ရှင်းဦးမယ်လေ၊ အပန်းမကြီးပါဘူး မမရယ် . . . ကျွန်တော့်အတွက် . . . ဒါ အသေးအဖွဲလေးတွေပါ"

သူက တကယ်ပင် မျက်နှာငယ်လေးနှင့် ရှိနိုးဦးချတော့ မည့်ဟန်ပြင်လျှင် ရွှန်းသီရိ ပြုံးယောင်သန်းရသည်။

"သူ့လက်နက်ကလည်း . . . လူတကာကို ရှိနိုးဦးချတဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပါလား . . . တော်တော်ကောင်းတဲ့ဗျူဟာပဲ"

စိုင်းဝေဟောင်မှာ ရှက်ပြုံးနှင့် . . .။ တော်တော်နူးညံ့တဲ့ ကောင်လေးပါပဲ။

"ဒီဗျူဟာ သုံးလိုက်ရင် အားလုံး အဆင်ပြေသွားတယ်လေ၊ ကဲပါ . . . လာပါ မမရယ် . . . သွားစို့၊ တစ်ခုခု စားကြစို့"

စိုင်းဝေဟောင် လက်ကမ်းလျှင် ရွှန်းသီရိ သူ့လက်ကို ရိုက် ထုတ်ပစ်လိုက်သည်။

"သွား . . . ခြေပါ လက်ပါ မလုပ်နဲ့၊ နောက်က လိုက်ခဲ့မယ်"

ပြောသော်လည်း ကားပေါ်မှ ဆင်းရမည့်အခါ ရွှန်းသီရိ အခက်တွေ့ရပါသည်။ သည်တော့လည်း အသင့်စောင့်နေသည့် စိုင်းဝေဟောင်က လက်ကမ်းကြိုဆိုတွဲခေါ်ရသည်သာ။

"တစ်မျိုးမထင်ပါနဲ့ မမရယ် . . .ကြင်နာသနား၊ ဖေးမချင်လွန်းလို့ပါ"

"သေလိုက်ပါလား . . . သွား"

ကျိတ်ပြုံးလေးကိုယ်စီဖြင့် စားသောက်ဆိုင်ထဲသို့ ဝင်ကြလျှင် ရောက်နှင့်ပြီးသည့် သူငယ်ချင်းများအားလုံးက ဩဘာပေးကြသည်။

"စိုင်းစိုင်းနဲ့ သက်မွန်မြင့်ဟော့"





"ဒွေးနဲ့ အိန္ဒြာကျော်ဇင်ကွ"

"မှားတယ် . . . ဒါ . . . လိပ်မကြီးနဲ့ လိပ်ဖိုလေး"

ရယ်သံရွှင်သံများ စီစီဝေနေပေမယ့် အသံအားလုံးသည် ဝန်တိုပြုံရူခြင်း ကင်းသည့်အသံ၊ ခင်မင်စွာ နောက်ပြောင်နေကြသည့် အသံမို့ ရွှန်းသီရိမှာ အရှက်မျက်နှာ တရဲရဲနှင့်ပင် ပြုံးနေရပါသည်။

ထုံးစံအတိုင်း . . . သူကတော့ အားလုံးကို ရှိခိုးဦးချတော့ မည့်ဟန်နှင့်။

သည်အခါ အသံများအားလုံး တိတ်သွားကြပြီး သူမတို့နှစ်ယောက်ကို ဘေးမဲ့ပေးလိုက်ကြသည်သာ။

"မမ . . . ဘာစားမလဲဟင်"

"သိဘူးကွာ . . . မှာချင်တာမှာ"

"ထမင်းကြော်ကတော့ ရင်ခံလိမ့်မယ်၊ လက်ဖက်ရည်နဲ့ အီကြာကွေးပေါ့နော်"

"အင်းပါ . . . အိမ်မှာဆို ထမင်းကြော်ချည်း စားရတာ"

နှစ်ယောက်သား မျက်နှာချင်းဆိုင်ပြီး လက်ဖက်ရည်သောက်ရတာ၊ မုန့်စားရတာ ကုန်လို့ကုန်မှန်းပင် မသိလိုက်သလို။

သူ့မျက်ဝန်းတွေကလည်း ပြုံးလို့ . . . ချိုလို့ . . . ရီဝေလို့။

အစကတည်းက သိနေခဲ့ပေမယ့်လည်း . . . သူ့အချစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို မျက်ဝါးထင်ထင် မြင် . . . မြင်လာရသည့်အခါ ရွှန်းသီရိမှာ သူနှင့်အတူ ခရီးထွက်ခဲ့ရတာ နောင်တရချင်ချင်။

ဘုရားရေ . . . ဒီတောင်ကို ဘယ်လိုကျော်ရပါ့။

စားသောက်ဆိုင်ထဲမှ သူမတို့ ထွက်လာခဲ့ကြလျှင် လမ်းမှာ စားသောက်ဖို့လည်း သူက မုန့်တွေဝယ်လာခဲ့ပြန်သည်။

ရင်ထဲမှာ တသိမ့်သိမ့် တုန်လှုပ်ခံစားရသည့် ခရီးပေမို့ သည်ခရီးသည် ရွှန်းသီရိအတွက် တစ်သက် မမေ့ချင်စဖွယ်။

## အခန်း (၁၆)

"ဝေး . . . ဟေး . . . ဟေး"

ပင်လယ်ပြာကြီးကို တစ်စွန်းတစ်စ မြင်လိုက်ရလျှင် ကားပေါ်မှာ ပါလာသည့် အဖွဲ့သားအားလုံး ပင်ပန်းမှုးမောသမျှတွေ အားလုံး ပြေပျောက်ရွှင်လန်းကုန်ကြရသည်။

"ဟော့ကောင်တွေ နေကြဦး . . . တည်းဖို့ခိုဖို့ အရင်စီစဉ် ရဦးမယ်၊ ပြီးမှ . . . ရေထဲဆင်း"

အုပ်စုခေါင်းဆောင် ဆရာဦးထင်လင်းက ဟန့်တားသဖြင့် ပင်လယ်ထဲ တန်းမဆင်းကြရဘဲ တည်းခိုခန်းများဘက်သို့ တန်း မောင်းကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားများ ဖြစ်သဖြင့် ဘန်ဂလိုတွေ၊ ဟိုတယ်တွေမှာတော့ မတည်းနိုင်ကြပါ။

ဆရာဦးထင်လင်းတို့မှာ တပည့်များနှင့်အတူ နှစ်တိုင်း ရောက်နေကျမို့ တည်းခိုခန်းများနှင့်လည်း ရင်းနှီးနေပါသည်။ သို့သော် ရာသီက ကျောင်းပိတ်ချိန်မို့ တည်းခိုခန်းတွေလည်း ကျပ်ညပ်နေ၏။

တည်းခိုခန်းတစ်ခုတည်းနှင့် သူတို့လူ ဆယ့်ခုနစ်ယောက် တည်းခိုလို့မရ ဖြစ်နေသည်။ ကားမောင်းသမားနှစ်ဦးကတော့ သူတို့ရင်းနှီးသည့် အိမ်မှာ သွားတည်းကြမည်။

ချောင်းသာကမ်းခြေကလည်း အပျော်ခရီးပီပီ ပွဲတော်ကြီး တစ်ခုသဖွယ်။

သူမတို့အားလုံး ကားပေါ်မှ ထိုင်စောင့်ရတာ စိတ်မရှည်သဖြင့် ကားအောက်သို့ဆင်းကာ လှုပ်လှုပ်ရှရှဖြစ်နေကြစဉ် ဆရာနှစ်ယောက် ပြန်ရောက်လာ၏။

"ဟော့ . . . ဒီဘက်မှာ နှစ်ခန်း၊ ဟိုဘက်မှာ နှစ်ခန်း ရတယ်၊ မျှနေကြရမှာပဲ၊ တူရာ တူရာ စု၊ လူက အားလုံးဆယ့်ခုနစ်ယောက်၊ အခန်းက လေးခန်း၊ တစ်ခန်းကို လေးယောက်တည်းရမယ်"

"မှားတယ် ဆရာ . . . အခန်းလေးခန်းရရင် မိန်းကလေး





နှစ်ခန်း၊ ယောကျ်ားလေး နှစ်ခန်းယူရမှာ၊ မျိုးတူတာမှ မဟုတ်ဘဲ၊ တစ်ခန်းလေးယောက်တည်းလို့ ဘယ်ရမလဲ"

မျိုးသီရိက ဝင်ထောက်လျှင် ကောင်မလေးအားလုံးက ထောက်ခံကြပြီ၊ ယောကျ်ားလေးများက ဆူညံစွာ ကန့်ကွက်ကြလေသည်။

"ဒါတော့ နင်တို့ မတရားတာပဲ၊ နှစ်ယောက်ခန်းလေးတွေကို လေးငါးယောက်လည်း တည်းရဦးမယ်၊ နင်တို့က ခုနစ်ယောက် တည်းရယ်၊ ငါတို့က ဆယ်ယောက်ကြီးတောင်၊ ဒီကြားထဲ မိုးဒီထက် ဝတဲ့ ဇော်ကြီးနဲ့ ဇင်မိုးက ပါလိုက်သေးတယ်၊ အဲဒီနှစ်ယောက်ကို နင်တို့ဘက် ခေါ်လိုက်ပါလား . . . မျှသွားအောင်"

မိန်းကလေးများ၏ မေတ္တာပို့သံများ ကျယ်လောင်စွာ ထွက်ပေါ်လာကြလျှင် ဆရာနှစ်ယောက်မှာ ခေါင်းကုတ်နေကြရလေသည်။

"ကဲ . . . ကဲ . . . လောလောဆယ် လူဆယ့်ခုနစ်ယောက်ကို တစ်ဝက်စီခွဲ၊ တည်းခိုခန်းနှစ်ခုက ယှဉ်ရက်ဆိုတော့ ဟိုဘက်မှာ တစ်ဝက်၊ ဒီဘက်မှာ တစ်ဝက်တည်းကြမယ်၊ ဟိုဘက်မှာ ယောကျ်ားလေး ငါးယောက်၊ မိန်းကလေး လေးယောက်၊ ဒီဘက်မှာ ယောကျ်ားလေး ငါးယောက်၊ မိန်းကလေးသုံးယောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခွဲရမှာလဲ ဆရာရဲ့၊ ကျွန်တော်တို့က ငါးယောက်စီ ဖြစ်ရတဲ့အထဲ ပြဿနာကြီးတွေက ပါလိုက်သေးတယ်"

"ဟေ့ကောင့်တွေ . . . သူ့ကုသိုလ်နဲ့သူ ဝတဲ့ဥစ္စာ၊ ဒီလိုတော့ မကျိန်ဆဲကြပါနဲ့ကွာ"

ဇော်ကြီးအသံက ညောင်နာနာ ဖြစ်နေလျှင် ကျော်ထက်က နာနာဖိတွယ်ပြန်၏။

"မင်းတို့က ငါတို့နှစ်ကိုယ်စာလောက်ရှိတာ၊ ပိုက်ဆံပိုထည့်ရမယ်၊ ရှီး . . . တကယ် အစားကြီး၊ အသောက်ကြီးတွေ ခေါ်လာမိတယ်"

"ဒီလိုတော့မပြောကြပါနဲ့ကွာ . . . ကဲ . . . ကဲ . . . ကောင်မလေးတွေ နင်တို့အခန်းထဲကို ယောကျ်ားလေးတစ်ယောက်စီခေါ်၊ ဇော်ကြီးကို တစ်ခန်း၊ ဇင်မိုးကို တစ်ခန်းခေါ်၊ အပေါက်ဝမှာ ကန့်လန့်ဖြတ်ပြီး အိပ်နိုင်း၊ အိပ်ဖန်စောင့်ပေါ့၊ အန္တရာယ်ကင်း၊ ဘေးကင်းအောင်လေ"

"သေနာ . . . နင့်အိမ်သာ ပင့်သွား"

ယခုထက်ထိ ဆုံးဖြတ်ချက်မချဘဲ အုန်းအုန်း . . . ရယ်မောနေ၊ ဆူညံနေကြလျှင် ဆရာနှစ်ယောက်မှာ လက်မြှောက်ရတော့မလို။





ယောကျ်ားလေးတွေကလည်း နှစ်ယောက်ခန်းကို ငါးယောက်စီ မနေကြလို။

"အတူတူပိုက်ဆံထည့်ရပြီး . . . သူတို့က အခွင့်အရေး ပိုယူတယ်"

"အမယ် . . . နင်တို့စဉ်းစားကြည့်ပါလား၊ မိန်းကလေးတောထဲ ယောကျ်ားလေး ဝင်ချင်လို့ ရမလား"

"မကြီးကျယ်နဲ့ဟေ့ . . . ကျိုက်ထီးရိုးသွားရင်လည်း ဘုရားရင်ပြင်တော်ပေါ်မှာ ဒီလိုပဲ တပြားတည်း အိပ်ကြရတာပဲ"

"ကဲ . . . ကဲ ဒီလိုလုပ် . . .ဆရာတို့နှစ်ယောက်က မိန်းကလေးတွေကို စောင့်ရှောက်တဲ့အနေနဲ့ တစ်ခန်းတစ်ယောက် နေရာယူလိုက်ပါ၊ ကျွန်တော်တို့ အခွင့်အရေးပေးပါတယ်"

ဇော်ကြီးက မချိုမချဉ်ရုပ်ဖြင့် ပြောလျှင် ဆရာဦးထင်လင်းနှင့် ဆရာဦးကျော်မောင်မှာ အလန့်တကြား ဖြစ်ကုန်သည်။

"ဟေ့ကောင်တွေ . . . ဒီလိုတော့ ငါတို့ကို ပ,မထုတ်နဲ့၊ မင်းတို့တွေချည်းပဲ ထားရတာ စိတ်မချရဘူး၊ လုပ်ချင်ရာ လုပ်၊ ကဲချင်တိုင်း ကဲမယ့်အကောင်တွေ၊ ကဲ . . . ဒီတော့ ဒီလိုလုပ် . . . မိန်းကလေးတွေ ယောကျ်ားလေးထဲက တစ်ယောက်စီခေါ်၊ တစ်ခန်းကို တစ်ယောက်စီ ခေါ်၊ နင်တို့လည်း အစောင့်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးထင်လင်းပြောလျှင် ယောကျ်ားလေးများကလည်း အူယားဖားယား ငြင်းကြပါသည်။

"ဟာ . . . မဖြစ်ဘူး ဆရာ၊ ဆရာပဲ စဉ်းစားကြည့်၊ အဖော်မရှိ ဘာမရှိနဲ့ ဘယ်ကောင်က . . . သူတို့ကြားထဲ အညပ်ခံချင်မလဲ၊ ဟော့ကောင်တွေ မင်းတို့ အညပ်ခံမလား"

"မခံချင်ပါဘူး"

"သေနာတွေ . . . မြန်မြန်ဆုံးဖြတ်ကြဟာ၊ ငါတို့ရေထဲဆင်းချင်လှပြီ၊ တော်ကြာ . . . ရေကျတော့မယ်၊ ဒီရေတက်တုန်း ဆော့ရမှာ"

နောက်ဆုံး မဲစနစ်ဖြင့် ဆုံးဖြတ်ကြရာ ကံဆိုးသူ ယောကျ်ားလေးနှစ်ယောက်မှာ မိန်းကလေးခန်းများထဲသို့ ကိုယ့်စိတ်နှစ်ပါးဆင်းရဲစွာဖြင့် ဝင်ကြရပေတော့သည်။

တစ်ယောက်က ဇင်မိုးဖြစ်ပြီး တစ်ယောက်က ကျော်ထက်ဖြစ်ပါသည်။

● ○ ●

အခန်း (၁၇)

ဘောကွင်းကြီးတွေဖြင့် ရေဆော့ကြသောအခါ မည်သူမျှ ရေကူးဝတ်စုံ မဝတ်ကြပါ။ ဘောင်းဘီတို၊ ရှည်များနှင့် တီရှပ်တွေ ဝတ်ထားကြပါသည်။

ယောကျ်ားလေးတွေကတော့ ဘောင်းဘီဒူးကျ ကြီးတွေနှင့် ဖြစ်သည်။

သူငယ်ချင်းများပေမို့ ဘောကွင်းတစ်ကွင်းမှာ မိန်းကလေး၊ ယောကျ်ားလေးတွေ သုံးလေးယောက်စီ ဖက်တွယ်လျက်။

ရွှန်းသီရိနှင့် စိုင်းဝေဟင်ကလည်း ဘောကွင်းတစ်ခု ယူစီးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အလိုကျပေါ့။

ရွှန်းသီရိမှာ ရန်ကုန်မြေမှလွှဲပြီး ဘယ်မှ မရောက်ဖူးသူပီပီ ရေ အလွန်ကြောက်ပါသည်။

သို့သော် စိုင်းဝေဟင်က မရ။ အတင်း ရေထဲသို့ ဆွဲခေါ်ပြီး ဘောကွင်းထဲသို့ ထည့်၊ လှိုင်းစီးသင်ပေးမည် . . . တဲ့။

ရွှန်းသီရိမှာ အကြောက်လွန်ပြီး ပျာနေလေသည်။

"စိုင်းဝေဟင် တို့ကြောက်တယ်၊ တို့ဖေဖေနဲ့ မေမေလည်း ရေနဲ့ သေဖူးတယ်၊ ကြောက်တယ် . . . တောင်းပန်ပါတယ်နော်၊ တို့ . . . ရေထဲမဆင်းပါရစေနဲ့၊ ကမ်းပေါ်ကပဲ မင်းတို့ဆော့တာ ကြည့်ပါရစေ"

"ဟာ . . . မမကလည်း ချောင်းသာလာပြီး လှိုင်းမစီး၊ ပင်လယ်ထဲ မဆင်းရင် ဘယ်အရသာပြည့်စုံမလဲ၊ ဘာမှမဖြစ်စေရဘူး . . . စိတ်ချ၊ စိုင်း . . . အာမခံတယ်"

လှိုင်းတွေက တစ်လုံးပြီးတစ်လုံး၊ တဝုန်းဝုန်းရိုက်ခတ်နေသည့်အခါ စိုင်းဝေဟင်က ဘောကွင်းကို အလိုက်သင့်ဖြစ်အောင် ပြုပြင်ပေးသည်။

သို့သော် . . . အကြောက်လွန်နေသည့် ရွှန်းသီရိမှာ လှိုင်းတွေ တဖွားဖွားကြားမှာ သူ့ကို ထုရိုက် ဖက်တွယ်လျက်။





စိုင်းဝေဟင်မှာ နောက်ဆုံး အကြောက်လွန်နေသည့် ရွှန်းသီရိကို ကမ်းပေါ်တင်ပေးပြီး တည်းခိုခန်းသို့ လိုက်ပို့ပေးလိုက်ရပါသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ယခုတော့လည်း ကမ္ဘာလောကသည် သာတောင့်သာယာ။

ဒါဟာ . . .

အစစ်အမှန်လား . . .။

အိပ်မက်လား . . .။

အရှိုးကြွင်ကလည်း အထည်ဆိုင်မှာ သက်သောင့်သက်ယာ။

ဘရဏီကတော့ အပ်ချုပ်ဆိုင်ကြီးကို စီမံဦးစီးနိုင်ဖို့ ကြိုးစားနေရသည်။ အစစအရာရာ လုပ်ငန်းတစ်ခုလုံးကို နားလည်အောင်၊ နိုင်နင်းအောင်လည်း သူမ ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမင်းအလိုကျ ဒီလမ်းထဲက သူ့တိုက်ခန်းတစ်ခု လည်း ဘရဏီတို့ ပြောင်းရွှေ့နေထိုင်ကြရပါသည်။

အလုပ်မှာလည်း အချိန်ပြည့် နေလို့ရအောင်ပေါ့။

လူကြီးမင်းနှင့်လည်း နီးနီးနားနား နေခွင့်ရပေပြီ။

ဘရဏီမှာ ဘာပဲဖြစ်ဖြစ် . . . ကိုယ့်ဘဝကို မြှင့်တင်ပြော လဲပေးသူမို့ လူကြီးမင်းကို ကျေးဇူးတင်မိပါသည်။

ပြီးတော့ . . .

ချစ်သူတွေလည်း ဖြစ်သည် မဟုတ်ပါလား။

စက်ဆိုင်နှင့် အထည်ဆိုင်ကလည်း ဘရဏီတို့ တိုက်ခန်းနှင့် မဝေးလှ။

ယခုကာလသည် သူမအတွက် စိတ်အချမ်းသာရဆုံး၊ စိတ် လုံခြုံအရဆုံး အချိန်လည်း ဖြစ်သည်။

အရင်က . . .

အနိပ်သည်မလေးဘဝနှင့် ငွေနောက်သို့ ကောက်ကောက် ပါမတတ် လိုက်လံရှာဖွေနေရသည့်အခါ အရီးကြင်နှင့်တွဲပြီး သူ တစ်ပါးအိမ်တွေမှာ မျက်နှာငယ်ငယ်နှင့် အောက်ကျနောက်ကျ နိုင်ခဲ့ရသည့်ဘဝတွေသည် ဘရဏီ့အတွက် အိပ်မက်ဆိုးတွေပါ။

ယခုတော့ . . .





စက်ချုပ်ဆိုင်ကြီးပေါ်မှာ ဟန်ကျပန်ကျ အလုပ်လုပ်ရပြီး သူမကို စောင့်ရှောက်မည့် လူကြီးမင်းနှင့် အရီးကြင်ကလည်း အနီး မှာ အမြဲရှိနေပေပြီ။

ဪ . . . ယခုတော့လည်း သဲကန္တာရကြီးထဲမှာ ကူမည့် ကယ်မည့်သူ မရှိ . . . မာရသွန်ပြေးပွဲဝင်နေရသည့်ဘဝမှ အသက်ရှူ ရှခွင့် ရခဲ့ပါပြီ။

ညနေ ခြောက်နာရီမှာ . . . စက်ဆိုင်ရော၊ အထည်ဆိုင်ပါ ပိတ်ပြီးလျှင် အရီးကြင်နှင့်ဘရဏီတို့ ကိုယ့်တိုက်ခန်းသို့ ပြန်ခဲ့ကြ သည်။

ရှိုင်းသီရိမှာ ကျူရှင်တက်၊ ဘာတက်နှင့်မို့ အိမ်ပြန်ချိန်က ဘရဏီတို့ထက် နောက်ကျမြဲ။

တူဝရီးနှစ်ယောက်စကားတပြောပြောနှင့် ချက်ပြုတ်ပြင် ဆင်နေကြသည်မှာ သက်သောင့်သက်သာ။

ဘဝဟာ ဒီလိုတော့လည်း သာတောင့်သာယာနှင့် နေချင် စဖွယ်။

မုန်တိုင်းမလာခင် လေပြည်တိုက်ခတ်တာမျိုး မဖြစ်ပါစေ နှင့်ဟု ဘရဏီ ဆုတောင်းမိပါသည်။

လောကကြီးကို သူမ မယုံကြည်ရဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမ . . . ငယ်စဉ်တုန်းကလည်း ဒီလိုပဲ မဟုတ်လား။ ပြည့်စုံသည့် မိဘနှစ်ပါးနှင့်၊ မောင်လေး၊ ညီမလေးတွေနှင့် ဘဝကို ပျော်ရွှင် မော်ကြွားနေတုန်းမှာပဲ သူမ၏ဘဝ နာလံမထူနိုင်အောင် အလဲထိုးခံခဲ့ရသည်။

ယခုလည်း ဒီလိုဖြစ်လာဦးမှာလား။

နာလံမထူနိုင်သည့်ဘဝမှ လူကြီးမင်း၏ဖေးမဦးဆောင်မှုကြောင့် အညွန့်တက်လာခဲ့ရပြန်ပြီလေ။

ဘယ်တော့ . . . အလဲထိုးခံရဦးမှာလဲ။

သို့သော် သူမမှာ အသိနှင့်သတိ ရှိနေခဲ့ပြီမို့ စုတ်ပြတ်သတ်မသွားအောင်တော့ ကြိုးစားရပေမည်။

ယခု . . . စက်ချုပ်သည့်ပညာရပ်ကို ဘရဏီ စတင် လေ့လာနေပေပြီ။ မည်သည့်ပညာရပ်မဆို ကောင်းစွာတတ်ကျွမ်းလျှင် အသုံးဝင်သည် မဟုတ်ပါလား။

အရီးကြင်က မှိုဟင်းချက်နေစဉ် . . . ဘရဏီက ကြက်သားကို ကာလသားချက် ချက်ဖို့ ပြင်နေ၏။ ခုနစ်နာရီလောက်ဆို အောင်နိုင်မိုး ထမင်းချိုင့်လာယူလိမ့်မည်။ ဘရဏီတို့ ဒီဘက်သို့ ရောက်ကတည်းက လူကြီးမင်းလည်း အောင်နိုင်မိုးလက်ရာကို ခံတွင်းမတွေ့တော့ပေ။





"သမီးရေ . . . မြန်မြန်လုပ်၊ ခြောက်နာရီခွဲနေပြီ၊ တော်ကြာ အောင်နိုင်မိုး လာတော့မယ်"

"ဟုတ်ကဲ့ပါ အရီးရဲ့၊ လာလည်း ဒီကောင်လေး ချက်ချင်း မပြန်ပါဘူး၊ လေပစ်နေဦးမှာပါ"

"ဩော် . . . အေးပါအေ . . . မောင်မြင့်မှူးလို လူမျိုးကတော့ ရှားကိုရှားပါတယ်၊ ငါတော့ သူ့ကို သိကြားမင်း . . . လူ့ပြည် ဆင်းလာတာလို့ပဲ ထင်မိတယ်၊ ဟုတ်တယ် . . . အမေပြောဖူးတယ် . . . ခုခေတ်က သိကြားသာသနာခေတ် . . . တဲ့၊ ဒါ . . . ငါတို့တူဝရီးကို သနားလို့ သိကြားမင်းကြီး . . . လူ့ပြည် ဆင်းလာတာပဲ ဖြစ်ရမယ်"

အရီးကြင်က သူ့စကားကို တဖွဖွနှင့် အတည်ပြုနေလျှင် ဘရဏီမှာ အရီးကို သနားသွားသဖြင့် မရယ်ရက်တော့ပါချေ။

"ဟုတ်တယ် . . . ဟုတ်တယ်၊ ကဲ . . . အရီးရေ သိကြားမင်းကြီး ထမင်းဆာနေလိမ့်မယ်၊ မြန်မြန်ချက်ကြစို့"

နှစ်ယောက်သား မီးဖိုနှစ်ဖိုမှာ တရှဲရှဲကြော်ချက်နေလေရာ ခုနစ်နာရီ မထိုးခင် ပြီးဆုံးသွားပေတော့သည်။

ဘရဏီ ရေချိုးနေစဉ် . . . အရီးက အပြင်မှာ ပြောင်းဖူးဆေးလိပ်ကြီးကို တထောင်းထောင်းထအောင် ဖွာရင်း . . . လူ



www.burmeseclassic.com

www.burmeseclassic.com



. . . လှမ်း စကားပြောသေး၏။

"မိရွှန်းလေး . . . ချောင်းသာသွားတာလည်း ငါးရက်တောင် ရှိပြီနော်၊ ငါတို့ . . . ဒီကိုပြောင်းလာတာပဲ လေးရက်ရှိပြီ၊ တော်ကြာ . . . ဟိုတိုက်ခန်းမှာ ထင်နေပြီး မသွားတတ်၊ မလာတတ်ဖြစ်နေပါဦးမယ်အေ"

"သြော် . . . အရီးကလည်း ပူစရာမရှိ ပူနေရပြန်ပြီ၊ ဆေးကျောင်းသူကြီးပါ အရီးရဲ့၊ ပြီးတော့ ရပ်ကွက်ထဲက လူတွေကိုလည်း ပြောထားခဲ့သားပဲ၊ မောင်လေး ကိုရှိုင်းလည်း ရှိတာပဲ၊ သူ . . . ဘာဖြစ်လို့ မပြန်သေးတာပါလိမ့်"

"သူနဲ့အတူတူသွားတဲ့သူတွေရော . . . ပြန်လာကြပြီလား၊ ဘယ်သူတွေနဲ့သွားတာလဲ"

"မသိဘူးလေ . . . အရီးရဲ့၊ ဘရဏီက သူတို့လောက၊ သူတို့သူငယ်ချင်းတွေကို ဘယ်သိမလဲ၊ သူတို့ကလည်း တစ်ခါမှ သူငယ်ချင်းတွေ အိမ်ခေါ်မလာဖူးဘူးလေ၊ ကျွန်မတို့ကလည်း သိမ်ငယ်ခဲ့တယ် မဟုတ်လား"

"ဒါဖြင့်လည်း . . . ကိုရှိုင်းကိုသာ စုံစမ်းနိုင်း၊ ရှာဖွေနိုင်းပေတော့၊ ကျောင်းပြန်ဖွင့်တာလည်း နှစ်ရက်ရှိပြီ မဟုတ်လား၊ ကျောင်းပိတ်ရက်ကဖြင့် သုံးရက်တည်းရယ်၊ သမီးမိန်းကလေး မွေးရတာ





လိမ္မာပါမှ၊ မလိမ္မာရင် . . . မိဘလည်း ရင်ကျိုးရ၊ သူတို့လည်း ဘဝပျက်"

အရီးကြင်၏စကားကို ကြားရလျှင် ဘရဏီ ရေဆက်မချိုးနိုင်တော့ပါ။

အစကတည်းက တစ်ယောက်တည်း ကျိတ်ပြီး စိတ်ပူနေရသည့်ကြားထဲ . . . ယခု အရီးကြင်ပါ စိတ်ပူလာပြီ ဆိုသောအခါ . . .

ကံကြမ္မာဆိုတာ အမြဲချိုမနေတတ်ဘူး ထင်ပါရဲ့ ကွယ်။

လေပြည်လေညင်းလေးတွေနဲ့ သာယာလာတဲ့ဘဝမှာ မုန်တိုင်းများ ဆင်လာလေပြီလား။

ရေချိုးခြင်းကို လက်စသတ်ပြီး ဘရဏီ . . . အပြင်သို့ထွက်၊ အဝတ်ကို လျင်မြန်စွာလဲလိုက်စဉ် . . . အောင်နိုင်မိုး ရောက်ရှိလာသဖြင့် တူဝရီးနှစ်ယောက် စကားကိုရပ်ထားကြရပြန်၏။

"ဟင်းနဲ့ ကျွေးနဲ့တွေကို မွှေးကြိုင်နေပါလားဟေ့၊ ငါလည်း ဆင်ဖြူတော်မှီပြီး ကြံစုပ်နေရတာနဲ့ . . . ဝတုတ်ကြီးဖြစ်လာပြီ၊ တော်ကြာ . . . ဝ . . . လွန်းလို့ မိန်းမ . . . မရတော့ရင် နင့်အမျိုးတွေထဲက ရှာပေးရမယ်နော်"

ခါတိုင်းဆို . . . အောင်နိုင်မိုးကို အလျှော့မပေးဘဲ ပြန်တွယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြစ်သော်လည်း . . . ယခုကျ . . . ညီမပူ ဝင်နေသဖြင့် ဘရဏီ မချိသွားဖြဲ ဖြစ်နေရပါသည်။ အောင်ခိုင်မိုးကိုတောင် ရန်မတွေ့အား ပါတော့။

ချက်ထားသည့် ဟင်းများကိုသာ သူပါလာသည့် လေးဆင့်ချိုင့်ထဲသို့ စေတနာဗရပွဖြင့် ထည့်ပေးနေမိပါတော့သည်။

စိတ်ညစ်တာ၊ ရင်ပူတာက တခြား။ လူကြီးမင်းအပေါ်မှာတော့ ဘရဏီ ဘယ်တော့မှ စေတနာ၊ မေတ္တာတွေ ကုန်ခန်းလေမည် မဟုတ်ပါ။

သူ့အတွက် ငဲ့ညာပြီး . . . ကိုယ့်မေတ္တာတွေကို ရင်ဖွင့်မပြခဲ့ပေမယ့် . . . ရင်ထဲမှာ . . . သူ့အတွက်ဆို အသက်ပင်ပေးလိုက်နိုင်သည်အထိ။

သည်စဉ် . . .လွယ်အိတ် စလွယ်သိုင်းနှင့် မောင်လေးကိုရှိုင်း ပြန်လာခဲ့ပါသည်။

အလို . . .

သူ့ရုပ်ကလည်း ဘာကို အလိုမကျသည်မသိ . . . မှုန်ကုပ်ကုပ်နှင့်။

ဟင်းချိုင့်များထည့်နေသည့်နေရာသို့ လာရောက်ငုံ့ကြည့်ပြီး ဒေါသထွက်နေသည့်ရုပ်နှင့်။





"ဒါ . . . ဘယ်ဘုန်းကြီးကျောင်းကို လှူဖို့ပဲ"

"ဟဲ့ . . . ကိုရှိုင်း"

"မပြောချင်လို့ ကြည့်နေတာ၊ သူတို့က ဘာမို့လို့လဲ"

"ဟယ် . . . မောင်လေး . . . နင် ဘာဖြစ်နေတာလဲ၊ ကဲ . . . ကဲ . . . အောင်ခိုင်မိုးရယ် . . . သွား . . . သွား . . . ယူသွားတော့၊ သူ့ကို နားလည်အောင် ရှင်းပြလိုက်ဦးမယ်၊ ဒီအကြောင်းတွေ လူကြီးမင်း မသိစေနဲ့နော်"

ဘရဏီ . . . တောင်းတောင်းပန်ပန်ဖြင့် အောင်ခိုင်မိုးကို ချိုင့်ပေးလျှင် အောင်ခိုင်မိုးမှာ မအောင့်သီးအောင့်သက်။

အစ်မနှင့်အရီး၏ ခွန်အားတွေကို စုပ်ယူဝါးမျိုပြီး ကြီးထွားနေသည့် ရှိုင်းသီရိကို သူကလည်း ကြည့်မရပါချေ။

"အေး . . . နင့်မျက်နှာကြောင့် သည်းခံနေတာ၊ သူ မကျေနပ်ရင်လည်း ဘာမှ ချက်ပေးမနေနဲ့တော့၊ ငါ့ဆရာက နတ်ပြည်က နတ်သုဒ္ဓါတောင် သွားဝယ်စားနိုင်တယ်"

"စားနိုင် . . . စားပေါ့ဗျ၊ ဘာဖြစ်လို့ . . ."

"ဟဲ့ . . . ကိုရှိုင်း . . . တော်ဆို တော်နော် . . . နင် ဘာမှ မသိဘဲနဲ့"

"တော်ကြပါတော့ကွယ် . . . အားလုံးကို အရီးတောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ အောင်ခိုင်မိုး . . . လူလေး သွားတော့၊ အရီးကို သနားရင် သွားပါတော့၊ မောင်မြင့်မှူးကိုလည်း ဘာမှမပြောလိုက်ပါနဲ့ကွယ် . . . နော် . . . ကိုရှိုင်းကို အရီးတို့ ရှင်းပြလိုက်ပါ့မယ်"

နောက်ဆုံး ပေစောင်းစောင်းနှင့် အောင်ခိုင်မိုး အခန်းပေါက်ဝမှ ထွက်လိုက်လျှင် ရှိုင်းသီရိက ဧည့်ခန်းစားပွဲလေးပေါ်မှ ရှေးဟောင်း ကြွေရေနွေးကရားအိုးလေးကို ပစ်ပေါက်ခွဲချလိုက်ခြင်းဖြင့် သူ မကျေနပ်ချက်များကို စတင်ကြေငြာခဲ့သည်။

"ဟင်"

အောင်ခိုင်မိုး ပြန်ဝင်လာမည်စိုးသဖြင့် တွေတွေကြီး ရပ်နေသည့် အောင်ခိုင်မိုးကို အတင်းသွားခိုင်းပြီး ဘရဏီ အခန်းတံခါး ပြေးပိတ်လိုက်သည်။

ကိုယ့်အိမ်တွင်းရေးတွေမှာ သူတစ်ပါး မပါဝင်စေလို။ သူတစ်ပါး မသိစေလိုပါ။

ဘရဏီ သည်ဘက်သို့ ပြန်လှည့်လိုက်လျှင် အလွန်ခံပြင်း၊ နာကျင်၊ မကျေနပ်နေသည့် မောင်လေးရှိုင်းသီရိနှင့် မျက်နှာချင်းဆိုင်သွားရသည်။

အရီးမှာလည်း မျက်စိမျက်နှာပျက်လျက်။

ရှိုင်းက ကုလား မနိုင် ရခိုင်မဲ့ . . . အရီးကို ဒေါသတကြီး





အော်ဟစ် စွပ်စွဲနေတော့သည်။

"ခင်ဗျားကြီး လူကြီးဖြစ်ပြီး မမကို ဗန်းပြ ချူစားနေတာ၊ ခင်ဗျားဟာ . . . ပိုင်းလုံးလို ညာစားနေတာ၊ ကိုယ် သက်သာရင်ပြီးရော ကိုယ် ကောင်းကောင်းနေ၊ ကောင်းကောင်းစားရရင် ပြီးရော ဆိုတဲ့ မိန်းမကြီး၊ ခင်ဗျားတို့ ထမင်းကို စားနေရတာ ကျုပ် မသတီဘူး၊ ကိုယ့်ကိုယ်ကိုယ် လုံးဝရှုံတယ်"

"ဟင် . . . မောင်လေး နင် မိုက်ရိုင်းလှချည်လား"

ရှိုင်း၏စွပ်စွဲသံကြောင့် အရီး၏တစ်မျက်နှာလုံး ဖြူစုတ်တောင့်တင်းသွားပြီး ချက်ချင်းပင် အိုစာနာကျင်သွားခဲ့သလို၊ ဘရဏီ၏ မျက်စိတွေလည်း ပြာနှမ်းမည်းမှောင်သွားခဲ့သည်။

"ဖြန်း"

သူမ လုပ်လိုက်မိသည်က မောင်လေး . . . ကိုရှိုင်း၏ပါးကို ရိုက်ချမိလိုက်ခြင်းပါပင်။

ဘရဏီ၏တစ်ကိုယ်လုံးမှာလည်း . . . နှလုံးသွေးတွေ ဆူပွက်ညံဟည်းလျက်။

အခန်းလယ်မှာ ရှိုင်းသီရိ တောင့်တောင့်ကြီး ဖြစ်နေသလို ဘရဏီလည်း အံကိုတင်းတင်းကြိတ်ထားသည့်ကြားမှ မျက်ရည်များ တွေတွေစီးကျလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုးမှာ စကားမပြောနိုင်တော့ဘဲ . . . တဒင်္ဂ ရှူးသွပ်သွားသူလို ကြောင်စီစီ။

အရိုး၏ခံစားချက်တွေကို ဘရဏီ နားလည်နိုင်ပါသည်။

သည်အမယ်အိုဟာ . . . မေတ္တာတရား ကြီးမားလွန်းပါသည်။ လူမမယ် . . . ကလေးသုံးယောက်ကို ကြက်သားအုပ်မကြီးလို အစွမ်းကုန်ပြုစုစောင့်ရှောက်ခဲ့တယ်။

စွန်ရဲကိုတောင် ပြန်လှန်အံတုတော့မယ့် မိခင်မေတ္တာမျိုးနဲ့ သူမတို့ကို စောင့်ရှောက်ခဲ့တယ်။

အနှိပ်သည်မကြီး လုပ်ပြီး . . . သူမတို့ကို ပြုစုကျွေးမွေးခဲ့တယ်။

မျက်ရည်များကို ရပ်တံ့ပြီး ဘရဏီ . . . ကိုရှိုင်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"အခြေအနေ၊ အဖြစ်အပျက်တစ်ခုကို ချက်ချင်းနားမလည်နိုင်သေးလို့ ပြဿနာဖြစ်ရတာကို မမ ခွင့်လွှတ်နားလည်ပေးနိုင်တယ်၊ ဒါပေမဲ့ . . . ကိုယ့်ကို လူမမယ်အရွယ်ကတည်းက စောင့်ရှောက်ကျွေးမွေးလာတဲ့ အရိုးရဲ့မေတ္တာ၊ စေတနာကိုတော့ မင်း မစော်ကားသင့်ဘူး . . .။

မင်းရဲ့ အိုင်ကျူက ဒီလောက်တောင် နိမ့်သလား၊ မင်းရဲ့





နှလုံးသားက ဒီလောက်တောင် ညံ့သလား၊ ဒီ တစ်ချက်နဲ့တင် . . . မင်းဟာ ငါ့မောင်ဖြစ်ပေမယ့် ငါ ဂုဏ်မယူလိုဘူး၊ မင်းဘာသာလောကရေးရာမှာ ရှင်ဘုရင်ထိပဲ အဆင့်မြင့်သွားသွား ငါ လုံးဝ ဂုဏ်မယူဘူး၊ လူဆိုတာ လူသားပီသရတယ်၊ ကျေးဇူးသိတတ်ရတယ်၊ ကျေးဇူးရှင်ကို ကျေးဇူးမဆပ်နိုင်ရင် နေ . . .မစော်ကားရဘူး၊ နှလုံးသား နာကျင်အောင် မလုပ်သင့်ဘူး"

သူမ၏အသံများက ခံစားမှုများဖြင့် ကွဲအက်စိမ်းဖန့်နေလျှင် ကိုရှိုင်းမှာ သူ့ဒေါသများပင် ခေတ္တရပ်တံ့သွားလေ၏။

ဒီအစ်မကလည်း သူ . . . ချစ်ခင်လေးစားရသည့် အစ်မ မဟုတ်ပါလား။

သူ့ကို . . . ဤမျှ ပြောနေလျှင် အရိုးမှာ မခံစားနိုင်ပြန်ချေ။ ဘရဏီအနားသို့ တရွေ့ရွေ့ တိုးကပ်လာပြီး တောင်းပန်နေခဲ့သည်။ အရိုးအသံများက တုန်တုန်ယင်ယင်၊ ကြေကြေကွဲကွဲ။

"တော်ပါတော့ သမီးရယ် . . . အရိုးအတွက်နဲ့ ဒီလောက်တောင် မပြောပါနဲ့၊ လူကလေး စိတ်မကောင်းဖြစ်နေပါ့မယ်၊ သမီးရဲ့ လက်ရှိအခြေအနေကိုသာ လူကလေး နားလည်အောင် ရှင်းလင်းပြလိုက်ပါ၊ ကိုရှိုင်းက မောင် . . . ဆိုတော့ အခြေအနေ အကျိုးအကြောင်း မသိခင် စိတ်ဆိုးတာ သဘာဝကျပါတယ်ကွယ် . . .



www.burmeseclassic.com

သမီး ရှင်းပြလိုက်ပါ"

ဘရဏီက ကိုရှိုင်းကို စိတ်မရှုပ်ထွေးစေလိုသဖြင့် စက်ဆိုင်မှာ အလုပ်ရသည်။ အလုပ်ရှင်က နေစရာပါ ဖန်တီးပေးသည်ဟု သာပြောပြီး ရပ်ကွက်သို့ ပြောင်းခဲ့ကြခြင်း မဟုတ်ပါလား။

သူမဘက်က . . . ကိုရှိုင်း နားလည်အောင် ရှင်းလင်းပြောဆိုရပေမည်။

"ထိုင်ဦး ကိုရှိုင်း . . . ပြီးခါမှ . . . ဒေါသတွေ ဆက်ထွက်ချင်ထွက်၊ အခြေအနေတွေကို နားလည်အောင် နားထောင်လိုက်ဦး"

ကိုရှိုင်းရော ဘရဏီပါ . . . ထိုင်ခုံများမှာ ထိုင်လိုက်ကြသည်။ ကိုရှိုင်းမှာ မျက်နှာတစ်ခုလုံး ရဲနေအောင်ပင် ဒေါသတွေက မပြေ။

"ခင်ဗျားတို့လုပ်စာ စားနေရတယ် ဆိုပေမယ့် အစ်မ ဘာအလုပ်ပဲလုပ်လုပ် မျက်စိမှိတ်ပြီး ငြိမ်စားနေမယ့် မောင်မျိုး မဟုတ်ဘူး၊ မတတ်သာလွန်းလို့ နေ . . . နေရပေမယ့် မဟုတ်တာလုပ်ရင် ကန့်ကွက်ရမှာပဲ၊ ကဲ . . . ပြော . . . ရှင်းပြ . . . ဘာတွေလဲ . . . ဘယ်လိုလဲ၊ မပြောချင်လို့ ကြည့်နေတာ . . . ဒီကိုရောက်ကတည်းက အဲဒီတိုက်ကို သွားသွားပြီး ညတိုင်း နှိပ်ပေးရတာကော ဘာသဘောလဲ၊ အရီးကပါ လိုက်သွားပြီး အလိုတူအလိုပါ"

ရွှေစကားစာပေ



"ကိုရှိုင်း"

အရီးကို ပုတ်ခတ်လာပြန်လျှင် ဘရဏီ လန့်အော်မိပြန်သည်။ စကားလုံးတွေက မကြားဝံ့မနာသာ။

"ကိုရှိုင်း . . . ငါက အနှိပ်သည်လေ၊ ဒီလိုပဲ လူတကာကို နှိပ်ပေးတဲ့ငွေနဲ့ နင်တို့ထမင်းစားခဲ့တယ်၊ ပညာတွေ သင်ခဲ့တယ်၊ အခု . . . လူကြီးမင်းကို သွားနှိပ်ပေးတာကျမှ . . . နင် မြင်သလား၊ ငါတို့ ငါးနှစ်လုံးလုံး အနှိပ်သည်မကြီးတွေလုပ်ပြီး နင်တို့ကို ရှာဖွေကျွေးမွေး မြေတောင်မြှောက်ပေးခဲ့တာကျတော့ မမြင်ခဲ့ဘူးလား၊ မျက်လုံးတွေ ကန်းနေသလား၊ နင့်နှလုံးသားတွေ ကန်းနေသလား"

"မမ"

သူမ၏စကားက အမှန်တရားပေမယ့် ရှိုင်း၏နားထဲမှာ လက်ပစ်ဗုံး ပေါက်ကွဲသွားခဲ့သလို။

သူ . . . မသိချင်ယောင်ဆောင်နေခဲ့သမျှ မမက တစ်တစ်ချင်ချင်ပင် ရှင်းပြ၊ ဖွင့်ပြလိုက်ပြီ မဟုတ်ပါလား။ ရှိုင်းသိရှိမှာ ခံစားမှုတွေ အထွတ်အထိပ်။

"မလန့်နဲ့၊ နင် . . . ဆက်ပြီးနားထောင်လိုက်ဦး၊ ငါတို့ တူဝရီးဟာ . . . ဘဝရဲ့ အောက်ဆုံးအလွှာကနေပြီး နင်တို့မောင်နှမကို အမြင့်ဆုံးရောက်အောင် ထိုးတင်ပေးခဲ့တယ်၊ ငါတို့ကျေး…ပါ

www.burmeseclassic.com



တယ်၊ ငါတို့ကို ဘယ်သူမှ ဓားမိုးပြီးခိုင်းတာမှ မဟုတ်ဘဲ၊ ငါတို့ရဲ့ ဦးနှောက်နဲ့၊ ငါတို့ရဲ့ နှလုံးသားနဲ့၊ ငါတို့ရဲ့မေတ္တာ စေတနာတွေနဲ့ ရွေးချယ်တည်ဆောက် ပြုစုယုယပေးခဲ့တာပါ။ ဒါပေမဲ့ နားလည်ဖို့တော့ ကောင်းတာပေါ့လေ"

"မမ"

ရှိုင်းသီရိ၏ဒေါသများ . . . မျက်ရည်များအဖြစ် အရည်ပျော်ကျလာခဲ့ပေပြီ။ ယခုမှ သူ့ရင်ဘတ်ကြီးတစ်ခုလုံး သောက၊ နောင်တတွေဖြင့် မီးနယ် လောင်မြိုက် . . . ပူခြစ်လာခဲ့၏။

"ငါဟာ . . . အနှိပ်သည်ပါ၊ ဇီးသီးသည် မဖိုျင်း မဖြစ်ပါရစေနဲ့၊ လူကြီးမင်းက သနားလို့ တင့်တင့်တယ်တယ် အလုပ်တစ်ခုပေးပြီး အခြေတကျဖြစ်အောင် တိုက်ခန်းပါ ရှာပေးထားခဲ့တာ၊ ငါ့ကို လူတကာကိုနှိပ်ပေးရတဲ့ဘဝကနေ လွတ်အောင် . . . သူ မြှင့်တင်ပေးခဲ့တာပါ၊ သူ နေမကောင်းတဲ့အခါ ငါ သွားပြီးနှိပ်ပေးရမှာပေါ့၊ ငါ . . . မဖိုျင်းလို ဘဝ မမေ့ပါရစေနဲ့"

မျက်ရည်များစီးကျလျက် . . . အံကို တင်းတင်းကြိတ်ပြီး ဘရဏီ ရှင်းပြနေလျှင် ရှိုင်းသီရိ၏ရင်မှာ . . . နာကျင်ပူလောင်လွန်းပါဘိ။

သူ့နှလုံးသားတွေ အဆင့်မြင့်ခဲ့ပြီ။





သူ့ဦးနှောက်တွေ . . . ဝေဝါး ထွေပြားနေရာမှ ရှင်းလင်းပွင့်လင်းသွားပေပြီ။

သို့သော် . . . သူဟာ မောင်ဘွား . . . တစ်ယောက်လည်း ဖြစ်သည် မဟုတ်ပါလား။

"ဘာပဲဖြစ်ဖြစ် . . . မမရယ် . . . အခုရတဲ့ စည်းစိမ်တွေဟာ မမ ဘဝကိုရင်းပြီး ရတာမျိုး မဖြစ်လာစေချင်လို့ပါ၊ အဲဒီလိုမျိုး မဖြစ်စေချင်ဘူး၊ ကျွန်တော် ယောကျ်ားပါ မမရယ်၊ ကျွန်တော့်စကားက အခုချိန်မှာ အားမပါသလိုဖြစ်နေပေမယ့် ကျွန်တော့်ရဲ့ယောကျ်ားမာန၊ မောင်တစ်ယောက်ရဲ့မာနကို စိန်ခေါ်နေကြတယ်၊ ကျွန်တော် ဘာပဲဖြစ်ဖြစ် . . . လုပ်ပစ်ချင်လိုက်တယ်၊ မမရဲ့ လူကြီးမင်းက ဘာ သဘောနဲ့ ဒီလိုမြှင့်တင်ပေးတာလဲ၊ ဒီခေတ်၊ ဒီလောကကြီးက တစ်ခုပေးမှ တစ်ခုရတာပါ မမရယ်၊ မမကို . . . စုတ်ပြတ်သတ် မသွားစေချင်ဘူး၊ လူတစ်ဦးနဲ့တစ်ဦး စေတနာထားတယ်ဆိုတာလည်း မျှော်လင့်ချက်တွေ ရယူမှုတွေ ပါစမြဲပါ"

"မှန်တယ် . . . မင်းပြောသလိုပါပဲ၊ ဒါပေမဲ့ လူကြီးမင်းရဲ့ စေတနာ မေတ္တာတွေဟာ . . . သန့်ရှင်းဖြူစင်ပါတယ်၊ ဘာတောင်းဆိုမှုမှ မပါဘူး၊ ဘာနှောင်ကြိုးမှ မပါပါဘူး၊ ဒီတော့ သူ့ကျေးဇူးကို တတ်နိုင်သမျှ တုံ့ပြန်တဲ့အနေနဲ့ မမတို့က . . . ဟင်းချက်ပို့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူနေမကောင်းရင် သွားပြီး ပြုစုလုပ်ကိုင်ပေးကြတယ်၊ မင်းနားလည်ထားဖို့က မင်းအစ်မဟာ ဘယ်တော့မှ ဘဝကို လှေကြုံမလိုက်ဘူး၊ မဟုတ်တာ မလုပ်ဘူးဆိုတာပါပဲ"

"သူက မမကို လက်ရောထပ်မှာလား"

ယခုတိုင် ရှိုင်းသီရိ၏သံသယတွေက မပြေလည်သေး။ သို့သော် အသံကတော့ ညောင်နာနာ။

"အခု မမတို့ရဲ့ဆက်ဆံရေးက ချစ်သူတွေလိုမှ မဟုတ်ဘဲကွာ၊ သန့်သန့်ရှင်းရှင်းပါ၊ အဆင်ပြေရင်လည်း လက်ထပ်ဖြစ်မှာပေါ့၊ ကဲ . . . ကိုရှိုင်း . . . မောင်လေးရဲ့အလုပ်က ကိုယ့်စာကိုသာ ကြိုးစား၊ မင်းတို့ ဆရာဝန်ကြီးတွေ ဖြစ်သွားတဲ့အခါ မမတို့ ပြုစုရကျိုး၊ ပင်ပန်းရကျိုးနပ်မယ် . . . ဒါပဲ မဟုတ်လား၊ ကဲ . . . ထမင်းစားဖို့ ပြင်၊ ပြီးရင် . . . စာကျက်"

ဘရဏီ အမိန့်ချလိုက်လျှင် . . . ကျေနပ်သွားပြီဖြစ်သည့် ရှိုင်းသီရိက အရီး၏ရှေ့ ကြမ်းပြင်မှာ ထိုင်ချလိုက်ပြီး အရီးကို လက်အုပ်ချီလိုက်ပါသည်။

ယခုတိုင် ထိတ်လန့် နာကျင် အိုစာနေသည့် အရီးမှာ မျက်စိသူငယ် နားသူငယ်။

သူဆင်းရဲမကြီး၊ မေတ္တာရှင်မကြီးကတော့ သူတစ်ပါးကို





သနားဖို့၊ ခွင့်လွှတ်ဖို့၊ ကြင်နာဖို့ အသင့်။

"အရီး . . . သားမှားသွားတယ်၊ သားလေ ကျောင်းမှာ မိန္ဒန်း လင်နောက်လိုက်တဲ့သတင်း ကြားလာလို့ ဒေါသတွေ ဖြစ်နေရတဲ့ကြားထဲ . . . မမက ဟိုလူ့အတွက် ဟင်းတွေထည့်ပေးနေတော့ နှမတွေဟာ တယ်အရက်ခွဲပါလားဆိုပြီး ကြိတ်မနိုင် ခဲမရတွေဖြစ်ပြီး . . . အရီးကို ငယ်နိုင်၊ အမြဲဆိုးနေကျမို့ ပြောမိပြောရာတွေ ပြောခဲ့မိတာပါ၊ သားကို ခွင့်လွှတ်ပါနော်၊ အခု . . . မမ ရှင်ခွဲပြလိုက်လို့ အရီးရဲ့စေတနာကိုလည်း ရှင်းရှင်းလင်းလင်း၊ ကြည်ကြည်လင်လင်ကြီးကို မြင်သွားပါပြီ"

"သား . . . ဘယ်တော့မှ မဆိုးတော့ဘူးနော်၊ အရီးဆီလည်း မုန့်ဖိုးတွေ ကြိတ်ကြိတ်ပြီး စားပြတိုက်သလို မတောင်းတော့ပါဘူး . . . သား လိမ္မာပါပြီ"

အရီးရဲ့ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ရင်း ရှိုင်းသီရိ မျက်ရည်ကျနေလျှင် အရီးကြင်မှာ သားကို တင်းတင်းဖက်ရင်း မျက်ရည်တွေနှင့် တုန်တုန်ရီရီ ဖြစ်နေလေသည်။

"လူကလေးရယ် . . . အရီး ဘယ်တုန်းက ခွင့်မလွှတ်ဘဲ ရှိမလဲကွယ်၊ သားတို့ဟာ . . . အရီးရဲ့ကလေးလေးတွေပါပဲ၊ သားလေးဆိုးသမျှ အရီးက အမြဲကျေနပ်နေတာပါ၊ ငါ့သားလေး ဘွဲ့ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါစေ၊ သက်ရှည်ပါစေ၊ စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ပါစေကွယ်၊ ကဲ . . . ထ . . . ထ . . . ငါ့သားလေးကို အရီး ထမင်းကျွေးမယ်"

အရီးက ကိုရှိုင်းကို ကြင်နာယုယစွာနှင့် ထမင်းစားပွဲဆီသို့ ခေါ်မည်ပြင်လျှင် ကိုရှိုင်းက ဘရဏီဘက်သို့လှည့်ပြီး ညှိုးငယ်သောအသွင်ဖြင့် တောင်းပန်ပြန်သည်။

"မမကိုလည်း . . . ကျွန်တော် တောင်းပန်ပါရစေ"

"ပြောလေ မောင်လေး . . . ဘာကိုလဲ"

"မိန်းကလေးဘဝဆိုတာ ရွှေပင်နားရင် ရွှေကျေး၊ ရှင်ဘုရင်နဲ့ ညားတော့လည်း မိဖုရားပေါ့၊ မမရဲ့ လူကြီးမင်းနဲ့ လက်ထပ်လိုက်လို့ ဒီလိုဥစ္စာပစ္စည်းတွေ ခွဲဝေခံစားရတာဆိုရင် . . . ဒါဟာ တရားမျှတ သန့်ရှင်းစင်ကြယ်ပေမယ့် . . . အဲဒီလို မဟုတ်ဘူးဆိုရင်တော့ ဒီလို ဥစ္စာပစ္စည်းဟာ မိန်းကလေးတစ်ယောက်အတွက် အဆိပ်ပါ၊ ငါးမျှားချိတ်မှာ တပ်တဲ့ငါးစာပါပဲ၊ ငါးစာကို ဟပ်ရင်း ဟပ်ရင်း အဆိပ်ကို လျှာနဲ့လျက်ရင်း . . . မမဘဝ ဆုံးပါးသွားမှာကို ကျွန်တော် အရမ်းစိုးရိမ်တယ်"

ကိုရှိုင်း၏အသံက စိုးရိမ်မှုအပြည့်ဖြင့် စိုးနှံ့ကြေကွဲနေလျှင် ဘရဏီ ခံစားနားလည်နိုင်ပါသည်။

မောင်လေး ဘာကိုစိုးရိမ်နေတာလဲ။ သူမကတော့ လူကြီး





မင်းကို လုံးဝ ရာနှုန်းပြည့် စိတ်ချယုံကြည်ပါသည်။

သူဟာ . . . ဘရဏီကို ဆင်းရဲဒုက္ခရောက်အောင် ဘယ်တော့မှ လုပ်မှာမဟုတ်။

သို့သော် မောင်တစ်ယောက်၏ စိုးရိမ်ပူပန်မှုကိုတော့ သူမ ဂရုပြု၍ ဖြေရှင်းပေးရပါမည်။

"မမလည်း ဒီလို မဖြစ်ဘူး၊ သူကလည်း ဒီလို လူစားမျိုး မဟုတ်ပါဘူး ကိုရှိုင်းရယ်၊ ဒါတွေဟာ . . . ငါးစာ မဟုတ်ပါဘူး၊ သန့်ရှင်းပါတယ်၊ မမကလည်း ဒါတွေကို အပိုင်မယူပါဘူး၊ ပစ္စည်းကတော့ သူ့ပစ္စည်းတွေပါပဲ၊ မမက . . . အကျိုးအမြတ်သာ ယူတာပါ၊ မောင်လေး အစိုးရိမ်လွန်နေပြီ ထင်တယ်၊ ဟိုတုန်းက လမ်းဘေးမှာ အချိန်မရွေး ပျက်စီးသွားနိုင်တဲ့ အကာအကွယ်မဲ့ ဘဝ၊ အနိမ့်ဆုံးဘဝကိုတောင် ကျော်ဖြတ်ခဲ့ပြီပဲ၊ အခု . . . သူ မြှင့်တင်ပေးလို့ ဟန်ကျပန်ကျဘဝကို ရောက်လာမှ ဘာကို စိုးရိမ်လွန်နေရသလဲကွာ"

ဘရဏီ ရှင်းပြသော်လည်း ကိုရှိုင်းမှာ စိတ်မသက်သာရသေးပါ။

"ကျွန်တော် စိုးရိမ်တာက မမ သူ့ကို အရမ်းကျေးဇူးတင်၊ အရမ်းကိုးကွယ်လွန်သွားပြီး တစ်ခုခုဖြစ်သွားမှာ စိုးတာ၊ မမရဲ့ ကိုယ်ကျင့်တရားနဲ့ မမရဲ့ ရုန်းကန်တိုက်ပွဲဝင်နိုင်မှုကို ကျွန်တော် သိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လှိုင်းထန်တဲ့ပင်လယ်ပြင်မှာ လှေမနစ်ဘဲ ရေသေကျမှ လှေမှောက်တဲ့အဖြစ်မျိုး မမကို ကျွန်တော် အရမ်းစိုးရိမ်တယ်၊ ကျွန်တော်လေ . . . မမကို အခြေတကျနဲ့ လှလှပပဘဝအဖြစ် အရမ်းမြင်ချင်ပါတယ်၊ ကျွန်တော်တို့အတွက် ကိုယ့်ဘဝကြီးတစ်ခုလုံး စတေးလိုက်ရတာမျိုး၊ သင်္ဘောနစ်သလို တအိအိ နစ်မြုပ်သွားတာမျိုး မဖြစ်စေချင်ဘူး”

ပြောရင်းနှင့်ပင် ကိုရှိုင်း . . . မျက်ရည်များ ကျလာခဲ့လျှင် ဘရဏီ ကြည်နူးရပါသည်။

မောင်လေးရဲ့ရင်ထဲမှာ သူမအတွက် စေတနာ၊ မေတ္တာတွေ အများကြီး မဟုတ်ပါလား။

ဘရဏီ . . . မောင်လေးအနားသို့ သွားပြီး သူ့မျက်ရည်များကို ကြင်နာစွာ သုတ်ပေးမိပါသည်။

“မောင်လေး . . . ဒီအတွက် မပူနဲ့နော်၊ မမ . . . လုံးဝ ကတိပေးတယ်၊ ညီမလေး မိရွှန်းရဲ့ သတင်းကိုလည်း သား စုံစမ်းပါဦး၊ ယောက်ျားနောက်လိုက်တယ်ဆိုတာရော . . . ဟုတ်မှဟုတ်ရဲ့လားကွယ်၊ တို့ညီမလေး ဒီလောက် မမိုက်တန်ရာပါဘူး”

သူမတို့ပြောဆို၊ ငြိမ်းချမ်းရေး ရနေကြစဉ် အခန်းတံခါး ခေါက်သံကြားလိုက်ရသဖြင့် အရီးက သွားဖွင့်ပေးလိုက်သည်။





“ဟင်”

အခန်းတံခါးဝမှာ တွေ့လိုက်ရသည်က ရွှန်းသီရိ ဖြစ်ပါသည်။

❁ ○ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အရီးကိုဖက်ပြီး ရွှန်းသီရိ ရင်ကွဲပက်လက်နှင့် ငိုကြွေးနေလျှင် ဘရဏီမှာ စိုးရိမ်သောကတွေဖြင့် ရင်ပူဟပ်နေပြီး၊ ရှိုင်းသီရိကတော့ ဒေါသတွေ ထပ်မံပြီး ထွက်လာခဲ့ပြန်သည်။

"ငါ အတန်တန်တားနေတဲ့ကြားထဲက ချောင်းသာကို လိုက်ဖြစ်အောင် လိုက်သွားခဲ့တယ်၊ ခရီးထွက်တယ်ဆိုတာ ကိုယ့်အဖွဲ့နဲ့ကိုယ်၊ ကိုယ့်သူငယ်ချင်းနဲ့ကိုယ်ဆိုရင် တော်သေးတယ်၊ ခုတော့ သူများအုပ်စုထဲ တစ်ယောက်တည်း လိုက်သွားလိုက်တာ၊ ကဲ . . . အခုတော့ ကောင်းသေးရဲ့လား၊ ပြော . . . နင့်အကောင် . . .အနေ ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်လောက် မိုက်လုံးကြီးတာတော့ မရှိတော့ဘူး၊ ငါတို့ နှစ်ယောက်ကို မမနဲ့အရီး ဘယ်လိုပုံစံနဲ့ ကျောင်းထားပေးခဲ့ရသလဲ၊ နင် ကိုယ့်ဘဝကိုယ် သိဖို့ကောင်းတယ်၊ နင် . . . လူကြီးတွေကို စိတ်ဒုက္ခပေးလွန်းတယ်၊ နင့်ကို ငါ . . . သတ်ပစ်ချင်တယ် သိလား"

ကိုရှိုင်းပေါက်ကွဲနေလျှင် ဘရဏီနှင့် အရီးက ဖျောင်းဖျ ချော့မော့ရပြန်သည်။

"နေစမ်းပါဦး ကိုရှိုင်းရယ် . . . အကျိုးအကြောင်း မေးပါရ စေဦး၊ မိရွှန်း . . . ဒီလောက်မမိုက်တန်ရာပါဘူး"

"ဘာဗျ . . . ခုထိ မမိုက်သေးဘူးတဲ့လား၊ ကိုယ့်ဘဝကိုယ် ဘာဖြစ်လာသလဲ . . . ပြော၊ နှာခေါင်းကျည်ပွေ့ တွေ့လာပြီမဟုတ် လား၊ ယောကျ်ားလေးဘက်က ပြဿနာရှာပြီ မဟုတ်လား၊ ပညာ တစ်ပိုင်းတစ်စနဲ့ ဘဝကို နင် ဘယ်လိုဆက်မလဲ . . . ပြော"

ကိုရှိုင်းမှာ ဒေါသသက်သက်ဖြစ်နေတာ မဟုတ်ဘဲ ရင်ထု မနာ ဖြစ်နေသည်မှာ သူ့ရင်တစ်ခုလုံး ပွင့်ထွက်လုမတတ်။

ရွှန်းသီရိမှာလည်း ဘာစကားမျှ မပြောနိုင်တော့ဘဲ ကြမ်း ပြင်ပေါ်မှာ ခေါင်းငိုက်စိုက်ဖြင့် မျက်ရည်များ ကျနေရုံသာ တတ်နိုင် ပြီထင့်။

အရီး မနေသာတော့ပါ။ ရွှန်းသီရိကို ကြင်နာစွာဖေးမရင်း





. . . ရှိုင်းသီရိသို့ စကားဆိုရသည်။

"အရီးဟာ လူမိုက်အားပေးတာတော့ မဟုတ်ပါဘူး သား ရယ်၊ ဒီသမီးနှစ်ယောက်ကို အရီးတတ်နိုင်သလောက် အစွန်းအထင်း မရှိအောင် စောင့်ရှောက်နေတာပဲ မဟုတ်လား၊ ဒါပေမဲ့ အခု မိရွှန်း လေး ဘာဖြစ်လာသလဲ၊ သူ့ဒုက္ခကို ကူညီဖေးမ၊ သက်သာရာရစေ ဦးမှာပေါ့ကွယ်၊ သားက လိုမ့်အော်လိုမ့်ဆူနေတော့ သူ့ခမျာ နေစရာ မရှိအောင် သောကရောက်နေရှာပြီ၊ သူပြောတာ နားထောင်ပါဦး ကွယ်"

"ဟုတ်ပါတယ် မောင်လေးရယ် . . . သူပြောပါစေဦး"

ဘရဏီနှင့်အရီး တောင်းပန်လွန်းမှ ရှိုင်းသီရိမှာ အံတကြိတ် ကြိတ်ဖြင့် ခေတ္တငြိမ်သက်သွားသည်။

အားလုံးကို မျက်နှာငယ်ဖြင့် ရွှန်းသီရိ မော့ကြည့်ရပါသည်။ ကိုယ်တိုင် ဒဏ်ရာများဖြင့် ခံစားခဲ့ရသည်မှာလည်း သူမ တစ်ကိုယ် လုံး ချုံးချုံးကျလုလု။

"သမီး . . . ဒီလိုလုပ်ဖို့ မရည်ရွယ်ပါဘူး မမရယ်၊ မမျှော် လင့်ဘဲ သူနဲ့ လက်ထပ်ဖြစ်ခဲ့တာပါ"

"လက်ထပ်ပြီးသွားပြီလား . . . ဘယ်တုန်းကလဲ"

"ကျောင်းသာက ပြန်လာတဲ့နေ့ကပါပဲ၊ သူက . . . ညီမကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်လိုက်ပို့မယ်ဆိုပြီး . . .”

ရွှန်းသီရိ၏အသံ နစ်ဝင်သွားလျှင် ဘရဏီတို့အားလုံး ရင်ထုမနာဖြစ်နေကြရသည်။ ရှိုင်းသီရိကတော့ အားလုံးထက်ပိုသည်။

“နေစမ်းပါဦး . . . နင်တို့ ဘယ်တုန်းက ချစ်သူတွေ ဖြစ်သွားလို့လဲ၊ ငါ့ရှေ့ကနေပြီး နင် . . . ရည်းစားရသွားတာ ငါတောင်မသိလိုက်ပါလား”

ရွှန်းသီရိ ပြန်မဖြေရဲပါ။ တကယ်လည်း ချောင်းသာသွားသည့်အထိ မပွင့်လင်းသေးဘူး မဟုတ်လား။ လိုက်ချင်ဇောနှင့် လိုက်သွားမိပြီးခါမှ ဒီအခြေအနေထိ ရောက်သွားခဲ့တာ။

မိန်းကလေးဘဝဆိုတာ တစ်ချက်အမှားမခံပါလား။ သူမ . . . ဘယ်အချိန်ကစပြီး မှားတာလဲ။

စိုင်းဝေဟောင်နဲ့ စပြီး သိကျွမ်းခဲ့တာက မှားတာလား။ ကိုယ့်အဖွဲ့မဟုတ်ဘဲ ခရီးထွက်မိတာက မှားတာလား။ အို . . . နောက်ဆုံးသူက အိမ်ပြန်ပို့မယ်ဆိုပြီး . . . တရားရုံးမှာ လက်ထက်လိုက်ခြင်းဟာ အမှားဆုံးပေါ့။

အတောင်အလက်မစုံခင် အပျံသင်မိသဖြင့် ယခုတော့ သူမ ဒုက္ခလှလှ တွေ့ရပေတော့မည်။

“အခု . . . ဘယ်လိုဖြစ်လာတာလဲ၊ စိုင်းဝေဟောင်ရဲ့မိဘ





အသိုင်းအဝိုင်းက လက်မခံ၊ မကြည်ဖြူဘူး မဟုတ်လား၊ နင်ဟာဒေါင်းလိုပဲ၊ ဒေါင်းဆိုတာ အရွယ်ရောက်မှ၊ အတောင်အလက်စုံမှလှတာ၊ အတောင်အလက်မစုံခင် . . . ကချင်တော့ ဒီလိုဖြစ်မှာပဲ၊ အခု နင့်အသိုင်းအဝိုင်းကို သူတို့သိသွားတော့ မကြည်ဖြူတော့ဘူး မဟုတ်လား။ အနိပ်သည်ရဲ့ တူမ၊ အနှိပ်သည်ရဲ့ ညီမ၊ ဖွတ်မွဲပြာကျမှန်း သူတို့သိသွားပြီ မဟုတ်လား၊ နင့်နောက်မှာ ဆရာဝန်ဆိုတဲ့ဘွဲ့ကလည်း တပ်လို့ မရသေးဘူးလေ”

“တော် . . . တော်ပါတော့အစ်ကိုရယ် . . . ငါ့ကို သတ်သာပစ်လိုက်ပါတော့”

ရွှန်းသီရိ အသံက ရင်ကွဲပက်လက်ဖြစ်နေလျှင် အရီးနှင့်ဘရဏီမှာ ကိုယ့်ညီမကို ဖျောင်းဖျဖို့၊ ပြဿနာကို ကူညီဖေးမဖို့သာ ကိုယ်စီဆုံးဖြတ်မိတော့သည်။

“ကဲ . . . သား . . . မင်း ထမင်းသွားစားတော့”

“ဘယ်လိုလုပ် စားနိုင်မလဲဗျာ၊ ဒီလောက် သောကရောက်နေရတာ”

“မစားနိုင်လည်း အဲဒီမှာ ခဏနေ၊ ငါတို့ သူ့ကို အကျိုးအကြောင်းမေးရဦးမယ်၊ မင်း . . . ဘီလူးထွက် ထွက်နေတာနဲ့ သူဘာမှပြောရဲမှာ မဟုတ်တော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



အရီးနှင့်ဘရဏီမှာ ရွှန်းသီရိကိုခေါ်ပြီး သူ့အခန်းထဲသို့ ဝင်လာခဲ့ကြသည်။

ပြဿနာရှိရင် . . . အဖြေတော့ ရှိရမှာပေါ့လေ။

အဖြေမရှိတဲ့ ပုစ္ဆာဆိုတာ ဒီကမ္ဘာမှာ မရှိစကောင်းပါဘူး။

❦

"စိုင်းဝေဟင်က . . . ဦးစိမ်းအောင်ရဲ့သားပါ"

"ဘာ"

"ဦးစိမ်းအောင်က မမကိုသိတယ်၊ ညီမကို မြင်တာနဲ့ မမရဲ့ညီမမှန်းလည်း တန်းခနဲ သိခဲ့တယ်"

ရွှန်းသီရိ မချိတင်ကဲ ပြောနေခဲ့လျှင် ပြဿနာ၏အတိမ်အနက်ကို ဘရဏီတို့ ခန့်မှန်းမိသွားသည်။

အနိုပ်သည်ရဲ့ညီမနဲ့ ဘယ်ကြည်ဖြူနိုင်မလဲ။ ဦးစိမ်းအောင်ဟာ . . . ဘရဏီတို့ ရာဇဝင်ကို အသေအချာသိသူ၊ ပြီးတော့ သူ့အကြံအစည်တွေကို ဖျက်သည့် ရန်သူတော်ကြီးလည်း ဖြစ်သည်မဟုတ်ပါလား။

ဘရဏီမှာ တဒင်္ဂတော့ ကြက်သေ သေသွားမိခဲ့သည်။





ကိုယ့်အတွက်က အကြောင်းမဟုတ်ပေမယ့် ညီမဖြစ်သူခမျာ ကြားထဲက ဓားစာခံရတော့မှာလား။

"မေမေမြတ်ရော . . . ကျန်းမာရဲ့လား၊ သူ . . . စကားပြောနိုင်ပြီလား"

"ကျန်းမာလာပါတယ်၊ စကားလည်း နည်းနည်းချင်း ပြောလာခဲ့ပြီ၊ အဲဒီအတွက် စိုင်းအာကာနဲ့ နန်းဝတီတို့မောင်နှမတွေက မမကို တဖွဖွကျေးဇူးတင်နေကြပါတယ်၊ ညီမကိုလည်း ကူညီကြပါတယ်၊ ဒါပေမဲ့ ဦးစိမ်းအောင်က ညီမကို ရန်သူလို သဘောထားပြီး ချိုးချိုးဖွဲ့ဖွဲ့၊ နှိမ့်နှိမ့်ချချ လုပ်လွန်းတယ်"

"သည်းခံပေါ့အေ . . . ကိုယ်က လက်ထပ်ပြီးမှပဲ၊ ခေတ်ကာလသားသမီးတွေဟာ ဘယ်ကိစ္စမဆို အလျင်စလို ဆုံးဖြတ်တတ်ကြတယ်၊ အဲဒီတော့ ဒုက္ခရောက်ကြတော့တာပေါ့"

အရီးပြောသည်မှာလည်း နည်းလမ်းကျတာပါပဲ။ သို့သော် ရွှန်းသီရိမှာ မရဲတရဲ အယူခံဝင်မိသည်။

"သမီးသည်းခံပါတယ် အရီးရယ်၊ စလယ်ဝင် ဖင်မမည်းခင်က ကွဲတဲ့အဖြစ်လည်း မရောက်ချင်ပါဘူး၊ ဒါပေမဲ့ . . . ဒီနေ့ သူ့အဖေကြီးက သူ့သားနဲ့ သဘောတူထားတဲ့ ကောင်မလေးကို ခေါ်လာပြီး အပြန်မှာ သူ့ကို လိုက်ပို့ခိုင်းသေးတယ်၊ ခုတော့ . . အဲဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ သမီးရဲ့ငယ်ကျိုးငယ်နာတွေဖော်ပြီး . . . 'နင်ရော မနှိပ်တတ်ဘူးလား . . . ဘာလား' နဲ့ မေးပြီး အဲဒီကောင်မလေး ခေါင်းမူးနေတာကို နှိပ်ခိုင်းတယ်၊ သမီး . . . သည်းမခံနိုင်လွန်းလို့ ထွက်လာမိတာပါ၊ သမီး . . . သူ့ကိုမုန်းတယ်၊ သူ့အသိုင်းအဝိုင်းကို မုန်းတယ်၊ သမီးကို ပြန်ပြီး လက်ခံကြပါနော်၊ သမီး . . . နောက် ဘယ်တော့မှ မမိုက်တော့ပါဘူး"

ဒိုရင်းရှိုက်ရင်း . . . သူမ ကတိတွေပေးနေလျှင် အရီးနှင့် ဘရဏီမှာ သက်ပြင်းတွေချရသည်။

ဘဝတစ်ခုကို လွယ်လွယ်တည်ဆောက်၊ လွယ်လွယ်အရှုံးပေးလို့ ဖြစ်မတဲ့လား။

အကောင်းဆုံး စဉ်းစားပေးရမှာပေါ့။

"ကဲ . . . ညီမလည်း လောလောဆယ် သောကတွေများနေတယ်၊ အနားယူလိုက်ဦး၊ နောက်မှ . . . မမတို့ ကြည့်စီစဉ်ရမှာပေါ့၊ လူကြီးမင်းနဲ့လည်း တိုင်ပင်ဆွေးနွေးကြည့်ပေးမယ်"

"အရီး မေးပါရစေဦးအေ . . . ကိုရှိုင်း ပြောသလိုဆို ဒီချောင်းသာသွားမှ . . . သမီး ရည်းစားရတာ မဟုတ်လား၊ ချက်ချင်းကြိုက်၊ ချက်ချင်းယူချင်ရအောင် ဘယ်လိုတွေ တွေ့ကြုံဖြစ်ပျက်ခဲ့လို့လဲ သမီးရယ် . . . တစ်ဆိတ် မလွန်ဘူးလား"





အရီး . . . အံ့ဩတကြီး ရင်ဘတ်စည်တီးဖြစ်နေလျှင် ဖြစ်ပျက်ခဲ့သမျှကို . . . ရွှန်းသီရိ ရင်ဖွင့် ပြောပြရပါလေတော့သည်။

❦

ညစာ ထမင်းစားပြီးလျှင် ရွှန်းသီရိတို့ အဖွဲ့မှာ သောင်ပြင်တွင် မီးပုံပွဲလေး လုပ်ကြသေးသည်။

ဂစ်တာတီးသူက တီး၊ ဆိုသူက ဆို၊ ကသူက။ မုန်တိုင်းမလာခင် လေပြင်ညင်းတိုက်ခတ်သလိုမျိုး . . . ရွှန်းသီရိ အရမ်းကို ပျော်ရွှင်မိပါသည်။

ငါးကင်တွေ စားကြ၊ အချိုရည်တွေသောက်ကြ။ သို့သော် သူမ၏အချိုရည်က ရီဝေဝေ၊ မူးရှူရှူ။ ဒီအချိုရည်က ဒီလိုပဲလား။

ဆေးတက္ကသိုလ်ကျောင်းသူကြီးပေမယ့် အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲစွာဖြင့် ဘဝကို ကျော်ဖြတ်ခဲ့ရသူမို့ . . . ဒီအရာသာတွေ သူမ မသိပါ။

ညဝက်လောက်ကျမှ . . . မီးပုံပွဲသိမ်းပြီး အခန်းတွေသို့ ပြန်ကြလျှင် ပြဿနာက စတင်သည်။

ဇင်မိုးက . . . မိန်းကလေးတွေ၏အခန်းမှာ အစောင့်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့။ သူ့ဂျိုကျနေပုံက အော်ကျယ်ဟစ်ကျယ်။

"ငါက အအိပ်ကြမ်းတယ်ကွ၊ ဝက်လိုလည်း ဟောက်တတ်တယ်၊ တော်ကြာ ကောင်မလေး သုံးယောက် မနက်ကျ ငါဖိထားလို့ ပြားနေဦးမယ် . . . မဖြစ်ဘူး . . . မဖြစ်ဘူး . . .၊ ပြီးတော့ ငါက အိပ်ပျော်သွားရင် ဖင်ပေါ်ခေါင်းပေါ်နဲ့"

"မရဘူး ဟေ့ကောင် . . . မဲစနစ်နဲ့ ဆုံးဖြတ်ထားတာ၊ ကောင်မလေးတွေ ဖိချင်လည်း မရဘူး၊ အိတ်တွေ အလယ်မှာစီပြီး ကန့်ထားမှာ . . . ဆင်ခြေမထူနဲ့"

သို့သော် ဇင်မိုးက စိုင်းဝေဟင်ကို မြင်ထားပါသည်လေ။

"ဟေ့ . . . ဟေ့ . . . ဟိုကောင်လေး . . . ငါ့အခန်းထဲမှာ မင်းမမ ပါတာပဲ၊ ကိုယ့်ပစ္စည်း ကိုယ့်ဘာသာ စောင့်ရှောက်ပေတော့ ဟုတ်တယ် . . . ဟုတ်တယ် . . . ငါ့နေရာမှာ စိုင်းဝေဟင်ကို သွင်းမယ် . . . လွတ်ပြီ ကျွတ်ပြီဟေ့"

တကယ်ပင် . . . ဝမ်းသာအားရနှင့် နေရာချင်းလဲကြလျှင် ဖိုးကျိုင်းတုတ်ဖြစ်နေသည့် စိုင်ဝေဟင်သာ ရွှန်းသီရိတို့ အခန်းသို့ ပါလာခဲ့ပါသည်။





"ဟင်"

ညဦးဦး . . . အဲလေ . . . အိပ်ခါစက အခန်းကျဉ်းလေးထဲမှာ အိတ်တွေကိုအလယ်မှာထားပြီး သူမတို့က အတွင်းဘက်၊ စိုင်းဝေဟင်က အပြင်ဘက်မှာ နေရာယူထားတာ မဟုတ်လား။

တည်းခိုခန်း ဆိုပေမယ့် အခန်းသာပေးထားပြီး ခုတင်လည်း မရှိ၊ အိပ်ရာလည်း မပေးသည့်အခန်းမှာ . . . ယခုကျ ရွှန်းသီရိမှာ စိုင်းဝေဟင်ဘက်သို့ ရောက်နေပါလား။ ပြီးတော့ သူမကိုယ်ပေါ်မှာလည်း စိုင်းဝေဟင်ရဲ့ မျက်နှာသုတ်စောင်ကြီး လွှမ်းခြုံလို့။

ပြီး တော့ သူ့ရင်ခွင်ထဲမှာ သူမတစ်ကိုယ်လုံး နစ်ဝင်လျက်။

သူမ . . . ချွေးတွေ ရွှဲနစ်သွားပါ၏။

လူငယ်များပီပီ မည်သူမှလည်း စောင်တွေ၊ ခေါင်းအုံးတွေ ယူလာသည့် မဟုတ်ကြ။ ဒီလိုပဲ ဖြစ်သလိုစား၊ ဖြစ်သလို အိပ်ကြရတာကိုက အရသာ မဟုတ်ပါလား။

"ဘုရားရေ"

အပြင်ဘက်မှာ မိုးတွေကလည်း အုန်းအုန်းဒိုင်းဒိုင်း။ ရွှန်းသီရိမှာ လိပ်ပြာလွင့်မတတ်။ တစ်ခန်းလုံးလည်း မည်းလို့မှောင်လို့

သူမ နေရာမှ ရုန်းပြီး ဆတ်ခနဲ ထထိုင်လိုက်လျှင် . .



www.burmeseclassic.com

www.burmeseclassic.com



သူမအနားမှာ ဖက်အိပ်နေသည့် စိုင်းဝေဟောင်ထံမှ သက်ပြင်းချသံကို ကြားလိုက်ရသည်။

ပူထူနေသည့် ကိုယ်လုံးကို အနိုင်နိုင်သယ်ရင်း မှောင်ထဲမှာ အိတ်တွေကို ကျော်ပြီး တစ်ဖက်သို့သွားဖို့ ရွှန်းသီရိ ပြင်လိုက်လျှင် . . . သူက သူမ၏လက်တစ်ဖက်ကို ညင်သာစွာ ဆွဲထားပါ၏။

"လွှတ်နော် . . . ငါ့ကို ဘယ်လိုအစားမှတ်သလဲ"

လေသံဖြင့် သူမ ကြိမ်းမောင်းလျှင် သူ့ထံမှ အသက်ရှူသံများ ကြားနေရသည်။

"ချစ်တယ် မမရယ် . . . မခွဲနိုင်တော့ဘူးဗျာ"

"သေချင်လို့ သေသွားမယ် . . . ဖယ်"

အားမနာနိုင်ပါဘူး။ ကြံကြံဖန်ဖန် . . . ချစ်သူတွေလည်း မဟုတ်ဘဲနဲ့။ အင်း . . . ဟုတ်တော့ရော ဒီလိုလုပ်စရာလား။

ရွှန်းသီရိမှာ ဒေါသတွေကို ကျိတ်မျိုချပြီး တစ်ဖက်သို့ ပြန်ရောက်လာခဲ့သည်။ သို့သော် . . . တစ်ညလုံး အိပ်လို့မရတော့။ ထို့အတူ စိုင်းဝေဟောင်လည်း အိပ်လို့ရဟန် မတူတော့ပါချေ။

ရွှန်းသီရိ ရင်ထဲမှာ ဖြောင်းဆန်၊ အသည်းအူ ပြောင်းပြန်လှန်ပစ်သလို ခံစားနေရပြီ . . . သူ့ကိုယ်ငွေ့ နွေးနွေးမွှေးမွှေးကို ထိတ်လန့်စွာ သတိရနေမိသည်မှာလည်း ဘယ်တော့မှ မေ့ပျောက်တော့





မှာတဲ့လဲ။

❦

အခန်းထဲမှာ ရွှန်းသီရိရဲ့ ငိုရှိုက်သံသာလွှမ်းမိုးလျက်။

"နောက်နေ့က စပြီး သူနဲ့ညီမလေး . . . ချစ်သွားကြတယ်၊ မမ မခွဲနိုင်တော့ဘူး၊ ဒါပေမဲ့ ချက်ချင်းယူဖို့အထိ စိတ်မကူးမိပါဘူး မမရယ်၊ ပြန်လာတဲ့အချန်မှာ သူက လိုက်ပို့မယ်ဆိုပြီး မလိမ့်တပတ်နဲ့ လက်ထပ်လိုက်တာပါ"

"တော်ပါအေ . . . မစွန်းရင်းကလည်း ရှိ ကန်စွန်းခင်းက လည်း ငြိ၊ ကဲ . . . အခု ဘယ်လိုလုပ်ကြမလဲ"

ရွှန်းသီရိထံမှ အဖြေထွက်မလာပါ။ သူမတို့ပဲ အခြေအနေကို ကြည့်လုပ်ရတော့မည့်ပုံ။ သည်စဉ် အခန်းထဲသို့ ကိုရှိုင်း ဝင်လာခဲ့လေသည်။

"ဒီလို ငြိုးစလွယ်လုပ်လို့တော့ ဘယ်ရမလဲ၊ မိန်းကလေးတစ်ယောက်ကို လွယ်လွယ်ယူ၊ လွယ်လွယ်လွှင့်ပစ်လို့တော့ ဘယ်ရမလဲ၊ အသက်ချင်း လဲပစ်လိုက်မှာပေါ့"

"နေစမ်းပါဦး သားရယ် . . . အရီးတို့ စီမံကြပါဦးမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



အပ်တော့လည်း လုပ်ပေးပါလေ၊ ကဲ . . . သမီးလက်ထပ်စာချုပ်တွေ ပါလာရဲ့လား"

"ပါပါတယ် အရီးရယ်"

"ဟာ . . . အရီးကလည်း . . . ဒီစာချုပ်တွေက ဘာလုပ်လို့ ရမှာလဲဗျ၊ ကျွန်တော့်သဘောကတော့ . . ."

"နေ့စမ်းပါဦးဟာ . . . ကဲ . . . အားလုံး ခဏနားထောင် လိုက်ကြဦး . . . ထမင်းလည်း ဝင်တတ်သလောက် စားကြ၊ အချိန်မရှိ တော့ဘူး၊ ဆယ်နာရီတောင် ကျော်ပြီ"

ဘရဏီ သတိပေးတော့မှ စက်ရုပ်တွေကို သူတို့အားလုံး ထမင်းစားဖို့ သတိရကြသည်။

သည်စဉ် . . . အခန်းတံခါးခေါက်သံ ကြားလိုက်ရသဖြင့် သူမတို့ဖွင့်ကြည့်လျှင် အောင်ခိုင်မိုးကို တွေ့လိုက်ကြရသည်။ သူ့ အသွင်က စိုးရိမ်သောကတွေနှင့်။

"လူကြီးမင်း ဘာဖြစ်လို့လဲဟင် . . . သူ နေကောင်းရဲ့လား"

ကိုယ့်အိမ်တွင်းရေးတွေ ဘယ်လောက်ပင် ရှုပ်ထွေး ရှုပ် ထွေး သူ့အတွက်လည်း ဘရဏီ စိုးရိမ်ပူပန်မိပါသည်။

အဘယ်ကြောင့်ဆို . . .

သူဟာ . . . သူမရဲ့ ရင်ထဲက အရှင်သခင်မို့ပါ။





"နေမကောင်းဘူး၊ ညနေကပြဿနာ သိသွားတော့ နဂို နေမကောင်းချင်တာနဲ့ရောပြီး အခု . . . အကြောတွေတက်၊ ကိုယ် တွေ အရမ်းပူနေတယ်၊ ဆရာဝန်ဆီ ဖုန်းဆက်ပြီး နင့်ကို တိတ်တိတ် လာခေါ်တာ . . . အရီးပါ လိုက်ခဲ့ပေါ့"

လူကြီးမင်းအိမ်နှင့် သူမတို့အိမ်က မဝေးကွာလှပါ။ လမ်း တစ်လမ်းထဲမှာပါပဲ။

"အေးကွယ် . . . အေး"

အရီးပါ ထလိုက်မည်ပြင်လျှင် ရွှန်းသီရိမှာ မျက်စိမျက်နှာ ပျက်လျက်။ ကိုရှိုင်းနှင့် နှစ်ယောက်တည်း မကျန်ခဲ့လို။

"ကျွန်မပါ . . . လိုက်မယ်"

"သွားကြ . . . သွားကြ . . . တစ်အိမ်လုံး လိုက်သွားကြ"

ရွှန်းသီရိ မကျေနပ်သည်ဖြစ်စေ၊ နောက်ဆုံး သုံးယောက် စလုံးပင် အောင်ခိုင်မိုးနှင့်အတူ လိုက်သွားမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ယခုတော့လည်း လူမမာ၏ မျက်နှာက ပြုံးရွှင်ကြည်သာလျက်။

ဆရာဝန်က ဆေးကုသပေးပြီး ပြန်သွားခဲ့လျှင် ဘရဏီသူ့ကို နှိပ်နယ်ပေးမိပါသည်။ သူ့အခန်းထဲမှာ အောင်နိုင်မိုး၊ အရီးနှင့် ရွှန်းသီရိပါ ဝိုင်းထိုင်နေကြသည်မို့ စကားဝိုင်းက စိုစိုပြေပြေ။

"အောင်နိုင်မိုးရေ . . . အရီးတို့အတွက် စားစရာတစ်ခုခု စီစဉ်ခဲ့ပါဦး၊ လက်ဖက်ရည်တစ်အိုးလောက် ဖျော်ကွာ၊ ရှိတဲ့ မုန့်တွေပါ ယူခဲ့"

"ဟုတ်ကဲ့ပါ အာစရိ၊ မိရွှန်း . . . လာ . . . နင်ပါ [illegible]ကာသယ်



www.burmeseclassic.com

www.burmeseclassic.com



ဦး"

"ငါလည်း လိုက်သယ်ရဦးမလား"

အရီးက အူကြောင်ကြောင်ဖြင့် ဝင်မေးလျှင် အောင်နိုင်မိုးက သွက်လက်စွာပင် ခေါ်ထုတ်သွားဖို့ပြင်သည်။

"ဟာ . . . ကောင်းတာပေါ့ အရီးရယ်၊ လူမမာ အားရှိတာပေါ့"

"ဘယ်လိုကွဲ့"

"ဩော် . . . ဒီလူမမာက ရိုးရိုးဖျားတာ မဟုတ်ဘူး အရီးရဲ့၊ ပယောဂနဲ့ယှဉ်တဲ့ အဖျား"

"ဘယ်လို"

အရီးမှာ တောသူမကြီးပီပီ ယခုတိုင် ရိုးအ,နေခဲ့လျှင် အောင်နိုင်မိုးက စိတ်မရှည်တော့သည့်ပုံဖြင့် ဆွဲခေါ်သွားခဲ့သည်။

သူ့အခန်းထဲမှာ ဘရဏီတစ်ယောက်တည်း သူနှင့်အတူတူ ကျန်ခဲ့ရပါ၏။ ဘရဏီ့မျက်နှာလေး တစ်ခုလုံး တရှိန်ရှိန် နီရဲလာခဲ့ပြီး သူ့ကို နှိပ်ပေးနေသည့် လက်များမှာလည်း တုန်တုန်ယင်ယင်ဖြစ်လာခဲ့ကြသည်။

ဘုရားရေ . . . သူမ မူပျက်နေတာ သူသိသွားတော့မှာပါပဲ။ ရင်ထဲမှာ အရမ်းငိုချင်နေတာလည်း တားမရ၊ ဆီးမရ။ ရွှန်းသီရိ၏





ပြဿနာကို ဖြေရှင်းဖို့ အဖြေမရသေးလို့လည်း ပါပေမည်။

ဝေဒနာတွေ ရှုပ်ရှုပ်ထွေးထွေးဖြင့် ဘရဏီ ကျိတ်ပြီး ငိုရှိုက်မိလျှင် အိပ်ရာပေါ်မှာ ထိုင်လျက် အနှိပ်ခံနေသည့် လူကြီးမင်းက သူမကို ရင်ခွင်ထဲသို့ ဆွဲလှည့်ယူလိုက်သည်။

"ဘာတွေခံစားနေရသလဲ ကလေးရယ်၊ ကိုယ်က အခုပဲ ပြန်ကောင်းသွားမှာပါ . . . မသေပါဘူး"

သိလျက်နှင့်သူ တမင်ကျီစယ်နေတာလား။ ဖျားတာလောက်နှင့်မသေမှန်း သူမ သိတာပေါ့။

ငိုမိတာက ရင်ထဲမှာ မထွေးနိုင်၊ မမျိုနိုင်သည့် အချစ်များနှင့် ညီမအတွက် ပြဿနာကြောင့် မဟုတ်ပါလား။

ရင်ခွင်မှာ တင်းတင်းဖက်ထားပြီး . . . သူမ၏ပခုံးပေါ်မှာ လူကြီးမင်းက မေးတင်ပြီး ကြည်နူးစွာ ပြုံးလိုက်သည်။

"ကိုယ့်ကို အရမ်းချစ်တယ် မဟုတ်လား၊ ဟန်မဆောင်နဲ့တော့ကွယ်၊ ကိုယ် . . . ဖေဖေနဲ့ မေမေကို အကြောင်းကြားထားတယ်၊ မနက်ဖြန် လာမှာ၊ သန်ဘက်ခါကျရင် လက်ထပ်မှာ"

"ရှင်"

မယုံနိုင်စရာကြီးပါ။ ဘယ်လိုမိဘက အနှိပ်သည်မလေးနှင့် ကိုယ့်သား အဖိုးတန်ကြီးကို ချက်ချင်း သဘောတူနိုင်မှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူက ကိုယ့်အားကိုယ်ကိုးနိုင်သူမို့ ငွေရေးကြေးရေးအတွက် အမွေဖြတ်မှာတွေ ဘာတွေ မပူပင်ရသော်လည်း မိဘများ သေခန်း၊ ရှင်ခန်းဖြတ်မှာ၊ စိတ်ဆင်းရဲမှာကိုတော့ ဂရုစိုက်ရပါလိမ့်မည်။

"တကယ်ပြောတာ အချစ်ရဲ့၊ ကိုယ့်မိဘတွေအကြောင်း ကိုယ် သိပါတယ်၊ စိတ်နှလုံးဖြူစင်ကြသူတွေပီပီ လူတစ်ယောက်ရဲ့ အကာနဲ့အနှစ်ကို ခွဲခြားတတ်ကြပါတယ်၊ ဘုရားရှင်ထဲက တန်ဖိုး မဖြတ်နိုင်တဲ့ နှလုံးသားကို သူတို့ မြင်ကြမှာပါ . . . သေချာပါတယ်"

"ဘရဏီတော့ ကြောက်ပါတယ်ရှင်၊ တော်ကြာ မြွေပူရာ ကင်းမှောင့် . . . လောလောဆယ်တောင် ညီမလေးအတွက် အရမ်း စိတ်ဆင်းရဲနေရတဲ့ကြားထဲ ဘရဏီ အသည်းမကွဲချင်ဘူး"

"ရွှန်းသီရိက ဘာဖြစ်တာလဲ၊ သူ့ကောင်လေးဘက်က သဘောမတူလို့လား"

"ဟင် . . . သူ . . . သူ ယောကျ်ားရသွားတာ လူကြီးမင်း သိတယ် . . . ဟုတ်လား"

ဘရဏီ မျက်လုံးပြူးနေလျှင် သူကတော့ ခပ်ပြုံးပြုံး။

"ကိုယ်က မင်းအတွက်ဆို သိကြားမင်းကြီးလုပ်ချင်တာပါ၊ ပွဲထဲမှာ ဘိုးတော်သိကြားမင်းကြီး ပေါ်လာရင် သေတဲ့လူလည်း ရှင် တယ်၊ မျက်စိကန်းတဲ့လူလည်း ပြန်မြင်တယ်၊ အားလုံး အဆင်ပြေ





သွားစေရမယ်၊ မနေ့က ဆေးတက္ကသိုလ်ထဲ သွားပြီး ရွှန်းသီရိကို သွားရှာတော့ သူ့သူငယ်ချင်းတွေ ပြောလိုက်လို့ အကျိုးအကြောင်း သိခဲ့တာပါ"

"ဘာလုပ်ရအောင် သွားတာလဲဟင်၊ ဒီလိုပါ . . . လူကြီး မင်းနဲ့ဘရဏီနဲ့ပဲ သိတာမဟုတ်လား၊ သူတို့နဲ့ ဘယ်တုန်းက သိလိုက် လို့လဲလို့ပါ"

"တစ်လတစ်ခါ ကျောင်းစရိတ်သွားပေးနေကျလေ၊ အဲဒါ လည်း ဘရဏီ သက်သာအောင် ကူတာပါပဲ"

"ရှင်"

ဘရဏီ . . . သူ့ကို ရင်ခွင်ထဲမှ မော့ကြည့်လျှင် လူကြီးမင်း က သူမ၏နဖူးကို ညင်သာစွာ မွှေးလေ၏။

"ဒါကြောင့် ပြောတာ၊ ကိုယ်ဟာ . . . မင်းအတွက်ဆို ဘိုး တော်သိကြားမင်းကြီးပါလို့"

သည်စဉ် . . . အောင်နိုင်မိုးတို့အဖွဲ့၏စကားပြောသံ၊ ခြေသံ များကို အခန်းပြင်မှ ဆူညံစွာ ကြားလိုက်ရသဖြင့် ဘရဏီ သူ့ရင်ခွင် ထဲမှ လျှင်မြန်စွာ ထွက်ရသည်။

အောင်နိုင်မိုး အသံပေးတာပေါ့ . . . လူလည်။

"ဆရာ နေကောင်းသွားပြီလား၊ ဘရဏီက အရမ်းအော်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အနိုပ် . . . အနိုပ်"

ပြုံးပြုံးကြီးနှင့် သူ . . . စ . . . လျှင် . . . လူကြီးမင်းက လက်ဖက်ရည်တစ်ခွက် လှမ်းတောင်းခဲ့သည်။

"စကားများလိုက်တာကွာ၊ ငါ့လည်း တစ်ခွက်ပေးပါဦး"

လူမမာကပင် စတင်စားသောက်လျှင် ဘရဏီတို့ တစ်ဖွဲ့လုံးလည်း စားသောက်ကြပါ၏။

ပြီးလျှင် လူကြီးမင်းက ရွှန်းသီရိကို စတင်စကားပြောခဲ့သည်။

"ရွှန်းသီရိ"

"ရှင်"

ရွှန်းသီရိမှာ လူကြီးမင်းကို ယခုမှ သေသေချာချာ ကြည့်မိပါ၏။ သူ . . .

ယခုမှ သူမ ရေရေရာရာ နားလည်သွားပါ၏။ မမဘရဏီကြောင့် ကူညီတာကိုး။

သူမတို့မောင်နှမက ကိုယ့်အစ်မကို အနိုပ်သည်ရယ်လို့ အထင်မကြီးကြပေမယ့် သူ့စိတ်ဓာတ်၊ သူ့နှလုံးသားကို တန်ဖိုးထားတတ်၊ သိမြင်တတ်သူလည်း ရှိပါလား။

ကိုယ့်မင်းသားကရော ကိုယ့်ကို တကယ်ပင် ကြင်နာမြတ်





နိုးပါရဲ့လား။ တဒင်္ဂသာယာမှုကို တပ်မက်ပြီး လျင်မြန်စွာ လက်ထပ်ခဲ့တာလား။

မျက်ရည်များနှင့် သူမ ညှိုးနွမ်းနေခဲ့လျှင် မြင့်မှူးနှစ်သိမ့်မိပါသည်။

"ဘာမှစိတ်မပူနဲ့နော်၊ အားလုံးအဆင်ပြေသွားအောင် စီစဉ်ပေးပါ့မယ်၊ စိုင်းဝေဟင်တို့ဘက်ကို တို့သွားညှိမယ်"

"ဦးမြင့်မှူးက သူတို့အိမ်နဲ့သိလို့လား"

"သိတော့ မသိဘူးပေါ့၊ ဒါပေမဲ့ . . ."

"မရနိုင်ပါဘူးရှင်၊ သူစိမ်းတွေဝင်ပါတာ သူတို့က လက်ခံမှာမဟုတ်ပါဘူး"

ပြောရင်းပင် ရွှန်းသီရိမှာ မျက်ရည်များ ကျလာခဲ့လျှင် အားလုံးပင် စိတ်မကောင်းဖြစ်ကြရပါသည်။

"သူတစိမ်းမဟုတ်တဲ့နည်းနဲ့ ကူညီမှာပေါ့ကွယ်၊ ဘာမှ စိတ်မဆင်းရဲနဲ့ ဟုတ်ပြီလား၊ ကဲ . . . ညဥ့်လည်းနက်ပါပြီ၊ မနက်ဖြန်မှ တွေ့ကြတာပေါ့ကွာ"

လူကြီးမင်းကို နှုတ်ဆက်ပြီး ဘရဏီတို့ ပြန်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဘဝဆိုတာ အိပ်မက်ပါပဲ။

တစ်ခါတစ်ရံမှာ မထင်မှတ်တာတွေ ဖြစ်လာကြပါသလား။

ရှင်ဘုရင်နဲ့ ညားတော့ မိဖုရား . . . တဲ့။

အနှိပ်သည်လေးဘဝမှ . . . လူကြီးမင်းနှင့် ခမ်းနားစွာ လက်ထပ်ဖြစ်ခဲ့ရတာသည် . . . သူမအတွက်တော့ ထမင်းလုံး တစ္ဆေ ခြောက်ခံရသည်နှယ်။

ယခုတော့လည်း အရာအားလုံးသည် အဆင်ပြေချောမွေ့လျက်။

ညီမလေး ရွှန်းသီရိအတွက်လည်း စိတ်အေးရလေပြီ။

ရွှေစထားစာပေ

www.burmeseclassic.com

www.burmeseclassic.com



စိုင်းဝေဟောင်တစ်ယောက် ဖခင်၏စွန့်ပစ်မှုကို ခံယူပြီး ရှမ်းသီရိရှိရာသို့ လိုက်လာခဲ့ရာတွင် . . . သူ့အသိုင်းအဝိုင်းကြီး တစ်ခုလုံး ဒေါသူပုန်ထပြီး နင်းဖျစ်ပြောဖို့၊ ဆိုဖို့၊ နောက်မှ ပါလာသည့်နေ့က အဖြစ်အပျက်ကို . . . ဘရဏီ ပြန်ပြီးတွေးမိလျှင် ချစ်ခင်ပွန်းကို အရမ်းကျေးဇူးတွေတင်နေမိပါ၏။

သည်အရေးတွေကို မြင်သဖြင့် . . . သူမကို . . . သူ့မိဘနှစ်ပါးရှေ့မှာ လျှင်မြန်စွာ လက်ထပ်ခဲ့ခြင်းပါပဲ။

သိန်းပေါင်းများစွာကုန်အောင် . . . အကြီးအကျယ် ခမ်းခမ်းနားနားကြီး မင်္ဂလာဆောင်တာမျိုး မပြုလုပ်ခဲ့ရပေမယ့် တစ်သက်မှာ တစ်ခါ၊ အပျော်ဆုံး၊ စိတ်အချမ်းသာရဆုံး ပွဲကလေးပါပဲ။

လူကြီးမင်း၏မိဘနှစ်ပါးကလည်း တိုင်းပြည်ရဲ့အခြေခံလူတန်းစား၊ လယ်သမား ကိုင်းသမားတွေပီပီ . . . ဘရဏီကို နှစ်သက် ကြည်ဖြူ ကရုဏာသက်နိုင်ကြပါသည်။

သျှောင်နောက် ဆံထုံးပါ ဆိုသလို . . . လက်ထပ်ပြီးလျှင်ပြီးချင်း . . . လူကြီးမင်း၏အိမ်သို့ ဘရဏီတို့အားလုံး ပြောင်းရွှေ့ခဲ့ကြပြီမို့ . . . စိုင်းဝေဟောင်၏အသိုင်းအဝိုင်းတွေ ကားနှင့်လိုက်လာခဲ့ကြလျှင် ခမ်းနားထည်ဝါသည့် လူကြီးမင်း၏ နှစ်ထပ်တိုက်လုံးချင်းအိမ်မှာ တွေ့ဆုံကြရပါသည်။

ရွှေစကားစာပေ



သူတို့အားလုံးမှာ မျက်စိတွေလည်လျက်။

"ဘယ်လိုဖြစ်တာလဲ . . . အနိုပ်သည်မျိုးရိုးဆို"

လှပထည်ဝါသည့် ဧည့်ခန်းထဲမှာ သူတို့အုပ်စုထိုင်ဖြစ်ကြလျှင် . . . စိုင်းဝေဟောင်၏မိခင်က သူ့သမီးများကို လှည့်မေးသည်။

"အစကတော့ သူ့အစ်မက အနိုပ်သည်ပဲ၊ အခုမှ ဘာတွေဖြစ်ကုန်ကြတယ် မသိဘူး"

စိုင်းဝေဟောင်၏ အမေနှင့် အစ်မ သုံးယောက်မှာ ဘယ်သူမှ ပေါ်မလာကြသေးသည့် ဧည့်ခန်းထဲ စကားတွေတီးတိုးပြောနေကြစဉ် လူကြီးမင်းနှင့် သူ့မိဘနှစ်ပါးက အရင် . . . ဧည့်ခန်းထဲသို့ ထွက်၏။

အားလုံးကို ဖော်ရွေစွာ ပြုံးပြပြီးလျှင် မြင့်မှူးက စတင်စကားပြောလေသည်။

"ကျွန်တော်က ဘရဏီနဲ့ လက်ထပ်လိုက်တဲ့ ဘရဏီ့ခင်ပွန်းပါ၊ ဒါ . . . ကျွန်တော်ရဲ့လိပ်စာကတ်ပါ"

"ဟင် . . . ဘရဏီ့ကို လက်ထပ်တယ်၊ မိဘတွေကရော ကြည်ဖြူရဲ့လား"

ဒါက . . . စိုင်းဝေဟောင်ရဲ့အစ်မများပါးစပ်မှ စကားသံဖြစ်သည်။ မြင့်မှူး ပြုံးလိုက်မိပါသည်။

ရွှေစကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . ကျွန်တော့်ရဲ့မိဘနှစ်ပါးပါပဲ၊ လူတွေဟာ . . . တန်ဖိုးထားတဲ့ 'စံ' ချင်း မတူညီကြဘူး မဟုတ်လား၊ လူတချို့က အပေါ်ယံ ပကာသနဖြစ်တဲ့ ရွှေငွေဥစ္စာပစ္စည်း၊ ဂုဏ်၊ ထင်ပေါ်ကျော်စောမှုတွေကိုမှ အထင်ကြီး၊ တန်ဖိုးထားတတ်ကြပေမယ့် ကျွန်တော်တို့ အသိုင်းအဝိုင်းကတော့ လူကိုကြည့်တဲ့အခါမှာ အဲဒီလူရဲ့ ကိုယ့်ကျင့်တရား၊ နှလုံးသားနဲ့ အနစ်နာခံနိုင်မှု၊ စာနာနားလည်မှု၊ လူသားပီသမှုတို့ကို ပိုပြီးတန်ဖိုးထားပါတယ်"

စိုင်းဝေဟာင်၏ အမေနှင့် အစ်မများမှာ . . . လူကြီးမင်း၏ စကားရေယဉ်တွေ မျောပါလျက်။

"အစ်မကြီးတို့ဘက်က ရွှန်းသီရိက အနှိပ်သည်မလေး ဘရဏီရဲ့ ညီမဖြစ်တဲ့အတွက် သဘောမတူကြလို့ ဆိုကြပါတယ်၊ ရွှန်းသီရိကိုယ်တိုင်ကတော့ လက်ခံနိုင်စရာ မဟုတ်လား၊ ရုပ်ရည်ချောမောလှပတဲ့၊ အလားအလာကောင်းတဲ့ ဆေးတက္ကသိုလ်ကျောင်းသူလေးတစ်ယောက်ပါ"

"ဘရဏီတို့ မိသားစုရဲ့ အကြောင်းနဲ့ သူ့စွမ်းဆောင်မှုတွေကို ကျွန်တော် ပြောပြပါ့မယ်"

လူကြီးမင်းက . . . ဘရဏီ့ဖေဖေနှင့်မေမေ၏အဖြစ်ဆိုးနှင့် ကြုံသလို ကျသလို . . . ညီ ညီမများအပေါ် ပြုစုပျိုးထောင်၊





မြေတောင်မြှောက်ပေးခဲ့သည့် ဘရဏီနှင့် အရီးအကြောင်းကို ပြောပြလိုက်သည့်အခါ စိုင်းဝေဟာင်၏အမေနှင့်အစ်မများ၏မျက်နှာများမှာ နူးညံ့ပျော့ပျောင်းလာခဲ့ကြလေသည်။

"ဩော် . . . ဘရဏီ့ခမျာ အငယ်တွေအတွက် အနစ်နာခံလိုက်ရရှာတာကိုး"

"ကျွန်မ . . . ဘယ်တုန်းကမှ ဒီလိုမတွက်ခဲ့ဖူးပါဘူးရှင်၊ အိမ်ထောင်စုရဲ့ အကြီးအကဲပီပီ . . . ကျွန်မတာဝန်ကို ကျွန်မ ထမ်းဆောင်တယ်လို့ပဲ ယူဆခဲ့ပါတယ်"

အနီးဆုံးအခန်းတစ်ခုထဲမှာ လူကြီးမင်း၏စီစဉ်မှုအရ စောင့်ဆိုင်းနေကြရသည့် ဘရဏီတို့ တစ်ဖွဲ့လုံး ဧည့်ခန်းထဲသို့ ဝင်ခဲ့ကြပါသည်။

လင်းလက်လှပနေသည့် ဘရဏီ့အသရေကို အံ့သြငေးမောရင်း 'လူ့တန်ဖိုး' ဆိုတာကို သူတို့နားလည်လိုက်ကြရပါသည်။

လူကြီးမင်း၏မိဘနှစ်ပါးကလည်း ဝင်ရောက်ပြောဆိုကြပါသည်။

"ဦးကြီးတို့ကတော့ အပေါ်ယံ လှပတောက်ပြောင်တဲ့ မိန်းကလေးတွေထက် . . . ဒီလိုမျိုး . . . အနှစ်ပြည့်တဲ့ မိန်းကလေးမျိုးကိုမှ ပိုသဘောကျတယ်၊ လောကဓံနဲ့ ရင်ဆိုင်ရတဲ့အခါ နူးမညွတ်



www.burmeseclassic.com

www.burmeseclassic.com



မယ့် မိန်းကလေးမျိုးမို့ သားအတွက် ပိုပြီးစိတ်ချမိတယ်"

ဧည့်ခန်းထဲမှာ အားလုံး အမြင်တွေကြည်လင်ကုန်ကြပေပြီ။

ရှိုင်းသီရိမှာ အပြင်သို့ ထွက်နေသဖြင့် အိမ်မှာ ရွှန်းသီရိ၊ အရီးနှင့် ဘရဏီတို့သာ ရှိနေကြသည်။

"သားရော . . . အငယ်လေးရော"

အိမ်မှာ အငယ်ဆုံးသားမို့ အစ်မတွေ၊ မအေတွေ အချစ်ပြင်းသမျှ စိုင်းဝေဟင်က အခန်းထဲမှာ ပုန်းအောင်းလျက်။

ရွှန်းသီရိမှာ မရွံ့မရဲ ပြောရပါသည်။

"သူ့ကို ပြန်ခေါ်သွားကြမှာစိုးလို့ ပုန်းနေပါတယ် မေမေ၊ ငါ့မေမေနဲ့ မမတို့က မလွယ်ဘူး၊ အတင်းဖမ်းခေါ်သွားမှာ . . .တဲ့"

ရွှန်းသီရိစကားကြောင့် အားလုံးရယ်မောနေကြစဉ် . . . အိမ်ရှေ့သို့ နောက်ကားတစ်စီး ဆိုက်လာခဲ့ပြန်သည်။ ဆင်းလာသူမှာ မေမေမြတ်၊ စိုင်းအာကာနှင့် နန်းဝတီ။

"ဟော . . . မမမြတ်တို့ လိုက်လာကြပါလား"

"ဟုတ်တယ် . . . မေမေ၊ မေမေမြတ်ကို ခုလို . . . သွားနိုင်လာနိုင်အောင် နှိပ်ပေးတာ . . . ဒီ . . . ဘရဏီပါ"

"ဟော . . . နင်တို့ ဘာလို့မပြောကြသလဲ၊ ဒီအကြောင်းကို





ဘာလို့ မြှုပ်ထားတာလဲ"

"ဖေဖေ့ကို ကြောက်လို့ပါ မေမေ၊ ဖေဖေက ဘရဏီကို အငြိုးထားတော့"

"အောင်မယ် . . . သင်းတော့ တွေ့ဦးမယ်"

သည်စဉ် . . . အခန်းထဲမှာ အားလုံးစုံညီကြပေပြီ။

"ငါ့တူလေးရော ဘယ်မှာလဲ၊ သင်းတို့ မပေးစားကြရင်နေ၊ ဒီ . . . သမီးရဲ့ညီမလေးနဲ့ ငါ့တူကို ငါကိုယ်တိုင် လက်ခံမယ်၊ တာဝန်ယူမယ်"

မေမေမြတ် . . . စိတ်ဆိုး . . . မာန်ဆိုးပြောနေလျှင် ပုန်းပြီးချောင်းကြည့်နေရာမှ စိုင်းဝေဟင် ပြေးထွက်လာခဲ့တော့သည်။

ဧည့်ခန်းထဲမှာ ဆူညံ၊ ဆူညံနှင့် မင်္ဂလာကိစ္စကို စီစဉ်နေကြလျှင် ဘရဏီမှာ ညီမငယ်အတွက် စိတ်အေးရပြီး၊ လူကြီးမင်းကိုတော့ ချစ်မြတ်နိုးစွာ ကြည့်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

လရိပ်ဖြာနေသည့် လသာဆောင်မှာ မြင့်မှူးက ပက်လက်ကုလားထိုင်တစ်လုံးတွင် ထိုင်နေပြီး၊ ဘရဏီက သူ့နောက်ဘက်ထိုင်ခုံလေးမှာ ကပ်ထိုင်နေလေသည်။

သူ့ကို နှိပ်ပေးရတာ မပျင်းပေမယ့် . . . သူ့ကို ကျီစယ်လိုသဖြင့် ပျင်းချင်ယောင်ဆောင်ပြီး ဘရဏီ သူ့ပခုံးပေါ်မှာမေးတင်၊ အပျင်းအိုးလေးယောင်ဆောင်လိုက်သည်။

သည်အခါ သူက ကြင်နာမြတ်နိုးစွာ လှည့်ကြည့်သော်လည်း လေသံခပ်ထန်ထန်ဖြင့် အမိန့်ပေးလေ၏။

"နှိပ်လေ . . . နှိပ်လေ . . . ဒီမှာဖြင့် သူ့ကို[illegible]လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရတာနဲ့ . . . ညောင်းလို့"

"ဟင့်အင်းကွာ . . . ပျင်းတယ်၊ သူပဲ . . . ဘရဏီ့ကို အနှိပ်သည် ဘဝကလွတ်အောင် လုပ်ပေးတာဆို"

"ဒါပေမဲ့ . . . ကိုယ့်အတွက်တော့ အမြဲနှိပ်ပေးရမယ်လေ၊ ကိုယ်က . . . ဒီအနှိပ်သည်လေးကို ကိုယ့်မှာ ရှိသမျှအရာအားလုံးနဲ့ ချိန်စက်ပြီး လဲလှယ်ထားရတာ"

"ဗိုပြီ"

"မပိုပါဘူးကွာ၊ တကယ်ပဲ ကိုယ့်မှာရှိတဲ့ မေတ္တာသစ္စာ၊ အကြင်နာ၊ ငွေကြေးခနေဥစ္စာတွေ အားလုံးနဲ့ လဲလှယ်ရယူထားခဲ့ရတာပါ။ ကဲ . . နှိပ် . . နှိပ် . . ကျောင်းအမ . . . ခိုလို့ မရဘူးနော်"

လူကြီးမင်းက ခပ်တည်တည်ပြောပြီး ဇိမ်လုပ်အနှိပ်ခံနေလျှင် သူ့ကို အလွန်စေတနာရှိသည့် ဘရဏီကလည်း ကြင်ကြင်နာနာနှင့်ပင် ဆက်လက်နှိပ်ပေးနေလေရာ . . .

ချစ်သူနှစ်ယောက်၏ကမ္ဘာသို့ ကြည်လင်အေးမြသည့် လရောင်ကလေးက . . .လင်းလက် လဲ့ဖြာလို့ ကျနေလေတော့သည်။

ကြယ်စင်မှူးဝေ

၁၀.၈.၀၆

ကြယ်စင်မှူးဝေ




ရွှေကောကားစာပေ မှ မကြာမီထွက်ပါတော့မည် ...။


Ph: 09-500 6078

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကြယ်စင်မှူးဝေ



လရိပ်ဖြာတဲ့ သစ်ပင်

www.burmeseclassic.com